စိတ်ကူးချိုချိုအနုပညာ

နေဇင်လတ်


# အမေရိကန်အလွန်

FAREED ZAKARIA

# THE POST-AMERICAN WORLD

mgyoe.com

mgyoe.com




# အမေရိကန်အလွန်

နေဇင်လတ်

mgyoe.com

mgyoe.com

၉၇၃

နေဇင်လတ်

အမေရိကန်အလွန် / နေဇင်လတ် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၂၈၆ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

မူရင်းအမည် - The Post-American World

by Fareed Zakaria

(၁) ဘာသာပြန်သူ - နေဇင်လတ်

(၂) အမေရိကန်အလွန်



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၅၁၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၅၀၀၇၀၉ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၉ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

# မာတိကာ


- စာရေးသူအမှာ က

အခန်း (၁) ကျန်သူများအတွက် ၁

အခန်း (၂) အရှေ့တစ်ခု၏အပြောင်း ၇
- အစ္စလာမ်ခြိမ်းခြောက်မှု ၁၂
- မဟာကျယ်ပြန့်မှု ၂၀
- အင်အားသုံးရပ်
နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာ ၂၄
- များပြားခြင်း၏ပြဿနာ ၂၉
- အမျိုးသားရေးဝါဒတိုးတက်လာသည် ၃၅
- နောက်ဆုံး စူပါ–ပါဝါ ၄၄

အခန်း (၃) အနောက်မဟုတ်သောကမ္ဘာ ၅၅
- သန့်စွမ်းမှုသည် ချည့်နဲ့မှုဖြစ်သည် ၆၄
- ယဉ်ကျေးမှုသည်အနာဂတ်လား ၆၇
- အောင်နိုင်ခြင်းကိုဖျက်ဆီးရာ ၇၃
- အနောက်ကမ္ဘာဆန်စေခြင်း ၇၇


mgyoe.com

mgyoe.com


– ခေတ်မီတိုးတက်စေခြင်း ၇၂

– အခင်းအကျင်းဟောင်း၏နိဂုံး ၇၅

အခန်း (၄) ဆန့်ကျင်ဘက်အနာဂတ် ၉၁

– စိန်ခေါ်သူ ၉၇

– ဗဟိုစီမံကိန်းအလုပ်ဖြစ်ရဲ့လား ၁၀၄

– တောက်ပမှုကိုဖုံးကွယ်၍ ၁၁၆

– ဘုရားသခင်နှင့်နိုင်ငံခြားရေးမူဝါဒ ၁၂၀

– ကြီးလွန်းလို့မပုန်းနိုင် ၁၂၈

– နဂါးနှင့်လင်းယုန် ၁၃၉

အခန်း (၅) မဟာမိတ် ၁၄၅

– အောက်မှအထက်သို့ ၁၅၀

– အစိုးရအတွက်မရှိမဖြစ် ၁၅၇

– မျက်မမြင်နှင့် သွားမရှိသူ ၁၆၅

– လင်းယုန်နှင့်နွား ၁၆၉

– ဟိန္ဒူတို့၏ကမ္ဘာ့အမြင် ၁၇၂

– ချူကလီးယားပါဝါ ၁၇၈

– ပထဝီဝင်အနေအထား ၁၈၂

အခန်း (၆) အမေရိကန်ပါဝါ ၁၈၈

– ဗြိတိန်ခေတ် ၁၉၀

– ဗြိတိသျှတို့ကျဆုံးခြင်း ၁၉၂

– အံ့သြဖွယ်ရာဗြိတိသျှတို့၏ပါဝါအတက် ၁၉၅

– နိုင်ငံရေးကောင်းနှင့် စီးပွားရေးဆိုး ၁၉၈

– အမေရိကားရေရှည်ခရီး ၂၀၂


mgyoe.com

mgyoe.com


– အနာဂတ်က အနားမှာ ၂၀၄

– အမေရိကန်၏အကောင်းဆုံးလုပ်ငန်း ၂၀၉

– စဉ်းစားနိုင်ဖို့သင်ယူပါ ၂၁၃

– အမေရိကန်၏လျှို့ဝှက်လက်နက် ၂၁၇

– ကျယ်ပြန့်သောမြင်ကွင်း ၂၂၁

– လူတိုင်းပြိုင်နေကြတယ် ၂၂၄

– နိုင်ငံရေးနဲ့မဆိုင် ၂၃၂

အခန်း (၇) အမေရိကန်ရည်ရွယ်ချက် ၂၃၈

– အရည်အချင်းရှိရှိယှဉ်ပြိုင် ၂၄၃

– သည်တစ်ကြိမ်မတူတော့ ၂၅၁

– ခေတ်သစ်အတွက်မူဝါဒအသစ် ၂၅၆

(၁) ရွေးချယ်ခြင်း ၂၆၁

(၂) ကျယ်ပြန့်သောမူဝါဒကို တည်ဆောက်ပါ၊ ၂၆၄

(၃) ဘစ်(စ)မတ်ဖြစ်ပါစေ၊ ဗြိတိန်မဖြစ်ပါစေနဲ့ ၂၆၇

(၄) အခင်းအကျင်း ၂၆၉

(၅) မတူညီစွာစဉ်းစားပါ ၂၇၁

(၆) မျှတခြင်းသည်ပါဝါ ၂၇၄

– ကြောက်ရွံ့စက်ဆုပ်ရွံ့ရှာခြင်း ၂၇၇


■

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာရေးသူအမှာ

မူရင်းစာရေးဆရာ Fareed Zakaria ရဲ့ "The Post American World" ကို မူရင်းမပျက် ပြန်ဆိုရေးသားထားပါတယ်။ မူရင်းစာရေးဆရာဟာ Newsweek မဂ္ဂဇင်းကြီးရဲ့ ပင်တိုင်ဆောင်းပါးရှင်ဖြစ်ပြီး ကျော်ကြားသူတွေထဲကတစ်ဦး ဖြစ်ပါတယ်။ ထိထိမိမိ၊ အချက်ကျကျရေးတတ်သူမို့ သူ့ဆောင်းပါးတွေကို ကျွန်တော် စောင့်ဖတ်တတ်ပါတယ်။ သူတို့ စာအုပ်တစ်အုပ်ရေးဖို့အတွက် အကူအထောက်၊ လူအများကြီးသုံးပြီးမှ ရေးကြပါတယ်။ သုတေသနတွေလည်း အများကြီး လုပ်ကြပါတယ်။ ကျွန်တော်တို့ ဒီအဆင့်ထိမရောက်ကြသေးတာ မချိတင်ကဲ ဖြစ်စရာပါ၊ ဒါက တစ်ပိုင်း။

'အမေရိကန်အလွန်' ကို Zakariaက ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်း အပြင်းအထန်လှုပ်ခတ်သွားတဲ့ ကမ္ဘာ့တဏ္ဍာရေး ငလျင်မတိုင်မီ ရေးခဲ့ပါတယ်။သူတို့ရဲ့ ခန့်မှန်းချက်တချို့ မှန်ခဲ့သလို တချို့လည်း လွဲသွားတာတွေ တွေ့နေရပါတယ်။ သည်စာအုပ်ကို အနှစ်ချုပ်လိုက်ရင် နိုင်ငံရေးနဲ့ စီးပွားရေး အားပြိုင်မှုတွေ၊ တစ်ခုနဲ့ တစ်ခု ဆက်စပ်မှုတွေ အပြန်ပြန်အလှန်လှန် အမှီသဟဲပြုမှုတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒိမိုကရေစီအိုရီဟာ ဂလိုဘယ်လိုက်ဇေးရှင်းမှာ ပိုပြီးရင့်ကျက်လာတာ သတိထားမိကြပါလိမ့်မယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အတွေးအခေါ်နဲ့ အကြမ်းဖက်မှုဆိုင်ရာတွေကို သူ့နေရာ သူ့အကန့်နဲ့ရေးထားပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀ ၊ ဗြိတိသျှတို့ ဘုန်းမီးနေလတောက်တဲ့အချိန်ကစလို့ ပုံဖော်ထားတာ တွေ့ရပါတယ်။

ပထမကမ္ဘာစစ်အပြီး ဗြိတိသျှအကျ အမေရိကန်တွေအတက်၊ အခု အမေရိကန်အကျ တရုတ်အတက် ဖြစ်မလားဆိုတာ တစ်ကမ္ဘာလုံးက စိတ်ဝင်တစား ရှိနေကြပါတယ်။ နိုင်ငံတစ်ခု စီးပွားတက်ရာမှာ တခြားဆက်စပ်တဲ့ကဏ္ဍတွေ အများကြီး ပေါ်မှာ မှီတည်နေတာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် အမေရိကန်တွေ အင်အား

mgyoe.com

mgyoe.com

ကောင်းနေတာ၊ အစိုးရအဖွဲ့ထက် Civil Society ဆိုတဲ့ လူမှုအဖွဲ့အစည်းတွေ အင်အားပိုကောင်းလို့လို့ Zakariaက ခပ်ပြတ်ပြတ်ရေးထားပါတယ်။ ဟုတ်ပါတယ်၊ နိုင်ငံတိုင်းမှာ လူမှုအဖွဲ့အစည်းတွေ အင်အားကောင်းဖို့ လိုပါတယ်။ အထက်တန်းကျကျ လေ့လာသင်ယူပြီးသူတွေ၊ နိုင်ငံရေးသိပ္ပံသမားတွေ သည်အချက်ကို ကောင်းကောင်း သိကြပါတယ်။

ဗြိတိသျှတို့ရဲ့ နေမဝင်အင်ပါယာကျဆုံးရခြင်းအကြောင်းတွေကို တွေ့ရမှာဖြစ်သလို အမေရိကန်တွေ ဘာကြောင့်တက်လာသလဲဆိုတာလည်း ဖတ်ရမှာဖြစ်ပါတယ်။ သည်စာအုပ်ထွက်ပြီး နိုင်ငံတကာဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းက အမေရိကန်တို့ရဲ့ လက်ရှိကမ္ဘာ့ဦးဆောင်မှုအဆင့်ကို ဆွဲချသွားမလားဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ အကြမ်းဖက်နှိမ်နင်းရေး မဟာဗျူဟာအပေါ် သုံးသပ်ချက်တွေနဲ့ တန်ပြန်ရလဒ်အကျိုးက ဘယ်လိုအမေရိကန်တွေအပေါ် သက်ရောက်တယ်ဆိုတာလည်း တွေ့ရမှာပါ။

ယုံကြည်မှုလျော့ကျခြင်းဟာ ကြောက်ရွံ့ခြင်းရဲ့အစလို့ ဆိုထားပါတယ်။ အမေရိကန်တွေ ကိုယ့်ကိုယ်ကို ယုံကြည်မှု စပြီးလျော့နည်းလာပြီလားဆိုတာ သိချင်ကြတဲ့အချက်တစ်ချက်ပါ။ သူများကို ကြောက်တာထက် ကိုယ့်ကိုယ်ကို ပြန်ကြောက်တဲ့စိတ်ဟာ အဆိုးဆုံးပါ။ ငွေအား၊ လူအား၊ ပါဝါအားတွေက မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ပေးတာလား၊ မဟာဗျူဟာကသာ ငွေအား၊ လူအား၊ ပါဝါအားတွေကို ထုတ်လုပ်တာလားဆိုတာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဗြိတိသျှတွေ အကျလမ်းကို လျှောက်ရပေမဲ့ မဟာဗျူဟာမှန်လို့ ကမ္ဘာမှာ သူ့နေရာသူရနေတာလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ်။ အိန္ဒိယရဲ့ပြောင်းလဲသွားတဲ့ နိုင်ငံခြားရေးရာမူဝါဒ၊ ခပ်မဆိတ်တုံဏှိဘာဝေနဲ့ ပန်းတိုင်လျှောက်တဲ့ တရုတ်၊ ပြိုင်ဘက်တွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက အမေရိကန်အခြေအနေတွေဟာ ကမ္ဘာ့ရေးရာကို လေ့လာသူတွေအဖို့ ဆွဲဆောင်သွားမယ့်အချက်တွေ ဖြစ်ပါတယ်။

ခြုံပြောရရင် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ လူမှုရေး၊ အိုင်ဒီယာတွေ ဆင့်ကဲပြောင်းလဲလာပုံနဲ့ ဦးဆောင်နိုင်ငံတွေမှာ ဘယ်နေရာက ကပြအသုံးတော်ခံတယ်ဆိုတာကို သမိုင်းကြောင်းအမြင်နဲ့ပါ သုံးသပ်ပြထားတဲ့စာအုပ်ဖြစ်လို့ လက်က မချချင်ရတဲ့စာအုပ် ဖြစ်ပါတယ်။ အကြောင်းအရာနဲ့ အရေးအသားကို ဆတ်ခနဲ၊ ဆတ်ခနဲ ရွှေ့ပြောင်းရေးသွားတာကလွဲလို့ ကမ္ဘာကြီးရဲ့အနာဂတ်ကို ပုံဖော်စိတ်ကူးကြည့်ဖို့ ကောင်းတဲ့စာအုပ်တစ်အုပ် ဖြစ်ပါတယ်။

နေဇင်လတ်

mgyoe.com

mgyoe.com

# အခန်း (၁)
# ကျန်သူများအတက်

အမေရိကား၏ကျဆုံးမှုကို ရေးသောစာအုပ် မဟုတ်ပါ။ သို့သော်လည်း ကျန်သောနိုင်ငံများ၏ တိုးတက်မှုကို ဖော်ပြသည့်စာအုပ်တော့ဖြစ်သည်။ ကမ္ဘာအနှံ့ ကြီးစွာသော အသွင်ကူးပြောင်းမှုများ နေရာယူလာကြခြင်းအကြောင်း မကြာခဏ ဆွေးနွေးဖြစ်သည်။ သို့သော်လည်း ဤအပေါ်နားလည်ခြင်း အတော်အားနည်းလျက် ရှိကြသေးသည်။ သဘာဝတော့ဖြစ်ပါသည်။ 'အပြောင်းအလဲ' များ နေရာအနှံ့ ဖြစ်ပေါ်နေပါသည်။ ပင်လယ်ပြင်အနေအထားတောင်မှ ပုံမှန်ပြောင်းလဲမှု ဖြစ်နေပါ၏။ ခေတ်သစ်အကြောင်းပြောကြဆိုကြရာတွင် ကမ္ဘာအကြောင်းသည် ရင်းနှီးပြီးဖြစ်သော အကြောင်းအရာတစ်ခုဖြစ်သော်လည်း အခြားအပြောင်းအလဲများနှင့် ခြားနားစွာ ဖြစ်ပေါ်ပြောင်းလဲလျက် ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ မှစ၍ ကမ္ဘာ့မြေပြင်တွင် ကြီးမားသော အဓိက ပါဝါကြီး (၃) ခု အပြောင်းအလဲဖြစ်ခဲ့သည်။ နိုင်ငံတကာဘာဝများကို အသစ်ပုံဖော်ပေးလိုက်သော အခြေခံကျသည့်လူတန်းစားအမျိုးမျိုးကို ပိုင်ဆိုင်သော နိုင်ငံများ၏ စုစုပေါင်းစနသည် 'နိုင်ငံရေး'၊ 'စီးပွားရေး' နှင့် 'ယဉ်ကျေးမှု' ဟူသော ကမ္ဘာကြီးများတွင် အပြောင်းအလဲကြီးများ ဖြစ်ခဲ့သည်။

ပထမအပြောင်းအလဲသည် အနောက်ကမ္ဘာ၏ ထွန်းသစ်ခြင်းဖြစ်သည်။ ၁၅ ရာစုတွင် အစပျိုးခဲ့ပြီး ၁၈ ရာစု နှစ်နောက်ပိုင်းကာလများတွင် အရှိန်တိုးတက်ကြီးမားလာခဲ့သည်။ ထိုအပြောင်းအလဲမှ 'ခေတ်မီတိုးတက်မှု' ဟူသော ကျွန်တော်တို့သိထားကြသည့် 'သိပ္ပံနှင့်နည်းပညာ'၊ 'ကုန်သွယ်ရေးနှင့် အရင်းရှင်ဝါဒ'၊ 'လက်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်း တော်လှန်ရေးများ' ပါဝင်ခဲ့၏။ ၎င်းမှပင် အနောက်နိုင်ငံများ၏ ရှည်ကြာလှစွာသော နိုင်ငံရေးလွှမ်းမိုးမှုကို ထုတ်လုပ်၊ မွေးဖွား

mgyoe.com

mgyoe.com


ပေးခဲ့ပါသည်။

ဒုတိယအရွေ့မှာ ၁၉ ရာစုနှစ်ကုန်ခါနီးတွင် စတင်ခဲ့ပြီး အမေရိကန်နိုင်ငံ၏ 'အတက်ခရီး' ဖြစ်၏။ စက်မှုတော်လှန်ရေးဖြင့် စက်မှုနိုင်ငံတည်ထောင်ခဲ့သော အမေရိကန်သည် ရောမအင်ပါယာပြီးသည့်နောက် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးသော နိုင်ငံတစ်ခုဖြစ်လာသည်။ အခြားသော ပေါင်းစပ်ထားသည့် နိုင်ငံများထက်လည်း ပို၍သန်စွမ်းခဲ့သည်။ (ဆိုဗီယက်ယူနီယမ်သည် နိုင်ငံပေါင်းများစွာ စုပေါင်းထားသော နိုင်ငံကြီးဖြစ်သည် – စာရေးသူ) လွန်ခဲ့သော ရာစုနှစ်တစ်ခုလုံးနီးပါးတွင် အမေရိကန်သည် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ သိပ္ပံ၊ ယဥ်ကျေးမှုစသော ကဏ္ဍများတွင် အမေရိကန်၏အင်အားက လွှမ်းမိုးထားသည်။ ယှဉ်ပြိုင်ဘက်မရှိ လွှမ်းမိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ခေတ်သစ်သမိုင်းတွင် ယခင်က မရှိဖူးသေးခဲ့သော အစဉ်အလာဖြင့် ကမ္ဘာပေါ်တွင် အရေးပါခြင်း ဖြစ်သည်။

ခေတ်သစ်တွင် ကျွန်တော်တို့သည် ယခုအခါ ကမ္ဘာ့တတိယအရွေ့နှင့်အတူ ကျွန်တော်တို့ နေထိုင်နေကြခြင်းဖြစ်သည်။ ထိုအရွေ့ကို 'ကျန်သူများအတက်ခရီး' ဟု ခေါ်ဆိုနိုင်ပါလိမ့်မည်။ လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်ခန့်က ကမ္ဘာ့နိုင်ငံအသီးသီးတွင် 'စီးပွားတိုးတက်နှုန်း' ဆိုသောအရာနှင့် လက်ပွန်းတတီး ရှိခဲ့ကြသည်။ တစ်ချိန်က ဤအရာသည် မစဉ်းစားနိုင်ခဲ့သောအရာ ဖြစ်ခဲ့၏။ စီးပွားရေးတစ်ခု 'တိုးတက်ခြင်း' 'ပေါက်ကွဲခြင်း' ဖြစ်သောအခါ ခပ်သိမ်းကုန်သောအရာတို့သည် အဓိပ္ပာယ်နှစ်မျိုးဖြင့် ရွေ့လျားကုန်ကြသည်။ ဤသို့သော တိုးတက်မှုမျိုးကို အာရှတွင် ထင်သာမြင်သာစွာတွေ့ရပြီး ယခုအခါ နယ်နမိတ်မရှိတော့ချေ။ ဤအရွေ့ကို 'အာရှ၏စန်းပွင့်ချိန်' ဟု ခေါ်ဆိုကြသော်လည်း တိကျသော အဓိပ္ပာယ်ဖွင့်ဆိုမှုတစ်ရပ်တော့ မဟုတ်ချေ။

ခရစ်နှစ် ၂၀၀၀ နှင့် ၂၀၀၇ တို့တွင် နိုင်ငံပေါင်း ၁၂၄ နိုင်ငံက (၄%) သို့မဟုတ် ထို့ထက်ပိုသောနှုန်းများဖြင့် တိုးတက်ခဲ့ကြသည်။ အာဖရိကနိုင်ငံများမှ နိုင်ငံပေါင်း ၃၀ ပါဝင်ပြီး အာဖရိကတိုက်ကြီး၏ သုံးပုံနှစ်ပုံ ဖြစ်သည်။ Antoine van Agtmael ဟူသော ရန်ပုံငွေတစ်ခု၏ မန်နေဂျာက 'ထွန်းသစ်စ ဈေးကွက်များ' ဟု စတင်အသုံးပြုခဲ့ပြီး နောင်လာမည့် နိုင်ငံတကာ အကြီးကျယ်ဆုံးကုမ္ပဏီကြီး (၂၅) ခုကို ရွေးချယ်ခဲ့ပါသည်။ သူရွေးချယ်ခဲ့သောစာရင်းထဲတွင် ဘရာဇီး၊ မက္ကဆီကို၊ တောင်ကိုရီးယားနှင့် တရုတ်တိုင်ပေတို့မှ ကုမ္ပဏီ (၄) ခုစီပါဝင်ပြီး အိန္ဒိယမှ (၃) ခုနှင့် တရုတ်မှ ကုမ္ပဏီ (၂) ခု၊ အာဂျင်တီးနား၊ ချီလီ၊ မလေးရှားနှင့် တောင်အာဖရိကမှ ကုမ္ပဏီတစ်ခုစီ ပါဝင်သည်။

mgyoe.com

mgyoe.com


တစ်ပတ်လောက် ငဲ့ကြည့်လိုက်ပါ။ လောလောဆယ် ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်အဆောက်အဦသည် တိုင်ပေတွင် ရှိသည်။ ဒူဘိုင်းတွင် ဆောက်လုပ်နေသော မိုးမျှော်အဆောက်အဦက မကြာဒီမှာ ကမ္ဘာ့အမြင့်ဆုံး ဖြစ်လာပါလိမ့်မည်။ ကမ္ဘာ့အချမ်းသာဆုံးသူက မက္ကဆီကန်လူမျိုးဖြစ်သည်။ သူ၏ အများနှင့်ဆိုင်ရာ ကုန်သွယ်ရေးကော်ပိုရေးရှင်းကြီးမှာ တရုတ်ကုမ္ပဏီ ဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး လေယာဉ်ပျံကြီးကို ရုရှားနှင့် ယူကရိန်းတို့က တည်ဆောက်နေကြပြီး ကမ္ဘာ့အကြီးဆုံး ရေနံချက်စက်ရုံကြီးကိုမူ အိန္ဒိယတွင် တည်ဆောက်နေပြီဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး စက်ရုံကြီးအများစုမှာလည်း တရုတ်နိုင်ငံတွင် တည်ရှိနေသည်။

တိုင်းတာချက်အမျိုးမျိုးအရ လန်ဒန်သည် ကမ္ဘာ့ဦးဆောင်ဘဏ္ဍာရေး ဗဟိုတစ်ခုဖြစ်ပြီး UAE (United Arab Emirates) သည် ကမ္ဘာ့အချမ်းသာဆုံးသူများ စုဝေးရာ စုပေါင်းရန်ပုံငွေ ထူထောင်ထားသည့်နိုင်ငံ ဖြစ်သည်။ အမေရိကန်တို့ ၏ တစ်ချိန်က စံချိန်များသည် ယခုအခါ အခြားနိုင်ငံများသို့ ဖြန့်ကျက်သွားပြီဖြစ်သည်။

ကမ္ဘာ့အကြီးဆုံး ခြားရဟတ်သည် ယခုအခါ စင်ကာပူနိုင်ငံတွင် ရှိနေလေပြီ၊ ယခင်က အမေရိကန်တို့၏ Las Vegas ရှိ ကမ္ဘာ့အကြီးဆုံးလောင်းကစားဝိုင်းသည် ယင်း၏ ရာထူးကို မကာအိုသို့ လွှဲပေးလိုက်ရသည်။ စံချိန်တင် လောင်းကစားဝိုင်းမှ ရသော ဝင်ငွေသည်လည်း မကာအိုကိုမမီတော့။ ရုပ်ရှင်လုပ်ငန်းဘက် စေ့စောင်းလိုက်လျှင်လည်း ဇာတ်ကားအရေအတွက်ဖြင့်ကြည့်ကြည့်၊ လက်မှတ်အရောင်းဖြင့် ကြည့်ကြည့် အမေရိကန်တို့က နံပါတ် (၁) မဟုတ်တော့ပါ။ နောက်ပိုင်း တဟုန်ထိုးတက်လာသော အိန္ဒိယက ဘောလီးဝုဒ် (Bollywood) က နံပါတ် (၁) ဖြစ်သွားချေပြီ။ Hollywooodက Bollywoodထံ ရာထူးလွှဲပြောင်းပေးလိုက်သည်မှာ (၂) နှစ်ခန့် ရှိသွားပြီ ဖြစ်သည်။

ဈေးဝယ်ခြင်းကိစ္စမှာပင်လျှင် ကမ္ဘာ့အကြီးဆုံး မောလ် (Mall)ဆယ်ခုတွင် အမေရိကန်တို့ တစ်ခုသာ ပိုင်ဆိုင်တော့သည်။ ကမ္ဘာ့အကြီးဆုံး ဈေးဝယ်နေရာ (Shopping Mall) မှာ အမေရိကန်တွင် ရှိသည်မဟုတ်၊ တရုတ်က ဘေဂျင်းမှာသာဖြစ်သည်။ ဤစာရင်းဇယားများသည် ယေဘုယျကောက်ယူထားသော စာရင်းမျှသာဖြစ်ပြီး ကျန်သောအပိုင်းများတွင်လည်း အမေရိကန်တို့ ကမ္ဘာ့စံချိန်တော်တော်များများမှ နေရာဖယ်ပေးထားရလျက်ရှိသည်။ ဤအခြင်းအရာများ ဖြည်းဖြည်းမှန်မှန်နှင့် လွန်ခဲ့သော ၁၀ နှစ်ခန့်ကတည်းက ဖြစ်ပေါ်နေခဲ့ခြင်း ဖြစ်သည်။

အချို့ လူသန်းရာပေါင်းများစွာမှာ လွန်စွာ ဆင်းရဲသော အနေအထားတွင် ရှိကြပြီး အလားအလာကောင်းများလည်း ရှိကြသည် မဟုတ်ပါ။ တချို့သောသူတို့

mgyoe.com

mgyoe.com


သည် တစ်နေ့တစ်ဒေါ်လာဖြင့် အသက်ရှင်သန်နေကြသည်။ ထိုသို့လူများမှာ ၁၉၈၁ တွင် (၄၀%) ရှိနေရာမှ ၂၀၀၄ ခုနှစ်တွင် (၁၈%) သို့ တိုးတက်ကောင်းမွန်လာခဲ့ကြသည်။ ၂၀၁၅ ခုနှစ်ရောက်လျှင် (၁၂%) သို့ လျော့ကျသွားမည်ဟုလည်း ခန့်မှန်းထားသည်။ တရုတ်ပြည်၏ အစဉ်တစိုက် တိုးတက်မှုပြယုဂ် ဖြစ်သည်။

တရုတ်တို့၏ စီးပွားရေးတိုးတက်မှုက လူသန်းပေါင်း (၄၀၀) ကို ဆင်းရဲတွင်းမှ ဆွဲထုတ်ခဲ့ပြီးဖြစ်သည်။ ဆင်းရဲတွင်းနက်မှု လျော့ပါးလာပြီး အလားအလာကောင်းများလည်း တွေ့ရဆဲဖြစ်သည်။ ကမ္ဘာ့အဆင်းရဲဆုံးလူများမှာ နိုင်ငံပေါင်း (၅၀) ၌ နေထိုင်ကြပြီး ကမ္ဘာက အာရုံပြုရန် အရေးတကြီးလိုအပ်လျက်ရှိသည်။ တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ ရုရှား၊ အင်ဒိုနီးရှား၊ တူရကီ၊ ကင်ညာ၊ တောင်အာဖရိကနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၄၂) နိုင်ငံမှာ ဆင်းရဲမှု တဖြည်းဖြည်းလျော့ပါးလာပြီး စီးပွားမှန်မှန်ဖွံ့ဖြိုးလာကာ ထုတ်လုပ်မှုစွမ်းရည် မြင့်တက်လာကြသည်။ ကမ္ဘာ့ပထမဦးဆုံးသော မျက်မြင်တိုးတက်မှုအမှန်ဖြစ်သည်။ ထိုနိုင်ငံများတွင် နိုင်ငံတကာစနစ်တစ်ခုကို တည်ထောင်ပြီးဖြစ်၍ လေ့လာသူများ၊ ရပ်ကြည့်သူများအဆင့် မဟုတ်ကြတော့ဘဲ ကမ္ဘာ့အရေးအရာတို့တွင် ကိုယ်တိုင်ပါဝင်ကပြလာကြသူများ ဖြစ်လာကြသည်။ တကယ့်စစ်မှန်သော ကမ္ဘာ့အခင်းအကျင်းတစ်ရပ် မွေးဖွားလာခြင်းဖြစ်သည်။

ခေတ်သစ်၏ ဆက်နွယ်သောသွင်ပြင်သည် အမေရိကန်မှ အခြားဆီသို့ ကူးပြောင်းရာတွင် ရောထွေးပါဝင်လာသည်။

'ကျန်သူများ' ဟုဆိုရာတွင် နိုင်ငံမဟုတ်သောသူများလည်း ပါဝင်သည်။ အဖွဲ့အစည်းများ၊ တစ်ဦးချင်းများလည်း ပါဝင်သည်။ အခန်းကဏ္ဍအတော်များများကို တစ်ချိန်က အစိုးရများကသာ ထိန်းချုပ်ထားခဲ့ကြသော်လည်း ယခုအခါ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ မျှဝေလာကြရသည်။ WTO(ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း)၊ EU(ဥရောပယူနီယံ) ကဲ့သို့သော အဖွဲ့များဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့များ နေ့စဉ်နှင့်အမျှ ပေါ်ထွက်လာကြပြီး နိုင်ငံတိုင်းအမျှနှင့် ဖြစ်သည်။ ကော်ပိုရေးရှင်းကြီးများ၊ အရင်းအနှီးများသည် အချိန်နှင့်အမျှ တစ်နေရာမှ တစ်နေရာသို့ ရွေ့ပြောင်းစီးဆင်းကြသည်။ စီးပွားရေးလုပ်ငန်း ကောင်းသောနေရာများသို့ အလိုလို စီးဆင်းကြသည်။ အချို့နိုင်ငံများမှ အစိုးရများကလည်း ကြိုဆိုကြသည်။

Al Queda ကဲ့သို့ အကြမ်းဖက်သမားများ၊ မူးယစ်ရာဇာများ၊ စစ်မသွေးကြွများ စသည်တို့ကလည်း နိုင်ငံတကာစနစ်၏ လွတ်လပ်သောကြားနေရာများသို့ ရနိုင်သမျှ ဝင်ရောက်ရန် ကြိုးစားလျက်ရှိသည်။ ပါဝါဟူသော စွမ်းအားတစ်ရပ်သည်

mgyoe.com

အမျိုးသားနိုင်ငံများမှသည် အပေါ်၊ အောက်၊ ဘေး အသီးသီးသို့ ဝေးရာ ရွေ့လျား လာကြသည်။ ထိုသို့သော အာဝါသမျိုးတွင် အစဉ်အလာဖြစ်ခဲ့သော အမျိုးသား စွမ်းအား၊ ပါဝါသည် ထိရောက်မှု အနည်းဆုံးအဆင့်ထိ လျော့ကျသွားသည်။ စီးပွား ရေး၊ စစ်ရေးများအပါအဝင် ဖြစ်သည်။

ထွန်းသစ်လာသော နိုင်ငံတကာစနစ်သည် ယခင်က ရှိခဲ့ပြီးဖြစ်သောစနစ် နှင့် လုံးဝခြားနားပါသည်။ လွန်ခဲ့သောနှစ် (၁၀၀) ကျော်က ကမ္ဘာကြီးကို ဥရောပရှိ အစိုးရများနှင့် ဖွဲ့စည်းထားသော ဝင်ရိုးစုံဖြင့် မောင်းနှင်ခင်းကျင်းခဲ့သည်။ ဖြည်းဖြည်း မှန်မှန်ဖြင့် မဟာမိတ်အဖြစ်မှလည်းကောင်း၊ ယှဉ်ပြိုင်ဘက်များအဖြစ်မှ လည်း ကောင်း၊ တွက်ချက်မှုမှားယွင်းခြင်းမှလည်းကောင်း၊ စစ်ပွဲများမှလည်းကောင်း အရွေ့ များ ဖြစ်ပေါ်လာစေခဲ့သည်။ ထိုဝင်ရိုးစုံအရွေ့မှသည် နောက်ဆုံးဝင်ရိုးနှစ်ခု သို့မဟုတ် အင်အားကြီးအုပ်စုနှစ်စု၏ စစ်အေးကာလခေတ်သို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်။ (အမေရိကန်ဦးဆောင်သော နေတိုးအုပ်စု၊ ဆိုဗီယက်ယူနီယံ ဦးဆောင်သော ဝါဆော အုပ်စု – စာရေးသူ) မည်သို့ဆိုစေ နည်းလမ်းပေါင်းများစွာဖြင့် တည်ငြိမ်မှုကို အထိုက် အလျောက် ကမ္ဘာကြီး ရရှိခံစားခဲ့သည်။ သို့သော်လည်း မဟာအင်အားကြီး နိုင်ငံနှစ်ခု မှာ တစ်ဦးနှင့်တစ်ဦး အရွေ့အပြောင်းတိုင်း စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းများကို အချိန်နှင့်အမျှ ဆောင်ရွက်မျက်ခြေပြတ် မခံခဲ့ကြ။

၁၉၉၁ မှစ၍ ကျွန်တော်တို့သည် အမေရိကန် အင်ပါယာအဝန်းအဝိုင်းထဲ နေထိုင်ခဲ့ရပြီး ကမ္ဘာကြီးတစ်ခုလုံးကိုလည်း ဝင်ရိုးတစ်ခုတည်းကသာ မောင်းနှင်ပါ တော့သည်။ ထိုမှစ၍ ကမ္ဘာ့စီးပွားရေး ပိုမိုပွင့်လင်းလာပြီး အလွန်လျင်မြန်သော အရှိန်ကိုလည်း ရရှိခဲ့ပါသည်။ ဤသို့သော ဖြန့်ကျက်မှု၊ ကျယ်ပြန့်လာမှုကပင် နိုင်ငံတကာအခင်းအကျင်းကို မောင်းနှင်မှုတစ်ခု ဖြစ်လာစေခဲ့သည်။

နိုင်ငံရေးဦးဆောင် စစ်ရေးအဆင့်တွင် ကျွန်တော်တို့သည် 'ဧကဝင်ရိုး' စူပါ– ပါဝါကမ္ဘာကြီးတွင် ကျန်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း အခြားသော ရှုထောင့် နယ်များဖြစ်ကြသော စက်မှုလုပ်ငန်း၊ ဘဏ္ဍာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေး မှု စသည်များတွင်မူ ပါဝါသည် ရွေ့လျားနေပြီ ဖြစ်သည်။ အမေရိကန်လွှမ်းမိုးမှု၏ ဝေးရာသို့ ရွေ့လျားနေခြင်း ဖြစ်သည်။ ဤသို့ဆိုခြင်းဖြင့် အမေရိကန်ဆန့်ကျင်မှုသို့ ရွေ့လျားခြင်းဟုကား မဆိုလိုပါ။ သို့သော်လည်း ထိုရွေ့လျားမှု၏ ဦးတည်ရာသည် 'အမေရိကန်အလွန်' ခရီးသို့တော့ ဖြစ်ပါသည်။ 'အမေရိကန်ကမ္ဘာ' ၏ ခရီးအလွန်ကို တစ်ဦးတစ်ယောက်သည် နေရာပေါင်းများစွာမှ အဓိပ္ပာယ်ပေါင်းများစွာကို ဖွင့်ဆိုနိုင် ပါသည်။ လူပေါင်းများစွာကလည်း ကွဲပြားစွာ ရှုမြင်နိုင်သည်။

mgyoe.com

mgyoe.com

မည်သို့သော ‘စိန်ခေါ်မှုများ’ နှင့် ‘အခွင့်အလမ်းများ’ က ဤပြောင်းလဲမှုတွင် ပါဝင်လာပါသနည်း။ အမေရိကန်ပြည်ထောင်စုအတွက်ရော၊ အမေရိကန်လွှမ်းမိုးခြင်း ရပ်တည်မှုအတွက်ရော မည်သို့သော နိမိတ်လက္ခဏာများကို ကြိုတင်ပြောကြားထားပါသနည်း။ စစ်နှင့် ငြိမ်းချမ်းရေးသဘောအရ သော်လည်းကောင်း၊ စီးပွားရေး၊ အိုင်ဒီယာ၊ ယဉ်ကျေးမှုအရသော်လည်းကောင်း ထွက်ပေါ်လာသော ခေတ်သစ်က မည်သို့ ကိုယ်စားပြုပါသနည်း။

အတိုချုပ်အားဖြင့် အမေရိကန်ခေတ်အလွန်တွင် မည်သို့နေထိုင်ရှင်သန်ရမည်ကို မည်သို့ အဓိပ္ပာယ်ဖော်ယူကြရမည်ဖြစ်ခြင်းပင်။

■

mgyoe.com

mgyoe.com

## အခန်း (၂)
## အရှေ့တစ်ခု၏အပြောင်း

ခရစ်နှစ် ၂၀၀၀ ဇန်နဝါရီလဟု ထင်မြင်လိုက်ပါ။ လာမည့်နှစ် အတန်ကြာ အတွက် ကမ္ဘာ့စီးပွားရေးအခင်းအကျင်း ဘယ်လိုဖြစ်လာမလဲဆိုသည်ကို အနာဂတ် ဟော (ဗေဒင်ဆရာ) အား မေးကြည့်စေလိုသည်။ ဆိုကြပါစို့၊ ဗေဒင်ဆရာကို သူ့ဖန်လုံးကြည့်ပြီး အနာဂတ်ကို ဟောပြောနိုင်ရန် သဲလွန်စတချို့ ပေးနိုင်သည်။ ကမ္ဘာ့သမိုင်းတွင် အဆိုးဝါးဆုံးသော အမေရိကန်၏ အကြမ်းဖက်သမားများ တိုက် ခိုက်ခံရမှုအကြောင်း ရှင်းပြနိုင်သည်။ တုံ့ပြန်မှုအဖြစ် အမေရိကန်တို့ ဆင်နွှဲသော စစ်ပွဲ နှစ်ပွဲ (အာဖဂန်နစ္စတန်၊ အီရတ်-စာရေးသူ)၊ စစ်ပွဲတစ်ပွဲမှာ အလွန်ဆိုးဝါးစွာဖြင့် အီရတ်ကို သိမ်းပိုက်မှု၊ ကမ္ဘာ့တတိယအကြီးဆုံး ရေနံသိုက်ပိုင်ဆိုင်သော အီရတ်ကို စစ်ဆင်ခြင်းဖြစ်သည်။ ပြီးတော့ နှစ်များစွာ တည်ငြိမ်မှုမဲ့ အကြမ်းဖက်မှုများ . . .

ဗေဒင်ဆရာ ဘာဆက်ပြောပါမည်နည်း။

အရှေ့အလယ်ပိုင်းတွင် အီရန်သည် အင်အားကြီးမားမှု ဖြည်းဖြည်းချင်း ရလာသည်။ နျူကလီးယားပါဝါပိုင်ဆိုင်သူ ဖြစ်လာခဲ့သည်။ မြောက်ကိုရီးယားက လည်း ဆက်လက်၍ ခရီးချီတက်လျက်ရှိသည်။ ကမ္ဘာ့ အဌမမြောက် နျူကလီးယား ပိုင်ဆိုင်သူအဖြစ် ကြေညာထားပြီးဖြစ်သည်။ ရုရှားသည် ရန်လိုလာပြီး သူ၏ ပတ်ဝန်းကျင်နိုင်ငံများ၊ အနောက်ဘက်အုပ်စုနှင့် ဆက်ဆံရေးတွင် လွှမ်းမိုးရန် ကြိုးစားလာသည်။ လက်တင်အမေရိကတွင်လည်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချား ဗက်စ် (Hugo Chavez) ကလည်း မျိုးဆက်တစ်ခုလုံး အနောက်ဘက် ဆန့်ကျင်ရေး စိတ်ဓာတ်ကို သူ့နိုင်ငံအားသွတ်သွင်းရန် စတင်ဆောင်ရွက်နေသည်။ သူနှင့် မဟာ မိတ်များ ကောင်းစွာစုဖွဲ့နိုင်ပြီး နောက်လိုက်များစွာကို ကောင်းစွာ စည်းရုံးနိုင်ခဲ့သည်။ လက်ဘနွန်တောင်ဘက်ပိုင်းတွင် အစ္စရေးနှင့် ဟဇ်ဗဘိုလာတို့ စစ်ပွဲများဆင်နွှဲလျက်

mgyoe.com

ဘောရွတ်အစိုးရကို တည်ငြိမ်မှုပျက်ပြားစေကာ အင်အားချည့်နဲ့စေသည်။ အစ္စရေးကို တိုက်ခိုက်နိုင်စေရန် အီရန်နှင့် ဆီးရီးယားတို့ကလည်း လျှို့ဝှက်ကြံစည်ကြသည်။ ဂါဇာကမ်းမြောင်ဒေသသည် 'ဟားမက်စ် (Hamas) အုပ်စိုးသူတို့ ကျဆုံးရာဒေသဖြစ် လာပြီး ငြိမ်းချမ်းရေးစကား ဆိုကြပါသည်ဆိုသော အစ္စရေးနှင့် ပါလက်စတိုင်းတို့ 'ဘယ်သို့' ခရီးနှင်နှင် မရေမရာဖြစ်လျက် ရှိပါသည်။

ဤအချက်များကို ပညာရှိပုဂ္ဂိုလ်တို့အား ပြောပြပြီး ... "နောက် (၆) နှစ် အကြာမှာ ကမ္ဘာ့စီးပွားရေး မည်သို့စခန်းသွားမည်လဲ" ဆိုသည်ကို မေးပါ။

ဤအရာသည် အနုမာနဆိုင်ရာ အယူအဆတစ်ခုမဟုတ်ပါ။ ထိုနှစ်များ အတွက်ကြိုတင်ခန့်မှန်းချက်များ ကျွန်တော်တို့တွင်ရှိခဲ့ပြီးဖြစ်ပါသည်။ သူတို့အားလုံး မှားယွင်းကြသည့် မှန်ကန်သော 'ဟောဆိုချက်' များသည် ခရစ်နှစ် (၂၀၀၀–၂၀၀၇) ခုနှစ်အတွင်း ဖြစ်ခဲ့သည်။ ကမ္ဘာ့စီးပွားရေးသည် နှစ်ပေါင်း (၄၀) အတွင်း အမြန်ဆုံး နှုန်းဖြင့် တိုးတက်ခဲ့သည်။ သမိုင်းတစ်လျှောက် မရှိခဲ့ဖူးသောနှုန်းဖြင့် လူတစ်ဦးချင်း ဝင်ငွေတိုးတက်မှု (၃.၂%) ဖြင့် ကမ္ဘာတစ်ဝန်း ရရှိခဲ့သည်။ (ပျမ်းမျှ–စာရေးသူ)

စစ်အေးကာလပြီးဆုံးချိန် လွန်ခဲ့သောနှစ် (၂၀) မှစ၍ ကျွန်တော်တို့သည် မညီမျှမှု၊ ဆန့်ကျင်ဘက်သဘောရှိသော ကမ္ဘာကြီးတွင် နေထိုင်ခဲ့ကြရသည်။ နံနက် တိုင်း သတင်းစာဖတ်ကြသူများ သိပါသည်။ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံကြီးသည် နက်နဲ လှစွာသော ဒုက္ခတွင်း၌ ရှိနေခဲ့သည်။ နေ့စဉ် ဗုံးခွဲတိုက်ခိုက်မှုများ၊ အကြမ်းဖက်စီမံမှု များ၊ ရိုးဖြောင့်မှုမရှိသော နိုင်ငံများ၊ ပြည်သူများ၏ ရုန်းကန်နေရမှုများစသော အနိဋ္ဌာရုံများကို နေ့စဉ်သတင်းစာမှ ဖတ်ရှုနိုင်သည်။

သို့သော်လည်း ကမ္ဘာ့စီးပွားရေးကြီးသည် အင်အားကြီးလျက် 'ရှေ့သို့' ခရီးဆက်လက်နှင်နေပါသည်။ သိသာထင်ရှားလှသော အနှောင့်အယှက်များ၊ အကျပ်အတည်းများ မရှိခဲ့ပါ။ တစ်ခုလုံးခြုံ၍ပြောရလျှင် ကမ္ဘာ့စီးပွားရေးသည် အင်အားပြင်းစွာ ဆက်လက်ဖွံ့ဖြိုးလျက် ရှိနေပါသည်။ ဈေးကွက်မှာ တစ်ခါတစ်ရံ ထိန်းချုပ်မှု လွတ်ကင်းသော်လည်း နိုင်ငံရေးသတင်းများကြောင့်မဟုတ်ဘဲ စီးပွားရေး သတင်းကြောင့်သာဖြစ်သည်။ သတင်းစာ၏ ပထမစာမျက်နှာသည် စီးပွားရေးကဏ္ဍ နှင့် သိပ်၍မသက်ဆိုင်သလို ရှိခဲ့ပါသည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ၏ နေ့တစ်နေ့၊ ဟစ်ဇ်ဘိုလာနှင့် ဖြစ်ခဲ့သောစစ်ပွဲအပြီး ရက်အနည်းငယ်အကြာမှာဖြစ်သည်။ အစ္စရေးအစိုးရအဖွဲ့၏ ထိပ်တန်းခေါင်းဆောင် တစ်ဦးနှင့် စကားပြောဖြစ်ခဲ့သည်ကို အမှတ်ရမိပါသည်။ သူ့နိုင်ငံ၏လုံခြုံရေးကို သူအမှန်တကယ် စိုးရိမ်နေသည်။ ဟစ်ဇ်ဘိုလာတို့၏ ဒုံးကျည်များ အစ္စရေးပြည်သူ

mgyoe.com

mgyee.com


တွေအပေါ် အချိန်မရွေးကျရောက်နိုင်သည်ဟု ယုံကြည်နေကြသည်။ အစ္စရေးတပ်မတော်၏ တုံ့ပြန်မှုက ပြည်သူများ 'ယုံကြည်ကိုးစားမှု' ဖြစ်ပေါ်ရန် မလွယ်ဆော်နိုင်။ ကျွန်တော် စီးပွားရေးအကြောင်း မေးကြည့်မိသည်။ အစ္စရေးတို့၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့်ပတ်သက်၍ ဖြစ်သည်။

"သဲသဲကွဲကွဲ ယုံကြည်မှု မရှိသေး" ဟု ထိုအထက်တန်းခေါင်းဆောင်က ဆိုသည်။

"စတော့ဈေးကွက်တွေရဲ့ဈေးနှုန်းက စစ်ပွဲ ပထမနေ့ထက် နောက်ဆုံးနေ့မှာ ပိုပြီးမြင့်တက်နေတယ်။ အစ္စရေးသုံးငွေ ရှက်ကဲလ် (Shekel : အစ္စရေးသုံးငွေယူနစ်–စာရေးသူ) ရဲ့တန်ဖိုးကလည်း အတူတူပဲ"

အစ္စရေးအစိုးရက စိုးရွံ့ထိတ်လန့်ခဲ့သော်လည်း ဈေးကွက်တုံ့ပြန်ချက်က မထိုတက်သေး ဖြစ်သည်။

အီရတ်စစ်ပွဲကိုကြည့်လျှင် ထိုစစ်ပွဲကြောင့် နက်နဲကြာရှည်သော ရှန်းရင်းဆန်ခတ်မှုများဖြစ်ပေါ်ပြီး အိမ်နီးချင်းနိုင်ငံသို့ လူပေါင်းနှစ်သန်းမျှ ဒုက္ခသည်များအဖြစ်ရွှေ့ပြောင်းသွားခဲ့ကြသည်။ ထိုသို့သော နိုင်ငံရေး၏ပယောဂသည်သာ သက်ရောက်မှုအနည်းငယ်သာ ဖြစ်ခဲ့ပါသည်။ ထိုကုန်ဆုံးခဲ့သော နှစ်အနည်းငယ်အတွင်း အရှေ့အလယ်ပိုင်းသို့ ခရီးနှင်ခဲ့မည်ဆိုပါက အီရတ်၏အခက်အခဲသည် ဒေသကို တည်ငြိမ်မှုအနည်းငယ်သာ ပျက်ပြားစေကြောင်း တွေ့ရသည်။ ဘယ်နေရာရောက်ရောက်စိတ်ဆိုးနေသော အီရတ်လူမျိုးများက အမေရိကန်နိုင်ငံခြားရေးမူဝါဒ မှားယွင်းကြောင်းပြောကြသည်ကိုတွေ့ရမည်။ ထို့ထက်မပို၊ သို့ဖြစ်လျှင် ဒေသ၏ တည်ငြိမ်မှုအစစ်အမှန်ဖြစ်သော ဖြစ်ရပ်သည် အဘယ်မှာဖြစ်ပါသနည်း။ အရှေ့အလယ်ပိုင်းနိုင်ငံများ၏အများစုဖြစ်သော ဂျော်ဒန်၊ ဆော်ဒီအာရေးဗျ၊ အီဂျစ်တို့ တိုးတက်ဖွံ့ဖြိုးနေကြပါသည်။

အီရတ်နှင့် နယ်စပ်ချင်းထိစပ်နေသော တူရကီနိုင်ငံသည် ပျမ်းမျှ (၇%) ထက်ပိုသောနှုန်းဖြင့် တိုးတက်နေသည်။ ဘဂ္ဂဒက်မှ လေကြောင်းဖြင့် တစ်နာရီခန့်သာသွားရသော Abu Dhabi နှင့် Dubai တို့တွင် အမြင်အာရုံဖမ်းစားနိုင်သော ကြီးမားသည့်အဆောက်အဦများကို ဆောက်လုပ်နေကြသည်။ အထင်ကရ မိုးမျှော်တိုက်ကြီးများ တည်ဆောက်ထားသည်မှာ သီးခြားဂြိုလ်ကမ္ဘာတစ်ခုအလား ထင်ရပေလိမ့်မည်။ ထိုနိုင်ငံများသည် အီရတ်၊ ဆီးရီးယား၊ အီရန်တို့နှင့် ဆက်ဆံကြသော်လည်း ဒုက္ခရောက်မှုမှ အတော်ကင်းဝေး လွတ်ကင်းသောနိုင်ငံများ ဖြစ်သည်။

မှားယွင်းစွာ အယူအဆ အတွဲအဖက်ဖြစ်သော နိုင်ငံရေးနှင့် စီးပွားရေး

mgyee.com

mgyoe.com

အဆက်အစပ်အကြောင်း ကျွန်တော်တို့ ရှင်းပြခဲ့ပြီးဖြစ်သည်။ ပထမဦးဆုံး သတင်းဆိုးများအပေါ် သတိကြီးစွာ ဆန်းစစ်ကြည့်သင့်သည်။ ကျွန်တော်တို့ ပဋိပက္ခ အချိန်တစ်ခုအကွင်း နေထိုင်ကြရသည်ဟု ထင်မြင်ဖွယ်ရာရှိသည်။ သို့သော်လည်း၊ တီဗီပေါ်တွင် တွေ့ရသမျှအားလုံးကို ယုံကြည်ရန် မသင့်ပါ။ ကျွန်တော်တို့ထင်မြင်သောဇာတ်လမ်းများ မှားယွင်းသည်များလည်း ရှိသည်။ လွန်ခဲ့သောနှစ် ၂၀ ခန့်မှစ၍ စစ်ပွဲများ၊ အဓိကရုဏ်းများ တစ်မဟုတ်ချင်းကျဆင်းလာခဲ့ပြီးဖြစ်သည်။ မေရီလင်းတက္ကသိုလ်မှ နိုင်ငံတကာဖွံ့ဖြိုးမှုနှင့် အကျပ်အတည်းဆိုင်ရာ စီမံခန့်ခွဲမှုဌာနမှ Ted Robert Gurr နှင့်အဖွဲ့က အသေအချာလေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီး အောက်ပါမှတ်ချက်ကို ပေးထားခဲ့သည်။

"၁၉၈၀ အလယ်ခန့်မှစ၍ ကမ္ဘာ့စစ်ပွဲများဆိုင်ရာ ဖြစ်ပေါ်မှု အလားအလာသည် (၆၀%) ကျဆင်းသွားခဲ့သည်။ (1950s)ခုနှစ်များနောက်ပိုင်း (၂၀၀၄) ခုနှစ်အရောက် အောက်ဆုံးအခြေစစ်ပွဲဖြစ်မှုနှုန်း ဖြစ်သည်" အဓိကရုဏ်းနှင့် ပဋိပက္ခများမှုကား (1950s-1990s) ကြား စစ်အေးကာလအတွင်း (၆) ဆ တိုးတက်လာခဲ့သည်။ သို့သော်လည်း ဆိုဗီယက်ယူနီယံမကျဆုံးခင် ထိုကာလအတွင်း၌သာ အမြင့်ဆုံးဖြစ်ခဲ့ပြီး ၁၉၉၁ ခုနှစ် ဆိုဗီယက်ယူနီယံ ကျဆုံးသောအခါ

"စစ်အေးကာလ ပြီးဆုံးပြီးနောက် နိုင်ငံများအတွင်း စစ်ပွဲဖြစ်မှုအခြေအနေ (၅၀%) ကျဆင်းသွားခဲ့သည်"

ဟားဗတ်တက္ကသိုလ်မှ ပါမောက္ခ Steven Pinker ကလည်း ...

"အခုအခါ ကျွန်တော်တို့ မည်သည့်အခါကမျှနှင့်မတူ အငြိမ်းချမ်းဆုံးနေထိုင်နေကြရတယ်" ဟူ၍ မှတ်ချက်ပေးခဲ့ပြီးဖြစ်သည်။

အဖြစ်သနစ်အမှန်နှင့် အာရုံမှားတို့ တွဲဖက်မိကြရခြင်း၏ အကြောင်းတစ်ခုမှာသတင်းခေတ်တော်လှန်ရေး၏ ကျေးဇူးဖြင့် အချိန်နှင့်အမျှ ရရှိ၊ ကူးလူးနေသောအဆက်မပြတ် သတင်းဖြန့်ကျက်မှုကြောင့်ဖြစ်သည်။ (၂၄) နာရီလုံး အဆက်မပြတ်လွှင့်ထုတ်နေသော သတင်းကြေငြာချက်များ၊ သူတို့ဖော်ညွှန်းသော ပုံရိပ်နှင့် ပြင်းထန်မှုအင်အားများသည် အမှန်တကယ်ပုံကြီးချဲ့ကားထားခြင်းများသာ ဖြစ်သည်။

မိုးလေဝသနှင့်ဆိုလျှင် ခပ်ပြင်းပြင်းမုန်တိုင်းကို 'ရာစုနှစ်၏မုန်တိုင်း' ဟု အမည်ကင်ပွန်းပေးလိုက်သလို ဖုံးပေါက်ကွဲမှုတိုင်းတွင်လည်း 'ကြားဖြတ်သတင်း' အဖြစ် ပုံကြီးချဲ့ကား ကြော်ငြာတတ်လေ့ရှိသည်။ အရာအားလုံးကို အဓလေးထားဖော်ပြနေကြရခြင်းမှာ သတင်းခေတ်တော်လှန်ရေးအစဖြစ်သောကြောင့် ဖြစ်သည်။

(1970s)ကာလများက ကမ္ဘောဒီးယားလူသတ်ကွင်းများတွင် သေကြေခဲ့ကြ

mgyoe.com

သော လူ (၂) သန်း၏ အကြောင်းအရာအမှန်ကို ရရှိဖို့ မလွယ်ကူပါ။ အီရန်–အီရတ်စစ်ပွဲ၏ (1980s) ကာလများတွင် သဲကန္တာရအတွင်း သေကြေခဲ့ကြသူများ အကြောင်းလည်း အသေးစိတ် မသိနိုင်ပါ။ (1990s) ကွန်ဂို အရေးအခင်းတွင်လည်း လူသန်းနှင့်ချီ၍ သေဆုံးခဲ့ကြပါသည်။ ယခုအခါတွင်တော့ ကားဗုံးပေါက်ကွဲမှု၊ ရော့ကတ်ဒုံးပျံများ ပစ်ခတ်မှု၊ ကြေကွဲဖွယ်ရာဖြစ်ရပ်များကို နည်းပညာသစ်များ၏ ကျေးဇူးကြောင့် နေ့စဉ် မြင်တွေ့၊ ကြားနေနိုင်ပြီ ဖြစ်သည်။

အစီစဉ်တကျမဟုတ်သော အကြမ်းဖက်မှုများ၊ မြို့ပြလူများကို ပစ်မှတ်ထား တိုက်ခိုက်မှုများစသော အနိဋ္ဌာရုံများကို ခေတ်သစ်လူမှုအဖွဲ့အစည်းများတွင်ပင် တွေ့မြင်နေရသည်။ အကြမ်းဖက်တိုက်ခိုက်မှု တစ်ခုပြီးတိုင်း "ဒီတစ်ခါ ကျွန်တော့် အလှည့်လည်း ဖြစ်နိုင်တယ်" ဟူသော ပြည်သူများ၏ပြောစကားကို ကြားနိုင်သည်။

အလွန်အန္တရာယ်များသောကမ္ဘာကြီးဟု ခံစားနိုင်ပါသည်။ တကယ်တော့ မဟုတ်ပါ၊ ယခင် ကျွန်တော်တို့ တွေ့ကြုံခဲ့ရသော ပဋိပက္ခများ၊ သွေးထွက်သံယိုမှုများ အတော်ကြီးကျဆင်းလာနေပြီဖြစ်သည်။ သုတေသနအချက်အလက်များအရ အဓိက နိုင်ငံတစ်ခုနှင့်တစ်ခု ဖြစ်ပွားနိုင်သောစစ်ပွဲမှာ ဖြစ်ပွားနိုင်ခြေ အတော်နည်းပါးသွားပြီး ပဋိပက္ခတချို့လောက်တော့ ကျန်ရှိနေပါသေးသည်။ စစ်ပွဲများ ဆိတ်သုဉ်းသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ လူသားတို့၏ သဘာဝအရလည်းကောင်း၊ နိုင်ငံရေး သဘော တရားအရလည်းကောင်း အငွေ့အသက်များတော့ ကျန်ရှိနိုင်ပါသေးသည်။ သမိုင်း၏အထောက်အထားအရမူ အတော်တည်ငြိမ်သောကာလသို့ ရောက်ရှိလာပြီး သွေးထွက်သံယိုဖြစ်မှုများမှ အတော်ကလေးဝေးကွာနိုင်ပါသည်။ မကောင်းဆိုးဝါးများ ကိုမူ အရေအတွက်ဖြင့်တော့ တိုင်းတာ၍မရ။

(1990s)ကာလ ယူဂိုဆလားဗီးယားတွင် ကြုံတင်ကြံရွယ်၍ ဘာသာရေး လှုံ့ဆော်မှုဖြင့် စနစ်တကျစီမံခဲ့သော စစ်ပွဲလိုမျိုးတွင် ထိခိုက်၊ သေကြေ၊ ဒဏ်ရာရသူများ (၂၀၀,၀၀၀) ကျော်ခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ သောကရောက်မှု စကေးအရ အလွန်မြင့်မားစွာ ဖြစ်ခဲ့သည်။ အယ်ကာရီဒါတို့၏ ကြမ်းတမ်းရက်စက်သောစနစ်က သွေးထွက်သံယိုမှုများ ဖြစ်ပွားစေခဲ့ပြီး အပြစ်မဲ့ပြည်သူတို့ကို ပစ်မှတ်ထားခဲ့သည်။ သေကြေမှုအရေအတွက် နည်းပါးသော်လည်း ကြောက်မက်ဖွယ်ရာ အတိပြီးပါ သည်။

ကျွန်တော်တို့ အသက်ရှင်ရာ ယခုအချိန်အခါကို ကောင်းစွာနားလည်နိုင်မည် ဆိုလျှင် ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ကောင်းစွာဖော်ပြနိုင်ရမည်၊ သိရှိရမည်ဖြစ် သည်။ သမိုင်းဖြစ်ရပ်များနှင့်နှိုင်းယှဉ်လျှင်မူကား ယခုအခါသမယသည် ယေဘုယျ

mgyoe.com

အားဖြင့် တည်ငြိမ်မှုရရှိနေသောကာလသာ ဖြစ်ပါသည်။

## အစ္စလာမ်ဖြိမ်းခြောက်မှု

နေ့စဉ် သတင်းစာခေါင်းကြီးပိုင်းများတွင် ဖော်ပြခြင်းခံရသော အစ္စလာမ် ဘာသာဝင် အကြမ်းဖက်သမားများအရေးမှာ အတော်ခွဲကောင်းသော ကြီးမားသည့် ကြိုးစားမှုဖြစ်သည်။ သို့သော်လည်း လူနည်းစု၏ လွဲမှားသောယုံကြည်မှုလမ်းစဉ်သာဖြစ်သည်။ သူတို့၏လုပ်ရပ်က မွတ်စလင်ကမ္ဘာကြီးကို များစွာထိခိုက်စေသည်။ အစစ်အမှန်ဖြစ်စေ၊ တွေးဆခြင်းဖြင့်ဖြစ်စေ လူသားချင်း စာနာထောက်ထားသော အယူအဆကို အနောက်ဘက်ကလက်ခံထားပါသည်။ နည်းပညာအရ အကြမ်းဖက်မှုများကို ဆောင်ရွက်နိုင်စွမ်းရှိသည်။ နှစ်ဆယ်ရာစု ပထမတစ်ပိုင်းကာလတွင် ဂျာမနီနိုင်ငံ၏ ကမ္ဘာလွှမ်းမိုးရေးမူဝါဒဖြင့် ထိုစဉ်က ခြိမ်းခြောက်မှုအဆင့် ထိပ်တန်းဖြစ်ခဲ့ဖူးသည်။ ဒုတိယရာစုတစ်ဝက်ကာလမှာမူ ဆိုဗီယက်တို့၏ သြဇာချဲ့ထွင်မှုက ကြီးစိုးခဲ့ပြန်သည်။ တစ်ဖန် တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်း၏ တတိယကမ္ဘာသို့ နှီးဆွပေးခြင်းက (1950s-1960s) တစ်ဝိုက် အင်အားကြီးမားခဲ့ပြန်သည်။ ဤစိန်ခေါ်မှုများသည် နိုင်ငံကြီးများ၏ထောက်ခံမှုဖြင့် ဖြစ်ပွားခဲ့ပြီး အတွေးအခေါ်အယူအဆ သဘောအားဖြင့် လက်ခံနိုင်ဖွယ်ရာရှိသော်လည်း သူတို့၏အကျိုးစီးပွားအရေး အတွက်သာ ဖြစ်သည်။

နှိုင်းယှဉ်သည့်အနေဖြင့် ဂျီဟတ်များ၏ ခြိမ်းခြောက်မှုကို စဉ်းစားနိုင်သည်။ စက်တင်ဘာ (၁၁) ၊ (၉/၁၁) မတိုင်မီ အယ်ကာရေဒါကဲ့သို့သော အုပ်စုများသည် ရေဒါ၏အောက်တွင် လှုပ်သွားခဲ့ရသည်။ အစိုးရများက သူတို့၏ လှုပ်ရှားမှုကို အနှောင့်အယှက် အဆွယ်အပွားများအဖြစ်သာ သဘောထားသည်။ သို့သော်လည်း ထိုအုပ်စုများ အင်အားဖြည့်တင်းပြီး လွတ်လပ်စွာလှုပ်ရှားခဲ့သည်။ သူတို့၏ သင်္ကေတအဖြစ် တိုက်ခိုက်မှုများကို ဆောင်ရွက်သည်။ စစ်စခန်းများကို ပစ်မှတ်ထားပြီး နိုင်ငံခြားသားများ၊ အမေရိကန်များကို ကောင်းစွာတိုက်ခိုက်ခဲ့ကြသည်။ သို့သော်လည်း ပျက်စီး၊ ဆုံးရှုံးမှုများမှာ အကန့်အသတ်ဖြင့် သိပ်အဆိုးကြီးမဟုတ်ခဲ့။

၂၀၀၁ နောက်ပိုင်းတွင်မူကား အစိုးရများသည် အကြမ်းဖက်သမားများ၏ ကွန်ရက်တွင်းကျရောက်ကာ ရန်လိုခြင်းကြီးစွာ တိုက်ခိုက်ခြင်းခံခဲ့ကြရသည်။ အကြမ်းဖက်သမားများ၏ ကွန်ရက်၊ သူတို့ငွေကြေးစီးဆင်းမှု၊ လူသစ်စုဆောင်းမှု စသည်များကို အစိုးရများက အသေးစိတ်ခြေရာခံ စုံစမ်းထောက်လှမ်းကြတော့သည်။ ကမ္ဘာ့မွတ်စလင်ဦးရေ အများဆုံးရှိရာ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၂ ဘာလီ

mgyoe.com

mgyoe.com

ဗုံးခွဲစဉ်ပါဝင်ခဲ့သော အဆိုးဝါးဆုံးနှင့် ကြောက်စရာအကောင်းဆုံး ဂျီဟတ်စစ်သွေးကြွများ၏ ခေါင်းဆောင် Jemaah Islamiah ကို ဖမ်းဆီးခဲ့ပါသည်။ တစ်ဖန် အမေရိကန်တို့၏ အကူအညီဖြင့် ဖိလစ်ပိုင်ကလည်း အယ်ကာရေဒါပုံစံ အကြမ်းဖက်သမား Abu Sayyaf ကို တိုက်ခိုက်ခဲ့သည်။ ၂၀၀၇ တွင် ထိုအုပ်စု၏ခေါင်းဆောင်မှာ ဖိလစ်ပိုင်စစ်တပ်၏ တိုက်ခိုက်မှုဖြင့် ကျဆုံးခဲ့သည်။ လွန်ခဲ့သော ၆ နှစ်က အင်အား (၂၀၀၀) ရှိခဲ့သော ထိုပြောက်ကျားတပ်ဖွဲ့၏ အင်အားမှာ ယခုအခါ ရာဂဏန်းမျှသာ ကျန်ပါတော့သည်။

အီဂျစ်နှင့် ဆော်ဒီအာရေးဗျနိုင်ငံတို့သည် အယ်ကာရေဒါအဖွဲ့၏ မူလဘူတ နေရာများဖြစ်သည်။ အကြမ်းဖက်သမားများ၏ ဆဲလ်များက ထိုနေရာတွင် အနှံ့အပြားရှိဆဲဖြစ်သည်။ သို့သော်လည်း ထိုအကြမ်းဖက်သမားများ ယခု ၃ နှစ်တာကာလအတွင်း သူတို့ တိုက်ခိုက်လိုသောနေရာများကို တိုက်ခိုက်နိုင်စွမ်း မရှိခဲ့တော့။ ဘဏ္ဍာရေးဝန်ကြီးများ၊ အထူးသဖြင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးသည် အကြမ်းဖက်သမားများ၏ ငွေစီးဆင်းရာလမ်းကြောင်းကို ကောင်းစွာပိတ်ပင်နိုင်ခဲ့ပြီး သူတို့၏ အရန်ငွေကြေးများကို သိမ်းဆည်းနိုင်ခဲ့သည်။ ကမ္ဘာ့အဖွဲ့အစည်းများမှာ ငွေကြေး တစ်စွန်းတစ်စမရှိဘဲ တစ်နေရာမှတစ်နေရာသို့ ရွေ့လျားခြင်းမပြုနိုင်ပါ။ အကြမ်းဖက်သမားများ၏ ရန်ပုံငွေ၊ သူတို့ပစ်မှတ်များကို ထောက်လှမ်းရရှိမှု တစ်နေ့ထက် တစ်နေ့ ပိုမိုအောင်မြင်လာပါသည်။ အကြမ်းဖက်သမားများအနေဖြင့် (၉/၁၁) ကဲ့သို့သော ကြီးမားသောတိုက်ခိုက်မှုများကို မလုပ်နိုင်ကြတော့ဘဲ အသေးစားတိုက်ခိုက်မှုတချို့ကိုသာ ဆောင်ရွက်ခွင့်ရကြတော့သည်။ ဤလွန်ဆွဲပွဲကို အစိုးရများနှင့် အကြမ်းဖက်သမားများက ကြိုးစားယှဉ်ပြိုင်ကြပြီးသော်လည်း နိုင်ငံများ၏ အစိုးရများက အသာစီးရရှိနေပါသည်။

အီရတ်တွင်လည်း ယခုအခါ အယ်ကာရေဒါများ၏ အကြမ်းဖက်တိုက်ခိုက်မှု အတော် လျော့ကျသွားခဲ့သည်။ သူတို့အဖွဲ့ အတော်အင်အားချည့်နဲ့သွားကြပြီကို ပြဆိုသလိုဖြစ်သည်။ ဘာသာရေးခေါင်းဆောင်တို့၏ မူလပြဋ္ဌာန်းချက်မှာ တခြားဖြစ်သည်။ အယ်ကာရေဒါတို့က ရှေတီလူမျိုးတို့အကြောင်း လုံးဝမပြောခဲ့။ ခရူးဆိပ်စစ်သားများအကြောင်းနှင့် ဂျူးလူမျိုးများကို ကျေနပ်မှုမရှိကြောင်းသာ ဖော်ပြခဲ့သည်။ သို့သော်လည်း အီရတ်ရှိအရာများ ပြောင်းလဲခဲ့ပါသည်။ ဆွန်နီများကို ထောက်ပံ့မှုဆွဲဆောင်နိုင်ရန် အခွင့်အလမ်းများကို ရှာဖွေရင်း၊ အယ်ကာရေဒါက ရှေတီဆန့်ကျင်သူများနှင့်ပူးပေါင်းကာ ကမ္ဘာအနှံ့ ဆွန်နီဝါဒထောက်ခံမှုကို ပြုခဲ့သည်။

mgyoe.com

mgyoe.com

မက်ဆိုပိုတေးမီးယားက အယ်ကာရေဒါခေါင်းဆောင် Abu Mussabal-Zarqawi နောက်ပိုင်း ဝါဟာဘီပုံစံ ပျူရီတန်စနစ် ခရစ်ယာန်ဝါဒမှ ဆင်းသက်လာသော ရှေတီဘို့အပေါ် အာဃာတကြီးမားစွာ အမုန်းတရားများ ကြီးထွားလာသည်။ ၂၀၀၄ ခု ဖေဖော်ဝါရီလတွင် ဘင်လာဒင်မှ ပေးပို့ခဲ့သောစာအရ

"ရှီရပ်တို့မှ အန္တရာယ်သည် အမေရိကန်တို့ထက် ကြီးမားသည်၊ ကျွန်ုပ်တို့ လုပ်ရမည့် တစ်ခုတည်းသောအလုပ်မှာ ရှီရပ်များကို အဆက်မပြတ် တိုက်ခိုက်ထိုးနှက်နေရန်ဖြစ်ပြီး ဘာသာရေး၊ စစ်ရေး၊ အခြားနည်းလမ်းများအပါအဝင် တိုက်ခိုက်ကြရမည်။ နောက်ဆုံး ဆွန်နီတို့ကို ဒူးထောက်အညံ့ခံသည်အထိ တိုက်ပွဲဝင်သွားကြရမည်"

အကယ်၍ စကားစစ်ထိုးပွဲသာရှိပါက ဇာကာဝီက ဘင်လာဒင်ကို အနိုင်ရနိုင်ပေမည်။ ရလဒ်အားဖြင့် မွတ်စလင် ကမ္ဘာကြီးအတွင်း အနောက်ဘက်ဆန့်ကျင်ရေးအတွက် ဂျီဟတ်ရေးရှုပြိုင်ပွဲကြီးတစ်ခု ဖြစ်ပေါ်လာပြီး အစ္စလာမ်တွင်း စစ်ပွဲများ ဖြစ်ပေါ်လာနိုင်ပေသည်။ အစ္စလာမ်ကမ္ဘာကြီးတွင် ဆွန်နီနှင့် ရှီယက် ကွဲပြားသွားခြင်းသည် ပြဿနာကြီးတစ်ခု ဖြစ်သည်။ (Sunnis-Shiites) ၊ ပါရှင်းနှင့်အာရပ်၊ အရှေ့တောင်အာရှနှင့် အရှေ့အလယ်ပိုင်း၊ ဆွန်နီနှင့် ရှီးယက်စ်များ အုပ်စုကွဲပြားကြသည်။ အစိကခွဲခြမ်းလျှင် အစွန်းရောက် ရေဒီကယ်များနှင့် ပျော့ပြောင်းသူများ အုပ်စုဟူ၍ ဖြစ်သည်။ ကွန်မြူနစ်များကြီးစိုးစဉ်က သူတို့အဝန်းအဝိုင်းထဲတွင် ဤသို့သော ကွဲပြားခြားနားမှုများရှိခဲ့သော်လည်း ခြိမ်းခြောက်မှုကား နည်းပါးခဲ့၏။ အစ္စလာမ်အတွင်း အမျိုးမျိုးကွဲပြားခြားနားနေမှုက တစ်ခုတည်းသော အင်အားစုဖြစ်စေရန် အတော်ပင်ထိခိုက်စေပါသည်။

အချို့သော အနောက်ဘက်ခေါင်းဆောင်တို့က ကမ္ဘာကြီးတစ်ခုတည်းအတွက် ပြောဆိုနေကြစဉ် အစ္စလာမ်လှုပ်ရှားမှုများက ဆီလျော်ခြင်းမရှိစွာ ရှုရှားကခွဲထွက်ရေးသမားများဖြစ်သော ချေချင်များကဲ့သို့ ဖြစ်နေကြသည်။ အိန္ဒိယမှာလည်း ပါကစ္စတန်အားပေး ခွဲထွက်ရေးတိုက်ခိုက်သူများရှိသည်။ လက်ဘနွန်က ရှေတီစစ်ခေါင်းဆောင်များ၊ အီဂျစ်က ဆွန်နီ ဂျီဟတ်များကဲ့သို့ ဖြစ်သည်။ ဤကွဲပြားသော အုပ်စုအားလုံးသည် သီသာထင်ရှားကြပြီး ကွဲပြားသောခေါင်းစဉ်များ ရှိကြသည်။ ကွဲပြားသော ရန်သူနှင့်မိတ်ဆွေများ ရှိကြသည်။ ဤအပေါ် မြော်မြင်သော မဟာဗျူဟာသမားများက မြင်ကြပါသည်။ သူတို့၏ ကွဲပြားသောအယူအဆများဖြင့် အစ္စလာမ်ကို ကိုယ်စားပြုနေကြသည်ဟု ယူဆကြသည်။ ကြမ်းတမ်းရက်စက်သော ဘာဘောအင်ဇင်နှင့် ဘာမှမရှိသော နတိလမ်းစဉ်သို့ ရှေးရှုနေသည်ဟု ဖော်ပြသော်ရ

mgyoe.com

မည် ဖြစ်ပါသည်။

တစ်ယူသန်အစ္စလာမ်ဝါဒတွင် ကွဲပြားခြားနားမှုများ ကြီးထွားလျက်ရှိပါသည်။ ကမ္ဘာ့ဆန္ဒကိုကျော်လွန်၍ ဒေသဆိုင်ရာ လုပ်ငန်းလုပ်ကန်များဖြင့် ဆောင်ရွက်ဆဲဖြစ်သည်။ မြောက်အာဖရိက၊ အထူးသဖြင့် အယ်ဂျီးရီးယားတွင် အကြမ်းဖက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပွားနေသော်လည်း တကယ့်အဓိကအုပ်စုဖြစ်သော Salafist အုပ်စုသည် ရှည်ကြာသောစစ်ပွဲ၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ အယ်ဂျီးရီးယားအစိုးရနှင့်ဆန့်ကျင်ဘက် အစ္စလာမ်အင်အားစုကြား ဖြစ်ပွားသောစစ်ပွဲကြီးဖြစ်သည်။ အယ်ကာရေဒါကိုသော်လည်းကောင်း၊ အမေရိကန် ဆန့်ကျင်ရေးကိုသော်လည်းကောင်း မတွေ့ရ။ သို့သော်လည်း အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နယ်စပ်မျဉ်းတစ်လျှောက်တွင်မူ တကယ်အင်အားကြီး၍ အန္တရာယ်ကြီးသော အယ်ကာရေဒါတို့ကမူရှိနေပါသည်။

အယ်ကာရေဒါတို့၏ဗဟိုဖြစ်ပြီး သူတို့ ကျင်လည်ကျက်စားရာနေရာလည်းဖြစ်သည်။ ထိုနေရာတွင် အယ်ကာရေဒါတို့ ကောင်းစွာ ရေရှည်ရှင်သန်နိုင်ကြပြီး ဆိုဗီယက်ဆန့်ကျင်ရေးလှုပ်ရှားမှု ဆောင်ရွက်စဉ်က မည်သို့နေထိုင်ရှင်သန်ရမည်ကို ကောင်းစွာအတွေ့အကြုံများ ရရှိခဲ့ပြီးသောနေရာလည်း ဖြစ်သည်။ သူတို့နှင့် မဟာမိတ်ဖြစ်သော တာလီဘန်များ၏ အထောက်အပံ့ကိုရရှိနေကြပြီး အာဖဂန်နှင့် ပါကစ္စတန်တို့ရှိ လူမျိုးနွယ်စုကြီးဖြစ်သော Pashtuns များ၏ လွှမ်းမိုးရာလည်းဖြစ်၊ သူတို့၏ အထောက်အပံ့ ကောင်းစွာပေးနိုင်ရာလည်းဖြစ်၍ အယ်ကာရေဒါတို့အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်စေခဲ့သည်။

အခြေခံမျဉ်းကိုကြည့်ပါ။ ၉/၁၁ နောက် ခြောက်နှစ်တာကာလအတွင်း အိုစမာဘင်လာဒင်နှင့် Ayman Zawahiri ဦးဆောင်သော အယ်ကာရေဒါ၏ဗဟိုမှ အဓိကကျသော တိုက်ပွဲတစ်ခုတစ်လေကိုမှ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့တော့ပါ။ ဤအဖွဲ့သည် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည်။ ဆက်သွယ်ရေးကုမ္ပဏီကြီးအဖြစ်လည်း ရောက်လာခဲ့သည်။ ဂျီဟတ်များ ဆက်လက်လှုပ်ရှားဆဲတော့ ဖြစ်သည်။ သို့သော်လည်း ဂျီဟတ်များ ကွဲပြား၊ ပြန့်ကျဲသွားကြပြီ ဖြစ်သည်။ ပစ်မှတ်သေးများကိုသာ အနည်းငယ်တိုက်ခိုက်နိုင်ကြပါသည်။ ဒေသအဆင့်သာ လှုပ်ရှားနိုင်ကြပါတော့သည်။ အယ်ကာရေဒါဗဟိုနှင့် ဆက်စပ်မှုမရှိအောင် ဖြတ်တောက်ခြင်း ခံထားရပါသည်။ လက်တန်းချမှတ်သော မဟာဗျူဟာကိုသာ ကျင့်သုံးနိုင်ကြပါသည်။ သို့သော် တဖြည်းဖြည်း အင်အားချည့်နဲ့လာနေပါပြီ။ အရပ်ဘက်လူများကိုသာ သတ်ဖြတ်သည့်အဆင့်ဖြစ်သည်။ အင်ဒိုနီးရှား၊ အီရတ်၊ ဆော်ဒီအာရေးဗျတို့တွင်သာ

mgyee.com

mgyoe.com

ဖြစ်ပွားမှု ရှိပါတော့သည်။ လွန်ခဲ့သော ၆ နှစ်တာကာလအတွင်း ဘင်လာဒင်သည် မွတ်စလင်ကမ္ဘာ၏ ထောက်ခံမှုအလွန်အမင်း ကျဆင်းသွားပြီဖြစ်သည်။

ခရစ်နှစ် ၂၀၀၂–၂၀၀၇ ကြား အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ စာရင်းဇယား အရ လျော့ကျလာသည်။ မွတ်စလင်နိုင်ငံများတွင် ယင်းသို့တိုက်ခိုက်မှုများ (၅၀%) ဖြစ်ပွားသည်။ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ ချမှတ်သောလမ်းစဉ်နှင့် ဆန့်ကျင်ပြီး ဘင်လာဒင်၏လုပ်ဆောင်ချက်များကို ယခင်ကနှင့်မတူ အပြင်းအထန် ရှုတ်ချလာသည်။ ဆော်ဒီအာရေးဗျမှ ထင်ရှားသော ဘာသာရေးခေါင်းဆောင်တချို့ ပါ ရှုတ်ချမှုတွင် ပါဝင်သည်။ အများစုက မွတ်စလင်ကမ္ဘာကို ခေတ်မီဖွံ့ဖြိုးတိုးတက် စေလိုကြပြီး ထိုသို့ အကြမ်းဖက်တိုက်ခိုက်မှုများကို ယခုအခါ ခေတ်မီသူများက ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိကြတော့ချေ။ သူတို့ နောက်ဆုံးနားလည်လာကြပြီး ဗလီများ၌ပင်ပြောဆိုမှုများ ရှိလာကြသည်။ လူအနည်းငယ်မျှသာ အယ်ကေဒါ၏ အမိန့်အောက်တွင် နေထိုင်လိုကြကြောင်း တွေ့ရသည်။ အာဖဂန်နစ္စတန် သို့မဟုတ် ဘက္ကဒက်တွင်နေထိုင်ကြသော ထိုလူနည်းစုမှာလည်း အများစု၏ဆန့်ကျင်မှုကို ခံနေကြရသည်။

(1930s) ကာလများဆီက ဆိုဗီယက်တို့၏ ဆိုရှယ်လစ်စနစ်မှာလည်းကောင်း၊ ဂျာမနီ၏ ဖက်ဆစ်စနစ်မှာလည်းကောင်း ဆန့်ကျင်စွာ ဖြစ်ပေါ်သည်။ အစွန်းရောက်အစ္စလာမ်ပုံစံမျိုးကို နှစ်သက်ခဲ့သူ၊ အားကျခဲ့သူများ မပေါ်ပေါက်ခဲ့။ အယူအဆတစ်ရပ်အနေဖြင့်ဆိုပါက အနောက်ဘက်ပုံစံမှ အစပြုသော ခေတ်သစ်ပုံစံကို ယှဉ်ပြိုင်မယှဉ်သူ ပေါ်ထွက်မလာခဲ့ပါ။

၉/၁၁ ပြီးသည့်နောက် အိမ်တွင်းစက်မှုလုပ်ငန်းတွင် အထူးသဖြင့် အနောက်နိုင်ငံများနှင့် အမေရိကန်၌ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ကောလာဟလဖြန့်ချိသူများ အတော်များပြားလာခဲ့သည်။ ကျွမ်းကျင်သူများ၏ အနီးစပ်ဆုံး တွက်ချက်မှုအရ မည်သူကမျှနှစ်သက်ခြင်း မရှိကြပါ။ အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ၏ လေ့လာချက်အရ ဥရောပတွင် မွတ်စလင်လူဦးရေသည် လောလောဆယ် (၃%) ရှိနေပြီး ခရစ်နှစ် ၂၀၂၅ တွင်မူ ဥရောပလူဦးရေ၏ (၅–၈%) သို့ ရောက်ရှိလာမည် ဟုမျှော်မှန်းသည်။ တစ်ခါက အနောက်နိုင်ငံတစ်ခုတွင် ဆိုမာလီလူမျိုး တက္ကစီ ဒရိုင်ဘာက ခရီးသည်၏ အရက်တစ်သေတ္တာကိုတင်ရန် စိတ်ဆိုးစွာဖြင့် ငြင်းဆိုခဲ့ ဖူးသည်။ သို့သော်လည်း ဤဇာတ်လမ်းမျိုးသည် အခြားသော မွတ်စလင်၏ပုံရိပ် တော့မဟုတ်ချေ။ မွတ်စလင်ကမ္ဘာသည်ပင် ကျန်သော အနောက်နိုင်ငံများထက် အနည်းငယ်နှေးကွေးသော်လည်း သူတို့ကိုယ်တိုင်က အတော်ခေတ်မီနေပြီ ဖြစ်သည်။

mgyoe.com

mgyee.com


ထိုကမ္ဘာမှပင် သူပုန်ခေါင်းဆောင်များလည်း ထွက်ပေါ်လာကြပြန်သည်။ အစ္စလာမ် ကမ္ဘာကို တန်ပြန်ဆန့်ကျင်သူများတွင် အခြားသောယဉ်ကျေးမှုရှိ တန်ပြန်သူများ ထက် ထိုအစ္စလာမ်နိုင်ငံများ၊ရှိ တန်ပြန်သူများက ပို၍အစွန်းရောက် လွန်ကဲကြသည်။ အစွန်းရောက်အကြမ်းဖက်သူများ၏ အရေအတွက်မှာ ဘီလီယံနှင့်ချီသော မွတ်စလင် များထဲမှ မဆိုစလောက်သောသူများသာ ဖြစ်သည်။ ထိုသူများမှာ ဘာသာရေး အဆုံးအမများကို လျစ်လျူရှုလျက် အတုအယောင်ဘာသာရေးအဆုံးအမများကို ဖန်တီးကာ အခြားသူများကို ယုန်ထင် ကြောင်ထင် ဖြစ်စေသည်။

အီရန်တွင် ဘာသာရေးဘုန်းတော်ကြီးများနှင့် ဘုန်းတော်ကြီးမဟုတ်သူ များ၏ အားပြိုင်မှုက ပဋိပက္ခများကို ရေးရှုသည်။ ဘာနတ်လွစ္စ၏ ပြောကြားချက် အရ အီရန်သမ္မတ Mahmoud Ahmadinejad က အစ္စလာမ်ပြက္ခဒိန်တွင် ၂၂ ရက်၊ ဩဂုတ်လ ၂၀၀၆ ကို ကမ္ဘာကြီးဆုံးသည့်နေ့ (Ending the World) ဟု သတ်မှတ် ရေးသားခဲ့သည်။

အတွေးအခေါ်ပညာရပ်ဆိုင်ရာ စောင့်ကြည့်လေ့လာသူများက ဂျီဟတ်များ၏ လှုပ်ရှားမှုကို အချိန်များစွာပေး၍ စောင့်ကြည့်ခဲ့သည်။ မွတ်စလင် လူမှုအဖွဲ့အစည်း သည် မြင်ကွင်းမှ ကွယ်ပျောက်လျက်ရှိသည်ဟု ဆိုသည်။ သူတို့ နောက်တစ်လှမ်း ဆုတ်သွားကြသည်လား၊ အစွန်းရောက်သာမားများကို တွန်းဆုတ်ကြသည်တော့ အမှန်ပင်၊ ခေတ်မီခြင်းအပေါ် ဆန္ဒရှိမှုနှင့် လက်တွေ့ကျကျ ဖြေရှင်းနည်းကို အများစု က ရှာဖွေလိုကြသူများ ဖြစ်သည်။ သေသည်၏နောက် ထာဝရအသက်ရှင်ခြင်းဆို သည်ကို ရှာဖွေတောင့်တသူများမှာ အများစုမဟုတ်ချေ။ မွတ်စလင်များ ခရီးသွား သည့်အခါ သန်းနှင့်ချီသောသူများ ဒူဘိုင်းသို့ ခရီးနှင်ကာ ပျော်ရွှင်မှုကို ရှာကြသည်။ အီရန်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ အများစုက သွားကြသည်မဟုတ်၊ အနည်းစု သောသူများကမူ ဂျီဟတ်အစစ်အမှန်ကို လိုလားကြပါသည်။ မိမိတို့ လူမှုအဖွဲ့ အစည်းအတွင်း ဆောင်ရွက်ကြလေ့ရှိကြပြီး ယခုအခါ ခေတ်စားမှုမရှိကြတော့ပေ။

အနောက်နိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုသည် တဖြည်းဖြည်း မှေးမှိန်လာလျက်ရှိသည်။ စက်တင်ဘာ ၁၁ ရက်၏နောက် ကမ္ဘာ့ဘဏ္ဍာရေးဈေး ကွက်ကြီး ပြိုလဲခဲ့ပြီး နှစ်လကြာသည်အထိ မူလအခြေအနေသို့ ပြန်ရောက်မလာခဲ့ပါ။ ၂၀၀၄ ခုနှစ် မက်ဒရစ် ဗုံးပေါက်ကွဲအပြီး စပိန်ဈေးကွက် ပြန်လည်နာလန်ထဖို့အတွက် ကာလကြာ အချိန်ယူခဲ့ရပါသည်။ ၂၀၀၅ ခု လန်ဒန် ဗုံးပေါက်ကွဲအပြီး ဗြိတိသျှတို့၏ စတော့ဈေးကွက်မှာ ၂၄ နာရီအတွင်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ပို၍ကျယ်ပြန့်စွာ လေ့လာလျှင် အလားတူ နာလန်ထကာလအတွက် အချိန်တစ်ခုကို

mgyee.com

mgyoe.com

ပေးဆပ်ခဲ့ကြရကြောင်းတွေ့ရပါသည်။ ၉/၁၁ အပြီး အမေရိကန်တို့သည် စီးပွားရေး ဆောင်ရွက်မှုများတွင် ဒေါ်လာရာနှင့်ချီသော ဘီလီယံကျော် ဆုံးရှုံးခဲ့ရသည်။

နောက် ၂၀၀၂ ခုနှစ် ဘာလီညကလပ် ဗုံးပေါက်ကွဲမှုကြောင့် အလားတူ ဆိုးဝါးသောအကျိုးဆက်များ အင်ဒိုနီးရှားစီးပွားရေးတွင် ရိုက်ခတ်ခဲ့သည်။ ခရီးသွား လုပ်ငန်းကျဆင်းခဲ့ပြီး ကုန်သွယ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လပေါင်းများစွာ ထိခိုက်ခဲ့ပါသည်။ ထိုမှ တစ်နှစ်ကြာပြီး အင်ဒိုနီးရှားမှာပင် Marriott ဟိုတယ်၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ပါသေးသည်။ ဈေးကွက်အကြမ်းဖျင်း ကျဆင်းခဲ့သည်။ အင်ဒိုနီးရှား၏ စီးပွားရေး အတော်ကလေး ဆိုးဝါးခဲ့ရပြန်သည်။

၂၀၀၃ တွင် တူရကီနှင့် မော်ရိုကိုတို့၌ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရပြန်ပြီး စီးပွားရေး ဆိုင်ရာ ကျဆင်းမှုအနည်းငယ် ဖြစ်ခဲ့ရပြန်ပါသည်။ ၂၀၀၄ ခုနှစ် စပိန်ဗုံးခွဲခံရမှု၊ ၂၀၀၅ ဗြိတိန်တွင် ဗုံးခွဲတိုက်ခိုက်ခံရမှုတို့ကတော့ ပြောပလောက်သော စီးပွားရေး ထိခိုက်မှုများ မရှိခဲ့ချေ။

အကယ်၍များ အကြမ်းဖက်သမားများအနေဖြင့် အစုလိုက်အပြုံလိုက် သေစေသော အဖျက်စွမ်းအားကြီးလက်နက်များကို ပိုင်ဆိုင်ခဲ့ပါလျှင် အခြေအနေ သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပါသည်။ နျူကလီးယားဖြင့် တိုက်ခိုက်ခြင်း မျိုးကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားပါက လူအတော်များများ သွေးပျက်ထိတ်လန့်ကြပေ လိမ့်မည်။ သို့သော်လည်း ထိုလက်နက်မျိုးမှာ တွေးထင်ထားသည်ထက် များစွာရရှိ ဖို့ ခက်ခဲလှပါသည်။ ဝါရင့်တန်မှလည်း ထိုလက်နက်မျိုး မပြန့်ပွားစေရန် အထူးစောင့် ကြည့်ကြည့်ရှုနေသဖြင့် ထိုလက်နက်မျိုး ပြန့်ပွားရောက်ရှိသွားရန် မဖြစ်နိုင် သလောက် နည်းပါးလှသည်။

ဇီဝလက်နက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုမှာကား လူအများ အစိုးရိမ်ရဆုံး သောအရာဖြစ်သည်။ ဇီဝလက်နက်တွင်ပါဝင်သော ပစ္စည်းများရရှိရန်မှာ သိပ်အခက် ခဲကြီး မဟုတ်ချေ။ သို့သော်လည်း ထိုလက်နက်မျိုးပြန့်ပွားမှုအတွက်မှာမူ ခက်ခဲပေ လိမ့်မည်။ တစ်ဖက်မှာလည်း အကြမ်းဖက်တိုက်ဖျက်ရေးအစီအစဉ်တွေကလည်း ရှိနေပါသေးသည်။ သို့သော်လည်း အလွန်သတိထား၊ စောင့်ကြည့်ထောက်လှမ်းရ မည်ဖြစ်ပြီး အလွန်ကောင်းမွန်သော အစီအမံများ ရှိရပေမည်။ ဤကိစ္စနှင့်ပတ်သက်၍ အကြမ်းဖက်ဆန့်ကျင်မှုအစီအစဉ်များ ကောင်းစွာအောင်မြင်သည်ဟု မြင်သည်။

ဖော်ပြရေးသား၊ ပြောဆိုခြင်းမရှိသော်လည်း အကြမ်းဖက်တန်ပြန်ရေးသည် အတော် အကြမ်းပတမ်းခံ ခရီးရောက်ပါသည်။ အကြမ်းဖက်မှုသည် သမားရိုးကျ မဟုတ်ဘဲ စစ်မဟာဗျူဟာတစ်ခုဖြစ်သည်ဟု မြင်ရသူများက ထင်မှတ်သည်။

mgyoe.com

mgyoe.com


အကယ်၍ ကျွန်တော်တို့သည် အကြမ်းဖက်သမားများ မဟုတ်ကြလျှင် အလုပ်ဖြစ်ကြမည်မဟုတ်၊ နယူးယောခ်နှင့် လန်ဒန်မှသည် မွန်ဘိုင်းနှင့် ဂျကာတာအထိ လူအများက ၎င်းတို့၏အတွေ့အကြုံများမှ သင်ခန်းစာအဖြစ်ရယူကာ သူတို့၏ အသက်များ မရေရာ မသေချာမှုများကြား ရောက်နေသည်ဟု ခံစားနေကြရသည်။ မြင်ကွင်းတစ်ရပ်အနေဖြင့် အမေရိကန်နိုင်ငံတွင် ထရပ်ကားနောက်ဘက် ဗုံးများ သယ်ဆောင်လာခြင်း၊ ကျောပိုးအိတ်ဖြင့် ဗုံးများယူဆောင်ခြင်းများသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်သည်။ သို့သော်လည်း ထိုသို့သောဖြစ်စဉ်များ ယခုအခါ အတော်ကြီး လျော့ကျသွားပြီ ဖြစ်သည်။

အမေရိကန်စီးပွားရေးသည် ယခုအခါ ($ 13 trillion) ရှိနေပြီး ပြဿနာများမှာ တစ်နေရာမှတစ်နေရာသို့ အလွယ်တကူကူးစက်ပြန့်ပွားနိုင်ခြင်း မရှိပါ။ ခေတ်သစ်လူမှုအဖွဲ့အစည်းသည် ကျွန်တော်တို့ သံသယရှိနေသည်ထက် များစွာသန်စွမ်း၍ အတွေ့အကြုံများ ရှိနေကြပါပြီ။

ဖောက်ပြန်သောနိုင်ငံတချို့၏ စိန်ခေါ်မှုများမှာ တကယ်ရှိနေသည်။ သို့သော်လည်း ကျွန်တော်တို့သည် ထိုသူများကို ဆက်စပ်စဉ်းစားသင့်သည်။ အီရန် GDP သည် အမေရိကန်၏ (၆၈) ပုံ (၁) ပုံရှိပြီး စစ်ရေးအသုံးစရိတ်မှာ (၁၁၀) ပုံ (၁) ပုံသာဖြစ်သည်။ အကယ်၍ ဤအခြေအနေသည် ၁၉၃၈ ကာလများက ရေးရိုးစွဲသူများ စောဒကတက်ကောင်း တက်နိုင်ပါသည်။ အီရန်သည် ဂျာမနီမဟုတ်ပါ။ မြောက်ကိုရီးယားသည် ဒေဝါလီခံရသည်ထက် ဆိုးဝါးပြီး မစွမ်းမသန်အခြေအနေ ဖြစ်သည်။

ထိုနိုင်ငံများ ပြဿနာပေးနေသည်မှာ အိမ်နီးနားချင်းနိုင်ငံများကိုသာ ဖြစ်သည်။ သတိထားစစ်ရေးရမည်တော့ဖြစ်၏။ သို့သော်လည်း ကမ္ဘာကြီးတစ်ခုလုံးနှင့်စာလျှင် ထိုနိုင်ငံများမှာ ဘာမှ ပြောပလောက်သည်တော့ မဟုတ်ပါ။ လက်တင်အမေရိကားကို ကြည့်ပါ၊ ဗင်နီဇွဲလားသည် ပြဿနာမီးမွှေးသူ ဖြစ်သည်။ တကယ့်ဖြစ်ရပ်တွင် မည်သို့သော အဓိပ္ပာယ်ရှိပါသနည်း။ ဗင်နီဇွဲလား မည်သို့ပြဿနာရှာသည်ဖြစ်စေ ဘရာဇီး၊ မက္ကဆီကို၊ ချီလီနိုင်ငံများက ဈေးကွက်စီးပွားရေး၊ ကုန်သွယ်ရေး၊ ဒီမိုကရက်တစ်အစိုးရနှင့် ပြင်ပဆက်ဆံရေးတို့ဆီသို့ ရေးရှုပြီး ဆက်လက်တိုးတက်နေဆဲသာဖြစ်သည်။ ဗင်နီဇွဲလား၏ခေါင်းဆောင် ဟူဂိုချားဗက်ဇ်ကမူ ဦးတည်ချက်၊ အလားအလာပျက်ပြားပြီး ရှုးသွပ်စွာဆောင်ရွက်နေသည်သာမက သမိုင်း၏လမ်းကြောင်းမှား မှတ်တမ်းဝင်အဖြစ် ရောက်ရှိနေပါသည်။

mgyoe.com

mgyoe.com

## မဟာကျယ်ပြန့်မှု

ယခုအခါ တည်ငြိမ်မှုအတွက် အခြေခံအဆောက်အဦမှာ ပို၍နက်နဲခိုင်မာနေပါသည်။ ကမ္ဘာတစ်ဝန်း စီးပွားရေးသည် နိုင်ငံရေးကို ပုံဖော်နေသောကာလလည်းဖြစ်သည်။ ဝေါလ်စရိတ်က ပြောခဲ့သော "နိုင်ငံရေးစွန့်စားမှု" ဟူသည် တကယ်တော့ ယခုအခါမရှိတော့ပါ။ စစ်ပွဲများ၊ အာဏာသိမ်းမှုများ၊ အကြမ်းဖက်မှုများသည် အမှန်တကယ် အင်အားရှိလှကြသည်တော့မဟုတ်တော့ဘဲ ဈေးကွက်ပျက်ပြားမှုကို တစ်ခဏတာသာ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ကြာရှည်လည်းခံနိုင်ရည် ရှိကြတော့မည်မဟုတ်ပါချေ။ သို့သော်လည်း ဤသို့သော နှောင့်ယှက်မှုများနှင့်မှု ကျွန်တော်တို့ နောက်ထပ် (၁၀) နှစ်ခန့်ကြာမျှတော့ အတူတကွ နေထိုင်ကြရပါဦးမည်။

ဤသို့ နိုင်ငံရေးအဓိကရုဏ်းများနှင့် စီးပွားရေးဖွံ့ဖြိုးမှု အတူတကွရှိခဲ့သည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်တော့ မဟုတ်ပါချေ။ ယခင်စောစွာသောအချိန်တစ်ချိန်၌ ယခုကဲ့သို့ ဖြစ်ဖူးခဲ့ချေသည်။ (1890s) ကာလများနှင့် (1900s) ကာလများတွင် တစ်ကြိမ်၊ (1950s) နှင့် (1960s) ကာလများတွင်တစ်ကြိမ် ဖြစ်ပွားခဲ့ဖူးပါသည်။ နိုင်ငံရေးမတည်မငြိမ်၊ ဟန်ချက်ပျက်ပြားနေသော်လည်း စီးပွားရေးကမူကောင်းမွန်နေခဲ့သည်။ ထိုအချိန်နှစ်ချိန်တွင် တူညီသောအရာတစ်ခု ရှိခဲ့သည်။ နိုင်ငံကြီးများက ကမ္ဘာ့စီးပွားရေးကဲ့သို့ ဝင်ရောက်ခဲ့သည်။ စီးပွားရေးအင်အားစု အရွယ်အစား ကြီးမားလာကြပြီး စီးပွားရေးပုံစံပြောင်းလာကြသည်။ စီးပွားရေး အရွယ်အစားမှာ လွန်စွာကြီးမားလာပြီး နေရာဒေသကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ဖူးသည်။

၁၉ ရာစုနှောင်းပိုင်းကာလများနှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် ဥရောပတို့၏ မဟာအင်အားများအကြား စိုးရိမ်မှု၊ ထိတ်လန့်မှုများ မကြာခဏရှိခဲ့သည်။ ဘော်လ်ကန်ဒေသတွင်း မကြာခဏ အကျပ်အတည်းများ ဖြစ်ပွားခဲ့သည်။ တောင်အာဖရိကတွင်လည်း ထိုနည်းနှင်နှင် ဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့စီးပွားရေး၏စန်းပွင့်မှုသည် နိုင်ငံများ လက်နက်ယှဉ်ပြိုင်မှုထက် သာလွန်ခဲ့ပါသည်။ ဤအချိန်သည် 'အရင်းအနှီး၏ ဦးစွာရွေ့ပြောင်းမှုအချိန်' ဖြစ်သည်။ ဥရောပမှသည် ကမ္ဘာသစ်ဆီသို့ 'အရွေ့' ဖြစ်၏။ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့ အလျင်အမြန် စက်မှုကဏ္ဍတိုးတက်လာကြပြီး ထိုနှစ်နိုင်ငံ ကမ္ဘာ့စီးပွားရေးအင်အားကြီး (၃) နိုင်ငံမှ (၂) နိုင်ငံ ဖြစ်လာတော့သည်။

(1950s) နှင့် (1960s) အစောပိုင်းကာလများကို တည်ငြိမ်မှုကောင်းသောကာလများဟု မှတ်မိကြပါလိမ့်ဦးမည်။ တကယ်တမ်းတွင်မူ သူတို့ကြားမှာ တင်းမာ

mgyoe.com

mgyoe.com


မှုများကတော့ ရှိနေဆဲဖြစ်သည်။ စစ်အေးကာလ၏အကြိုဟု တချို့က အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဆိုဗီယက်ယူနီယံနှင့် တရုတ်တို့၏ပဋိပက္ခများ၊ ကိုရီးယား တကယ့်စစ်ပွဲများက အခြားနိုင်ငံများကို ခြောက်လှန့်ခဲ့ဖူးသည်။ အချိန်ကိုက် အကျပ်အတည်းများလည်း ရှိခဲ့သည်။ ထိုင်ဝမ်ရေလက်ကြား၊ ကွန်ဂိုအရေးအခင်း၊ ဆူးအက်တူးမြောင်း၊ ဗီယက်နမ်စစ်ပွဲများက စစ်နွှတ်ခမ်းသို့ တွန်းပို့ကြသည်၊ စစ်ပွဲများလည်းဖြစ်ခဲ့ကြသည်။ သို့သော်လည်း စက်မှုနိုင်ငံများကမူ ဆက်လက်၍ ခရီးနှင်နိုင်ခဲ့ကြပါသည်။ ဤကာလသည်လည်း အရင်းအနှီးအရွေ့၏ ဒုတိယအချိန် ဖြစ်ပါသည်။

အမေရိကန်မှ ငွေကြေးအရင်းအနှီးအမြောက်အမြားသည် ဥရောပနှင့် အာရှအရှေ့သို့ စီးဝင်သွားသည်။ အကျိုးဆက်အားဖြင့် အနောက်ဥရောပသည် ဒုတိယကမ္ဘာစစ်ဆိုးကြောင့် ဖြစ်ခဲ့ရသောပြာပုံဘဝမှနိုးထပြီး နိုင်ငံများကိုယ်တိုင် ပြန်လည်တည်ဆောက်လာနိုင်ခဲ့ကြသည်။ ဂျပန်သည် ပထမဦးဆုံး အနောက်နိုင်ငံများမဟုတ်သော နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး အောင်မြင်စွာ စက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်သောနိုင်ငံတစ်ခု ဖြစ်ပါသည်။ တစ်နှစ် စီးပွားရေးတိုးတက်နှုန်း (၉%) ဖြင့် နှစ်ပေါင်း ၂၃ နှစ်တိုင်အောင် ဆက်တိုက်အောင်မြင်တိုးတက်ခဲ့သော အာရှနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ထိုအချိန် နှစ်ချိန်လုံးမှာပင် 'သွင်းအားစု' သည် ထုတ်လုပ်မှုကို ကောင်းစွာတိုးတက်စေခဲ့ပြီး ရေရှည်ထိန်းသိမ်းနိုင်စွမ်းရှိသော စီးပွားတိုးတက်မှုကို ဖြစ်စေခဲ့သည်။ ကုန်ဈေးနှုန်းများကျဆင်းခြင်း၊ အတိုးနှုန်းများသက်သာခြင်း။ ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားစေခြင်း၊ ထွန်းသစ်စဈေးကွက်၊ ဂျာမနီ၊ အမေရိကန်နှင့်ဂျပန်တို့ကို ကောင်းစွာအသုံးချ အကျိုးကျေးဇူးရှိစေခဲ့ကြသည်။ ၂၀ ရာစုအဝင်တွင်မူ 'ဝယ်လိုအား' သည် ကောင်းစွာမြင့်မားခဲ့သော်လည်း ဥရောပတွင် ဂျုံဈေးနှုန်းများ (၂၀–၃၅)% မျှကျဆင်းခဲ့သည်။ အမေရိကန်တို့၏ မြောက်မြားစွာသော ပြည်ပသို့ ဂျုံတင်ပို့မှုကြောင့်ဖြစ်သည်။ (အလားတူပင် ယနေ့ထုတ်ကုန်များ၏ ဈေးနှုန်းများတဖြည်းဖြည်းကျဆင်းလာခဲ့သည်၊ အာရှ၏ လုပ်အားခ ဈေးသက်သာမှုကြောင့်ဖြစ်သည်၊ ဝယ်လိုအားကတော့ မြင့်တက်ဆဲဖြစ်သည်နှင့် နှိုင်းယှဉ်နိုင်သည်။) အချိန်နှစ်ချိန်လုံးမှာပင် အဓိကဇာတ်ဆောင်နိုင်ငံများမှာ ပြည်ပတင်ပို့မှုပေါ်အခြေခံ၍ တိုးတက်ခဲ့ကြပြီး သွင်းကုန်များကလည်း တစ်ဖက်တွင် ပိုမိုများပြားလာခဲ့ကြသည်။ (၁၈၆၀–၁၉၁၄) ကြားကာလတွင် အမေရိကန်တို့၏သွင်းကုန်သည် (၅) ဆ တိုးတက်လာပြီး ပြည်ပပို့ကုန်မှာ (၇) ဆ တိုးတက်လာခဲ့ပါသည်။

ကျွန်တော်တို့ ယခုအခါ တတိယအကြိမ် ကမ္ဘာ့စီးပွားရေး တိုးတက်

mgyoe.com

mgyoe.com

ကျယ်ပြန့်သောကာလအတွင်း နေထိုင်ကြသူများဖြစ်ပြီး ကမ္ဘာ့စီးပွားရေး အကြီးကျယ်ဆုံး ကျယ်ပြန့်ခြင်းလည်းဖြစ်သည်။ လွန်ခဲ့သော ၁၀ စုနှစ်က ပြည်သူသန်း ၂၀၀၀ က ကမ္ဘာ့စီးပွားရေးထဲပါဝင်လာခဲ့ပြီး ယခုအခါ ကမ္ဘာ့ပြည်သူအများစုက ကမ္ဘာ့စီးပွားရေး ကျယ်ပြန့်မှုရေစီးတွင် ပါဝင်လာခဲ့ကြပြီဖြစ်သည်။ ထိုစီးပွားရေးပြန့်ကားမှုတွင် အနောက်အုပ်စုမှ ငွေအရင်းအနှီးများ အာရှသို့စီးဝင်မှုက အဓိကဖြစ်သည်။ ရလဒ်အားဖြင့် (၁၉၉၀–၂၀၀၇) ကမ္ဘာ့စီးပွားရေးပမာဏသည် ($ 22.8 trillions) မှ ($ 53.3 trillions) သို့ ကြီးထွားလာပြီး ကမ္ဘာ့ကုန်သွယ်ရေးပမာဏကလည်း (၁၃၃ %) တိုးတက်လာပါတော့သည်။ ထွန်းသစ်စဈေးကွက်က ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ တစ်ဝက်ကျော်ကို ပိုင်ဆိုင်ထားကြသည်။ ဝယ်လိုအားညွှန်းကိန်းအရ ကမ္ဘာ့စီးပွားရေး၏ (၄၀ %) ကို ရယူကြသူများဟုလည်း ပညာရှင်များက ဆိုသည်။ ကမ္ဘာ့စီးပွားရေးသို့ အသစ်ဝင်ရောက်လာကြသူများ တိုးတက်ခြင်းမှာ သူတို့၏ကိုယ်ပိုင်ဈေးကွက်များကြောင့်ဖြစ်သည်။ အနောက်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့မှုကြောင့် မဟုတ်ချေ။ ဆိုလိုသည်မှာ ခေတ္တခဏမျှသာ တည်ရှိမည် ဖြစ်သောဖြစ်ရပ်မျိုးမဟုတ်၊ ခိုင်မာသောဖြစ်တည်မှု ဖြစ်သည်။

အချို့သောသူများက (1980s)ကာလများတွင် ဂျပန် တဟုန်ထိုးတိုးတက်လာမှုပေါ်တွင် အကောင်းမမြင်ကြချေ၊ အနောက်နိုင်ငံခပ်များများက ဂျပန်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာလျှင် ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးထားလိမ့်မည်ဟူသော အမြင်မျိုးရှိကြသည်။ ထိုအမြင်များမှာ အဆိုးမြင်ဝါဒ၊ အကြောက်လွန်ဝါဒ ဖြစ်သည်။ ဂျပန်တွင် တကယ်တော့ အလုပ်လက်မဲ့များစွာရှိပြီး စီးပွားရေးလေးလံမှု (၁၅) နှစ်မျှရှိခဲ့ပါသည်။ ၁၉၈၅ တွင် ဂျပန်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး ဒုတိယအင်အားအကြီးဆုံးနိုင်ငံအဖြစ် ရောက်ရှိလာခဲ့တော့သည်။ ကျွမ်းကျင်သူအတော်များများက ဂျပန်တို့သည် လမ်းကြောင်းအမှန်ပေါ်ရောက်နေပြီး အမေရိကန်တို့၏ ကမ္ဘာ့အဆင့် (၁) ကို မကြာခင် ရယူတော့မည်ဟု သုံးသပ်ထားကြသည်။

သို့သော်လည်း ဂျပန်တို့၏စီးပွားရေး၊ အဖွဲ့အစည်းဥပဒေနှင့် နိုင်ငံရေးသည် အသေအချာခေတ်မီမှု မရှိပါသေးချေ။ ဂျပန်သည် နောက်ဆုံးအဆင့်ကို ခုန်ပျံကျော်လွှားခြင်းငှာ မစွမ်းဆောင်နိုင်သေးဟု ဆိုလိုချင်သည်။ ဆန့်ကျင်ဘက်အားဖြင့် တရုတ်နိုင်ငံသည် ယခုထက်ထိ ဆင်းရဲတွင်းမှ မလွတ်မြောက်သေးချေ။ လူတစ်ဦးချင်းဝင်ငွေ ($ 2500) သာ ရှိပါသေးသည်။ တရုတ်ဟို့ ပထမအဆင့်နိုင်ငံသို့ ရောက်ရှိလာလျှင် တွေ့ကြုံရမည့် ပြဿနာပေါင်းများစွာ ရှိနေပါသေးသည်။ သို့သော်လည်း တွေးမြင်နိုင်သော အနာဂတ်အတွက် တရုတ်တို့၏စီးပွားရေးကို နှစ်ဆဖြစ်အောင်

mgyoe.com

mgyoe.com


စွမ်းဆောင်နိုင်မည် ဖြစ်သည်။ တရုတ်၏ အဓိကလုပ်ငန်းများဖြစ်သော ကစားစရာ အရုပ်များ၊ အဝတ်အထည်များနှင့် ဆဲလ်လူလာဖုန်းများကို ဆက်လက်အာရုံထား ဆောင်ရွက်သင့်သည်။

အိန္ဒိယသည် လုပ်အားခ အလွန်နည်းပါးမှုမှ စတင်ခဲ့သောနိုင်ငံ ဖြစ်သည်။ နှစ်ပေါင်းများစွာ ဆက်လက်ဖွံ့ဖြိုးနေအောင် ဆောင်ရွက်နိုင်သောနိုင်ငံတစ်ခုလည်း ဖြစ်သည်။ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နိုင်စွမ်းရှိသောနိုင်ငံ ဖြစ်၏။ လူလတ်တန်းစားဝင်ငွေရရှိသူ 'ထု' ကို ကြီးစွာမရရှိသည့်တိုင်အောင် (၂၁) ရာစုသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အတွက် ကမ္ဘာ့ဒုတိယနှင့် တတိယစီးပွားရေးအကြီးဆုံးနိုင်ငံများ ဖြစ်လာနိုင်ပါသည်။

သမိုင်း၏ မတော်တဆဖြစ်မှုပါ၊ လွန်ခဲ့သော နှစ်–ရာစုအနည်းငယ်က ကမ္ဘာ့ချမ်းသာသောနိုင်ငံအများစုမှာ လူဦးရေနည်းပါးသောနိုင်ငံများသာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကသာ လူဦးရေအများဆုံးဖြစ်သည်။ ထို့ကြောင့် အမေရိကန်၏ အင်အား လွှမ်းမိုးခဲ့ခြင်းဖြစ်သည်။ လူဦးရေများပြားသောနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေးများ လမ်းကြောင်းမှန်ပေါ်ရောက်ရှိပါက လွှမ်းမိုးနိုင်ငံ ဖြစ်နိုင်ဖွယ်ရာရှိသော်လည်း နိုင်ငံကြီးများ (လူဦးရေများသော) မှာ ဆင်းရဲမွဲတေမှုနွံမှ မထွက်နိုင်ကြသေးချေ။ သူတို့ကိုယ်တိုင်က မူဝါဒအသစ်များကို ချမှတ်ဆောင်ရွက်ရန် စိတ်မဝင်စားသေး၍ သို့မဟုတ် မဆောင်ရွက်နိုင်သေး၍ ယခုထက်ပိုသော လျင်မြန်မှုနှုန်းဖြင့် မတိုးတက်နိုင်သေးခြင်းဖြစ်သည်။ အင်အားကြီးများမှာ ဆက်လက်တိုးတက်မှုရှိနေကြပြီး အရွယ်အစားအားဖြင့် ပိုမိုကြီးမားလာကြကာ ကမ္ဘာ့မြေပုံပေါ်၌ သူတို့၏ ခြေရာလက်ရာတို့ ပို၍ကြီးထွားနေကြပါသည်။ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေတွင် အနောက်အုပ်စုထက်ပို၍ နည်းပါးကြသော်လည်း လူတို့၏ စုစုပေါင်းချမ်းသာမှုသည် အတော်ပင်ကြီးမားခဲ့ကြပြီး ဖြစ်သည်။

သင်္ချာဗေဒတွက်ချက်လျှင် သေးငယ်သည့်ကိန်းဂဏန်းကို ကြီးမားသော ကိန်းဂဏန်းဖြင့်မြှောက်လျှင် ကိန်းဂဏန်းကြီးကြီးကိုသာ ရပါသည်။ (တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံပေါင်း လူဦးရေသည် 2.5 billion ရှိသည်၊ ကမ္ဘာ့လူဦးရေစုစုပေါင်းမှာ 6 billion သာရှိ၏ –စာရေးသူ) နှေးကွေးသော စဦးမှတ်မှ စတင်ရွေ့လျားသည်ဆိုသော်လည်း ကြီးမားသော လူဦးရေကြောင့် သူတို့၏လားရာမှာ ရေရှည်အားဖြင့် အာမခံချက်ရှိနေပြီး ကမ္ဘာကြီး၏ ပါဝါအရွေ့ကို ဖြစ်ထွန်းစေပါသည်။

mgyoe.com

mgyoe.com


## အင်အားသုံးရပ်
## နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာ

သူတို့တစ်တွေအားလုံး မည်သို့ ဤအခြေအနေရောက်ရှိလာကြပါသနည်း? ထိုမေးခွန်းကိုဖြေဆိုရန်မှာ ကျွန်တော်တို့ ဆယ်စုနှစ်အနည်းငယ် နောက်ပြန်ဆုတ်၍ လေ့လာရန်လိုပါသည်။ (1970s) ကာလများတွင် နိုင်ငံများ မည်သို့ ၎င်းတို့၏ စီးပွားရေးကို မောင်းနှင်ခဲ့ကြပါသနည်း။ ထိုကာလများတွင် အာဝါသကောင်းမွန်စွာ ရှိခဲ့ကြောင်း ကျွန်တော် ကောင်းစွာမှတ်မိနေပါသည်။ ကျွန်တော် အိန္ဒိယနိုင်ငံတွင် ကြီးပြင်းခဲ့ပြီး အိန္ဒိယသည် အမေရိကန်တို့နှင့် တူညီသော ကစားကွင်းတွင် ကစားခဲ့ကြသည်ကို မတွေးတောမိခဲ့ပါချေ။ အိန္ဒိယမူဝါဒ၏ စိတ်အရင်းတွင် အသိဉာဏ်နှင့် ပညာဆိုင်ရာ လူတို့က အမေရိကန်တွင် ယခင်က ရှိဖူးသော ထိုအသိဆိုင်ရာ သီးသန့်လူတွေကဲ့သို့ ရှိနေနှင့်ပြီး ဖြစ်သည်။ အရင်းရှင်ပုံစံဖြစ်သည်။ ဆိုဗီယက်ယူနီယံကမူ ပုံစံတစ်မျိုးဖြင့် ခရီးနှင်နေသည်။ နယူးဒေလီသည် သတိကြီးစွာ တက်လှမ်းလာရင်း ယနေ့ အိန္ဒိယနှင့် အမေရိကန်တို့၏ စနစ်ကြားမှာ ရှိခဲ့သည်။ ဤရှုထောင့်မှကြည့်လျှင် အိန္ဒိယသည် သာမန်အခြေအနေမဟုတ်သည်ကို တွေ့နိုင်ပါသည်။ ဘရာဇီး၊ အီဂျစ်နှင့် အင်ဒိုနီးရှားတို့သည် တကယ်တမ်းတွင်မူ ကမ္ဘာ၏ တကယ့်အဓိကကျသော နိုင်ငံများဖြစ်ပါသည်။ သူတို့သည်လည်း လမ်းကြောင်းနှစ်ခု၏ကြားမှာ ဖြစ်နေသည်။ ခရီးလမ်းအဆုံး၏ ရလဒ်ကို မမျှော်မှန်းနိုင်သေးသောအခြေအနေဖြစ်ပြီး (1970s) ကာလများက အခြေအနေတစ်ရပ် ဖြစ်ပါသည်။ သူတို့ စီးပွားရေး၊ နိုင်ငံရေး တွန်းဆုတ်နေကြပြီး ဂျပန်နှင့် အရှေ့အာရှနိုင်ငံအနည်းငယ်က စီးပွားရေးသည် အရင်းရှင်စီးပွားရေးစနစ်၏ အငွေ့အသက်အချို့ကိုကား ရရှိနေကြပြီ ဖြစ်သည်။

သို့သော်လည်း (1980s) ကာလတစ်ဝိုက် ဆိုဗီယက်ယူနီယံကြီး ပြိုလဲသွားသည့် ကမ္ဘာ့ငလျင်ကြီးက အခြားနိုင်ငံတိုင်းကို အံ့အားသင့် 'ရှော့ခ်' ရစေခဲ့ပါသည်။ အရာရာကို ဗဟိုမှ ချုပ်ကိုင်အမိန့်ပေးသော နိုင်ငံရေးအင်အားစုကြီး နောက်ဆုံး လုံးဝ ပျက်သုဉ်းသွားခဲ့ပါသည်။ အချင်းချင်းငြင်းခုံမှုများ၊ သုံးသပ်မှုများ လုံးဝအရွေ့တစ်ခုကို ဖြစ်ပွားစေခဲ့သည်။

ရတ်တရက်ပင် နိုင်ငံတစ်ခု၏ စီးပွားရေး တိုးတက်ရာတိုးတက်ကြောင်းကို ချဉ်းကပ်သည့် တစ်ခုတည်းသောချဉ်းကပ်မှုနည်းလမ်း ပေါ်လာပါသည်။ ထို့ကြောင့် Alan Greenspan က ဆိုဗီယက်ယူနီယံကြီး ပြိုကျပျက်စီးမှုနှင့်ပတ်သက်၍ တီထွင်ဆန်းသစ်နိုင်သော စီးပွားရေးတစ်ရပ် လိုအပ်သည်ဟု ပြောခဲ့ခြင်းဖြစ်သည်။ ထိုမှနေ၍ အမျိုးမျိုးသော လွတ်လပ်မှု၊ ဈေးကွက်ဖော်ဆောင်မှုများ မည်သို့ကွဲပြားသည်ဖြစ်စေ

mgyoe.com

mgyee.com


ယေဘုယျဦးတည်လမ်းကြောင်းမှာ ပြောင်းလဲမှုမရှိခဲ့ပါ။ အင်္ဂလန်၏ ဝန်ကြီးချုပ်လည်းဖြစ် သံမဏိအမျိုးသမီးဟု တင်စားခြင်းခံရသော Margaret Thatcher က သူမ၏ အင်္ဂလန်စီးပွားရေး သွေးသစ်လောင်းရာတွင် 'အခြားနည်းလမ်းမရှိပါ' ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

(1970s) နှင့် (1980s) ကာလများတစ်ဝိုက် ဘာလင်တံတိုင်းအပြိုအလဲတွင် စီးပွားရေးဦးအတွေးအခေါ်သစ်များ အရွေ့ဖြစ်လာခဲ့သည်။ သမားရိုးကျ စီးပွားရေးပညာရှိမှု၊ ဥပမာ – IMF (International Monetary Fund) နှင့် World Bank တို့သည် ပို၍ အဝေဖန်ခံခဲ့ရသည်။ အထူးသဖြင့် အရင်းရှင်စနစ်၊ အတွေးအခေါ်နှင့် တီထွင်မှု ဖောင်းပေးသည့်ခေတ်တွင် ထို IMF နှင့် ကမ္ဘာ့ဘဏ်ကို အိန္ဒိယက ကောင်းစွာဝေဖန်ခဲ့သည်။ Jeffery Sachs လို ပညာရှင်က ကမ္ဘာတစ်ဝန်း လှည့်လည်သွားလာခဲ့ပြီး အစိုးရများကို 'လွတ်လပ်မှုပေးပါ' 'လွတ်လပ်မှုပေးပါ' 'လွတ်လပ်မှုပေးပါ' ဟူ၍ စီးပွားရေးလွတ်လပ်မှု ပိုမိုရရှိရန် အကြံဉာဏ် တစ်သမတ်တည်းပေးခဲ့ခြင်းဖြစ်သည်။

အနောက်နိုင်ငံများ၏ စီးပွားရေးကျောင်းများမှ ဆင်းရဲသောဘွဲ့ရများက မိမိတို့နိုင်ငံသို့ ပြန်ရောက်သောအခါ ဈေးကွက်နှင့် ရင်းနှီးသောမူဝါဒများကို ချမှတ်ဆောင်ရွက်လာကြသည်။ ဥပမာ ချီလီနိုင်ငံ၏ 'ချီကာဂိုမှလူငယ်များ' ကဲ့သို့သော စီးပွားရေးမူဝါဒသစ်များ ဖြစ်သည်။ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ 'အကဲလွန်အရင်းရှင်စနစ်' ကို စိုးရိမ်စိတ်များရှိလာခဲ့ပါသည်။ Sachs က ထို အစိုးရိမ်လွန်သူများကို ရှင်းပြနေရပါသေးသည်။ ဆွီဒင်၊ ပြင်သစ်၊ အမေရိကန်တို့ကို ဥပမာပေးပြီး ထို ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖော်ပြပါနိုင်ငံများအဆင့်သို့ အဆုံးသတ်၌ ရောက်ရှိနိုင်ကြောင်း၊ စီးပွားရေး ပိုမိုလွတ်လပ်ခွင့်ပေးဖို့သာလိုအပ်ကြောင်း ရှင်းပြခဲ့သည်။ ထိုအစိုးရိမ်လွန်နိုင်ငံများ၏ အတွေးအခေါ်နှင့် မူဝါဒသည် ထိုစဉ်က ဆိုဗီယက်ယူနီယံနှင့် ပို၍နီးစပ်နေကြပါသည်။

ခေတ်သစ်တွင် ဘဏ္ဍာရေးပါဝါသည် အရင်းတစ်ခုအရွေ့အပြောင်းအတွက် ကြီးစွာသောအင်အားရှိသည့်အရာဖြစ်သည်။ ဤအချက်သည် အလွန်ထင်ရှားသောအရာဖြစ်၏။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ငွေကြေးလဲလှယ်မှု တသမတ်တည်းသာရှိသော (ပုံသေ) ကာလဖြစ်၏။ အနောက်နိုင်ငံအများအပြားမှ အစိုးရများသည် သူတို့၏ငွေကြေးများ နယ်စပ်မှအဝင်အထွက်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ကြည့်ခဲ့ကြသည်။ ပြင်သစ်နှင့် အီတလီနိုင်ငံများအပါအဝင် ဖြစ်သည်။ ဒေါ်လာက ရွှေနှင့် ချိတ်ဆက်ထားသည်။ သို့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်ဖွံ့ဖြိုးလာ

mgyee.com

mgyoe.com

သောအခါတွင် ပုံသေငွေလဲလှယ်မှုသည် အနှောင့်အယှက်၊ အဟန့်အတားတစ်ခု ဖြစ်လာတော့သည်။ ပုံသေချိတ်ဆက်ထားသဖြင့် ငွေကြေးအချို့တို့ အင်အားချည့်နဲ့လာပြီး အရင်းအနှီးတစ်ခုကို အကောင်းဆုံးအသုံးချရန်အတွက် ကာကွယ်တားဆီးထားသလို ဖြစ်ခဲ့၏။ (1970s) နှင့် (1980s) ကာလများတွင် အနောက်နိုင်ငံအများအပြားက ထိန်းချုပ်ထားသောအရာတော်တော်များများကို ဖယ်ရှားပစ်လိုက်နိုင်ကြသည်။

ရလဒ်အနေဖြင့် အရင်းအနှီးအထောက်အပံ့များသည် အလုံးအရင်းကြီးစွာဖြင့် တစ်နေရာမှတစ်နေရာသို့ အလွယ်တကူစီးဝင်ရွေ့လျားနိုင်ကြတော့သည်။ ယနေ့လူအများ ကမ္ဘာ့ဆန်မှု (Globalization) ကို စဉ်းစားကြရာတွင် အရွယ်ပမာဏကြီးမားသော ငွေကြေးကို စဉ်းစားကြတုန်း၊ ပူပင်ကြတုန်း ရှိနေသေးသည်။ ငွေကြေးကုန်သည်များက တစ်နေ့လျှင် ($ 2 trillion / day) ကို ကမ္ဘာတစ်ဝန်း တစ်နေရာမှ တစ်နေရာသို့ လျှပ်တစ်ပြက် ရွှေ့ပြောင်းနိုင်ကြသည်။ ဤအင်အားသည် ဂုဏ်ပြုလိုသောနိုင်ငံများကို ဂုဏ်ပြုနိုင်သလို ဒဏ်ပေးလိုသောနိုင်ငံများကိုလည်း ဒဏ်ခတ်နိုင်ကြသည်။ ဤအချက်သည် ကမ္ဘာ့ဆန်မှု၏ ရုပ်သွင်ထဲမှတစ်ခု ဖြစ်သည်။

ငွေကြေးဘဏ္ဍာများကို လွတ်လပ်စွာစီးဆင်းစေသော မူဝါဒသည် တော်လှန်ရေးတစ်ရပ်ကဲ့သို့ ရှိချေသည်။ လွတ်လပ်သော ဗဟိုဘဏ်များဖြင့် ဆောင်ရွက်နိုင်မှုနှင့် ငွေကြေးဖောင်းပွမှုတို့ကို ကောင်းစွာထိန်းချုပ်ပေးနိုင်ကြသည်။ လွန်ကျူး ငွေဖောင်းပွမှု (Hyperinflation) သည် နိုင်ငံတစ်ခု ကျဆုံးသွားသည်အထိ စွမ်းအားရှိပြီး အဆိုးဆုံးသောရောဂါတစ်ခုလည်းဖြစ်သည်။ ၎င်းက ငွေ၏တန်ဖိုးကို ဖယ်ရှားပစ်နိုင်သည်။ ငွေစုဆောင်းမှုများ၊ အက်ဆက်ပိုင်ဆိုင်မှုများကို ပျက်ပြားစေသည်။ လွန်ကျူးငွေဖောင်းပွမှုသည် စီးပွားရေးကပ် (Recession) ထက်ပင် ပို၍ဆိုးသော အကျိုးဆက်များကို ပေးပါသည်။

ဟိုက်ပါအင်ဖလေးရှင်းသည် ယနေ့ပိုင်ဆိုင်မှုများကို ခားပြတိုက်ပါလိမ့်မည်။ စီးပွားရေးကပ်က သင်၏လူနေမှုအဆင့်အတန်းကို လျှော့ပါးစေရုံသာ လျှော့ပါးစေနိုင်သည်။ သို့ကြောင့် ထိုသော လွန်ကျူးငွေဖောင်းပွမှုများကို သက်ဆိုင်ရာ အစိုးရများက တိုက်ဖျက်နေကြခြင်းဖြစ်သည်။ သို့မဟုတ်ပါက ထိုလွန်ကျူးငွေဖောင်းပွမှုက အစိုးရကို ဖြုတ်ချ၊ တော်လှန်ရေးကို ဆင်နွှဲကြမည်ဖြစ်သည်။ ဂျာမနီတွင် မဟာစီးပွားရေးပျက်ကပ်ရောက်ရှိစဉ် နာဇီတို့ကို သြဇာအာဏာရရှိစေခဲ့ဖူးသည်။ လွန်ကျူးငွေဖောင်းပွမှုသည် လူလတ်တန်းစားတို့ကို ဖျက်ဆီးစေပြီး သူတို့၏ စုဆောင်းငွေကြေးတို့ကို အကျိုးမဲ့ အချည်းအနှီးဖြစ်စေသည်ကတော့ အမှန်ပင်။

mgyoe.com

mgyoe.com


တစ်ဦးတစ်ယောက်က စစ်ပွဲတစ်ပွဲစီသို့ ငွေစောင်းကြည့်လျှင် ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့် တစ်ခါတည်း အောင်နိုင်မှုရရှိခြင်းအဖြစ် တွေ့ရသည်မှာ နည်းပါး ပါသည်။ (1980s) နှောင်းပိုင်းကာလတွင် အရေးကြီးသော တစ်ဒါဇင်မျှ နိုင်ငံများ သည် လွန်ကျူးငွေဖောင်းပွမှု၏ဒဏ်ကို ခံစားခဲ့ကြရသည်။ အာဂျင်တီးနားတွင် (၃၅၀၀%)၊ ဘရာဇီးတွင် (၁၂၀၀%)၊ ပီရူးတွင် (၂၅၀၀%) မျှ ငွေဖောင်းပွမှုများ ရှိခဲ့ကြဖူးသည်။ (1990s) တွင် နိုင်ငံများသည် အလွန်သတိကြီးစွာ ငွေကြေးဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒသစ်များကို ချမှတ်ခဲ့ကြရသည်။

တချို့သောနိုင်ငံများက ငွေကြေးကို 'အရှင်' ထားရန် သဘောတူခဲ့ကြပြီး အချို့နိုင်ငံများက ၎င်းတို့၏ငွေကြေးကို ဒေါ်လာနှင့် ချိတ်ဆက်ထားလိုကြသည်။ တချို့နိုင်ငံများကမူ ၎င်းတို့၏ငွေကြေးကို ယူရိုဒေါ်လာနှင့် ပို၍ ဆက်စပ်စေလိုကြ ပြန်သည်။ အကျိုးရလဒ်အားဖြင့် ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံ ၂၀၀ အနက် ၁၂ နိုင်ငံမျှသာ ငွေကြေးဖောင်းပွမှု (၁၅%) အထက် ခံစားနေကြပြီး ဟေတီ၊ ဇင်ဘာဘွေ နိုင်ငံတို့ ပါဝင်ကြပါသည်။ ငွေကြေးဖောင်းပွမှု နည်းပါးခြင်းဟူသော ကျယ်ပြန့်သည့် အာဝါသသည် နိုင်ငံရေးတည်ငြိမ်မှုအတွက် အလွန်အရေးပါသော အကြောင်း တစ်ချက်ဖြစ်ပြီး ထွန်းသစ်စနိုင်ငံများအတွက် အလွန်ကောင်းမွန်သော စီးပွားရေး များကို ဆောင်ကြဉ်းပေးရာလည်း ဖြစ်သည်။

ခေတ်သစ်ဆီသို့ ရှေးရှုသောနိုင်ငံများအနက် နိုင်ငံရေးအင်အား၊ စီးပွားရေး အင်အားများသည် အရေးကြီးသောကဏ္ဍများဖြစ်သည်နှင့်အတူ အတွဲလိုက်သော နည်းပညာဆန်းသစ်မှုများကလည်း အင်အားပါဝါတစ်ရပ်အဖြစ် ပြန်လည်အမှတ် ရကြသူ နည်းပါးပါလိမ့်မည်။ သတင်းများ ပျံ့နှံ့မှု တုံ့နှေးခြင်း၊ တစ်သမတ်တည်း မရှိခဲ့ခြင်းများ ရှိခဲ့သည်။ သို့သော်လည်း (1990s) ကာလများသို့ရောက်သောအခါ ဖြစ်ရပ်များ နေရာအနှံ့အပြား၌ ပြန့်ပွားခဲ့ပြီး သတင်းပြန့်နှံ့မှု လွန်စွာမြန်ဆန်ခဲ့သည်။ အရှေ့ဘာလင်၊ ကူဝိတ်၊ တီယာနန်ရင်ပြင်အရေးအခင်းများအကြောင်းကို တစ်မဟုတ် ချင်း ကမ္ဘာကသိခွင့်ရလာခဲ့သည်။ နိုင်ငံရေးနှင့်ပတ်သက်သော သတင်းအချက် အလက်များ ပို၍သိခွင့်ရလာနိုင်သည်။ သို့သော်လည်း သတင်းတစ်ခုရရှိဖို့ စရိတ် စကကြီးမားနေပါသေးသည်။ စရိတ်စက ကြီးမားခြင်း၊ မြင်သာထင်သာရှိခြင်းများကို ကျော်လွှားနိုင်ရန် နောက်ထပ်တော်လှန်ရေးတစ်ရပ် ဆင်နွှဲရပါဦးမည်။ ယနေ့အခါတွင် ကား သတင်းအချက်အလက်များစွာကို အဖိုးနှုန်းချိုသာစွာဖြင့် အင်တာနက်မှ ဖတ်ရှု ရရှိနိုင်ပြီ ဖြစ်သည်။ လွန်ခဲ့သော နှစ် ၂၀ ခန့်က ပုံမှန်မဟုတ်သော စီးပွားရေးများကို နှိုင်းယှဉ်ရန် သတင်းအချက်အလက်များ ကောင်းစွာမရရှိဘဲ စရိတ်စကများလည်း
mgyoe.com

ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ခဲ့သည်။

ဆက်သွယ်ရေးနည်းပညာ၏ ကျယ်ပြန့်လာမှုသည် ကမ္ဘာကြီးအား ပို၍ နက်ရှိုင်းစွာ ချိတ်ဆက်ပေးလိုက်ပြီး Thomas Friedman ပြောခဲ့သလို ကမ္ဘာကြီး အပြားလိုက် ဖြစ်သွားခဲ့ပါပြီ။ ဈေးနှုန်းသက်သာသော တယ်လီဖုန်း ခေါ်ဆိုခများနှင့် ဘရော့ဘင် (Broadband) စနစ်ကြောင့် လူအများသည် တစ်နိုင်ငံအတွက်အလုပ်ကို အခြားနိုင်ငံများမှလည်း လုပ်ဆောင်နိုင်ခွင့် ရရှိလာခဲ့ကြပါသည်။ အရင်းရှင်စီးပွားရေး စနစ်၏ နောက်ထပ် တက်လှမ်းလိုက်သော အဆင့်တစ်ဆင့်ဖြစ်သည်။ ၁၅ ရာစု တွင် ရေကြောင်းသွားလာရေး၌ သင်္ဘောကြီးများ ဆိုက်ကပ်လာနိုင်ခဲ့ခြင်းသည် ကုန်စည်များ များပြားစွာ စီးဆင်းနိုင်ခဲ့သည်။ ၁၇ ရာစုတွင် ခေတ်သစ်ဘဏ်စနစ် ပေါ်ထွက်လာခဲ့သဖြင့် အရင်းအနှီးများ ရွှေ့ပြောင်းလာနိုင်ခဲ့ပြန်သည်။ (1990s) တွင် လုပ်သားများလည်း ရွှေ့ပြောင်းနိုင်စွမ်း ရှိလာခဲ့ပြန်သည်။

လူအများသည် သူတို့အလုပ်ရှိရာသို့ မလိုအပ်ဘဲသွားရောက်ရန် မလိုတော့ ချေ။ သို့သော်လည်း အလုပ်များက လိုအပ်လာလျှင် သူတို့ထံ ရောက်လာကြရ သည်။ ဖိလစ်ပိုင်မှ တယ်လီဖုန်းအော်ပရေတာများ၊ ထိုင်းနိုင်ငံမှ ဓာတ်မှန်ရောင်ခြည် လုပ်ငန်းများ၊ အိန္ဒိယမှ ကွန်ပျူတာပရိုဂမ်မာများသည် ၎င်းတို့နိုင်ငံများ၌သာ လုပ်သားတို့က အသင့်နေထိုင်ပြီး အခြားနိုင်ငံများမှအလုပ်ကို လုပ်ကိုင်နေကြပါ သည်။ ဤရာစုနှစ်အတွင်း ကုန်စည်များပို့ဆောင်မှုစရိတ် လွန်စွာလျော့ကျသွားခဲ့ သည်။ ဝန်ဆောင်စရိတ်များလည်း လျော့ကျသွားသည်။ ဘရော့ဘင် (အင်အားကြီး ဆက်သွယ်ရေးနည်းပညာ)ကို တီထွင်နိုင်ခြင်းသည် ဝန်ဆောင်မှုလုပ်ငန်း တော်တော် များများ၌ ကုန်ကျငွေကို အောက်ဆုံးသို့ ကျရောက်သွားစေသည်။ လုပ်ငန်းတိုင်းကိုမှ ပြင်ပနိုင်ငံများ၌ လုပ်ဆောင်ရန်မလိုပါ။ သို့သော်လည်း လုပ်အားခ ချိုသာသော နေရာများ၌ လုပ်ငန်းများ ဖြန့်ကျက်လုပ်ဆောင်စေခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိစေ ပါသည်။

ဤသို့သောသဘောဖြင့် လုပ်ငန်းများ ပြန်လည် လည်ပတ်နေပါသည်။ ၁၈ ရာစုအစပိုင်း အဝတ်အထည်လုပ်ငန်းများ ဗြိတိသျှမှ ဂျပန်သို့ ရွှေ့ပြောင်းသွားသည်။ ဤသို့သောနည်းစနစ်များသည် ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်တိုးတက်နေသည်။ ထိုင်းနိုင်ငံ ရှိ အထည်ချုပ်စက်ရုံများကို အမေရိကန်နိုင်ငံက အဝေးမှ ကောင်းစွာစီမံခန့်ခွဲနိုင်ပြီ ဖြစ်သည်။ ဝယ်ယူမှု၊ ထုတ်လုပ်မှု၊ ဈေးကွက်၊ တပ်ဆင်မှု၊ ရောင်းချမှု တော်တော်များ များကို ကွင်းဆက်စနစ်ဖြင့် နိုင်ငံတော်တော်များများက ဆောင်ရွက်နေကြပါပြီ။

(1980s) မှစ၍ နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာအားသုံးအားသည်

mgyoe.com

တူညီသောလားရာသို့ စုပေါင်းချီတက်ကြပြီး ပွင့်လင်းမှု၊ ဆက်သွယ်ရေး ပိုမိုချိတ်ဆက်မှုစသော နိုင်ငံတကာပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ ဤအခွင့်အရေးသည် နိုင်ငံတိုင်း တူညီစွာရရှိသော အခွင့်အရေးတစ်ရပ် ဖြစ်သည်။ နှစ် ၂၀ ခန့်က ဘရာဇီးနှင့် တူရကီတို့သည် ပုံစံတူတိုးတက်ဖွံ့ဖြိုးလာကြပြီး နှေးကွေးသော တိုးတက်မှု၊ အဆိုးအတားမရှိသော ငွေကြေးဖောင်းပွမှု၊ မြင့်တက်လာသော ကြွေးမြီများ၊ တောင့်တင်းကြံ့ခိုင်မှုမရှိသော ပုဂ္ဂလိကကဏ္ဍနှင့် ပြိုပျက်လွယ် နိုင်ငံရေးစနစ်များဖြင့် ဖြစ်သည်။ ယနေ့တွင်မူ ထိုနိုင်ငံနှစ်ခုစလုံးသည် ကောင်းစွာကိုင်တွယ် စီမံခန့်ခွဲနိုင်ပြီ ဖြစ်ပြီး သမိုင်းတွင် အလွန်အရေးပါသော ငွေကြေးဖောင်းပွမှုနှင့်သာ ဖြစ်သည်။ အားကောင်းမောင်းသန်တိုးတက်မှု၊ ကြွေးမြီကျဆင်းမှု၊ ပုဂ္ဂလိကကဏ္ဍ အင်အားကြီးလာမှုနှင့် တည်ငြိမ်သော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

ဘရာဇီးနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် အမေရိကန်နှင့် တန်းတူနီးပါးမျှ နိမ့်ကျသွားပြီဖြစ်သည်။ ဘရာဇီးရော၊ တူရကီပါ ပြဿနာအချို့တော့ ရှိနေဆဲဖြစ်သည်။ သို့သော်လည်း နှစ်နိုင်ငံလုံးသည် အသေအချာတိုးတက်နေသောလမ်းကြောင်းပေါ်သို့ ရောက်သွားပြီ ဖြစ်သည်။

ဈေးကွက်သည် ထိုနိုင်ငံများ၏ အမြင်အာရုံသို့ ကောင်းစွာ ရွေ့လျားသွားသည်။ သူတို့၏ကြွေးမြီများမှာ ပထမကမ္ဘာနိုင်ငံများကဲ့သို့ စွန့်စားမှုမရှိဘဲ အလေးမူစရာပင် မရှိတော့ချေ။ အကယ်ဆို ထွန်းသစ်စဈေးကွက်မှာ ကြီးစွာသော အပိုအလျှံများ ရရှိခဲ့ကြပြီး ကမ္ဘာ့ငွေကြေးအရန်အင်အား၏ (၇၅%) ကို ပိုင်ဆိုင်ထားကြပြီဖြစ်သည်။ တရုတ်နိုင်ငံ တစ်နိုင်ငံတည်းကပင် နိုင်ငံခြားအရန်ငွေ ($ 1.5 trillion)မျှ စုဆောင်းမိနေပြီ ဖြစ်သည်။ ခရစ်နှစ် ၂၀၄၀ တွင် ထွန်းသစ်စ ဈေးကွက်ရှိရာနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ဘရာဇီး၊ ရုရှားနှင့် မက္ကဆီကိုနိုင်ငံများ၏ ထုတ်ကုန်အင်အားစုသည် (G-7) ဆိုသော စက်မှုထိပ်သီး (၇) နိုင်ငံထက် ကျော်လွန်သွားနိုင်ဖွယ်ရာရှိသည်ဟု ကမ္ဘာကျော် Goldman Sachs ကုမ္ပဏီကြီးက ကြိုတင်ခန့်မှန်းထားပါသည်။

## များပြားခြင်း၏ပြဿနာ

လွန်ခဲ့သော ၂၀ နှစ်ခန့်က ကျွန်တော်တို့သည် အင်အားများ၊ အချိန်နှင့် အကျပ်အတည်းပေါ် စိုးရိမ်ရမှုများအတွက်လည်းကောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် အကြမ်းဖက်မှု၊ နျူကလီးယားပြန်ပေးဆွဲမှု၊ စစ်ပွဲများ၊ ပထဝီနိုင်ငံရေးတို့အပေါ် အာရုံများခဲ့ကြရသည်။ ဤသည်မှာ သဘာဝတစ်ခုဖြစ်ပါသည်။ အဆိုးဆုံးကို မျှော်

mgyde.com

mgyoe.com

လင့်ထားခြင်းသည် အန္တရာယ်ကို ကာကွယ်ပေးရာရောက်သည်။ ကျွန်တော်တို့မှာ တကယ်တော့ မကောင်းသောသတင်းများ ရှိခဲ့ပါသည်။ ဆော်လကာန်နှင့် အာဖရိက စစ်ပွဲများသည် ကမ္ဘာတစ်ခွင် အကြမ်းဖက်မှုများ၊ အရှေ့အာရှ၊ ရုရှား၏ စီးပွားရေး အကျပ်အတည်းများ၊ အမေရိကန်၏ အဆိုးဆုံး စီးပွားရေးဂယက်များအထိဖြစ် သည်။ ကမ္ဘာ့ဖွံ့ဖြိုးမှုသည် တစ်ချိန်တည်း တစ်ပြေးညီ ဖြစ်ပေါ်လာမည်ဆိုပါက အလွန်ကောင်းမွန်သောသတင်း ဖြစ်ပါလိမ့်မည်။ ဒေသအတော်များများတွင်မူ ရှုပ်ထွေးလှသော၊ ပြင်းထန်သောအကျပ်အတည်းများ၏ တိုးတက်လာမှုများကို ရင်ဆိုင်ကြရသည်။

ကမ္ဘာ့တိုးတက်မှုသည် ကျွန်တော်တို့၏အချိန်တွင် ကြီးစွာသောဇာတ်လမ်း တစ်ခုဖြစ်သည်။ ကုမ္ပဏီများ ဖျက်သိမ်းရမှု၊ တိုးတက်စုဆောင်းရငွေများ ကမ္ဘာအနှံ့ ရွေ့ပြောင်းစီးဆင်းမှုတို့ကို ထင်ဟပ်စေသည်လည်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လုပ်အားခနည်းပါးသောနိုင်ငံများ တိုးတက်ဖွံ့ဖြိုးလာမှုက ငွေကြေးဖောင်းပွမှုကို ထိန်း သိမ်းလာနိုင်စေသည်။ အိန္ဒိယနှင့် တရုတ်ကိုကြည့်လျှင် ကမ္ဘာ့ငွေကြေးခိုင်မာမှုကို ဆောင်ရွက်ပေးနေသည့် စက်ကြီးနှစ်လုံးပမာဖြစ်သည်။ တရုတ်မှ ထုတ်ကုန်ပစ္စည်း များ အခြားကမ္ဘာသို့တင်ပို့မှုနှင့် အခြားအနောက်နိုင်ငံများထက် ဈေးနှုန်းချိုသော အိန္ဒိယ၏ ဝန်ဆောင်မှုတို့သည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အထောက်အကူပြု သည့်ပြင် ငွေကြေးဖောင်းပွမှုကိုပါထိန်းသိမ်းပေးထားကြောင်း တွေ့ရသည်။ ဤအခြေ အနေကပင် အကြောင်းရင်းကြီးတစ်ရပ်အဖြစ် ဗဟိုဘဏ်များအတွက် ငွေကြေး ဖောင်းပွမှုကို စိတ်ပူစရာမရှိအောင် ဖန်တီးပေးထားသလို ဖြစ်နေပါသည်။ ဆယ်စုနှစ် နှစ်စုစာမျှအတွက် အတိုးနှုန်းများလျော့ကျအောင် ဆောင်ရွက်ပေးသည့်ပြင် ကာလ ရှည်ကြာစွာ အထောက်အပံ့ပေးနေပါသည်။

အတိုးနည်းပါးခြင်းနှင့် အကြွေးရယူမှုချိုသာခြင်းက အများပြည်သူကို လောဘတက်စေနိုင်သလို စတော့များ၏ ဖောင်းပွမှု၊ အိမ်ရာလုပ်ငန်းများ၊ အိမ်ရာ ပေါင်နှံမှု၊ ထွန်းသစ်စ ရှယ်ယာတန်ဖိုး ဈေးကွက်ကြီးထွားမှုတို့ကို တိုးတက်ဖြစ်ပွားစေ သည်။ ကမ္ဘာကြီး အပြန်ပြန်အလှန်လှန် ဆက်သွယ်မှုနှင့် ဘဏ္ဍာရေး အထောက်အပံ့ ကိရိယာများ ပို၍ကောင်းမွန်လာမှုကြောင့် လေ့လာသူများက သိက္ခာကောင်းမွန်သော စက်ဝန်းဖြင့် တိုးတက်မှုရရှိနိုင်ခြင်းအပေါ် စိုးရိမ်လာကြသည်။ ယုံကြည်မှုမှ မှား ယွင်းသော၊ ထိတ်လန့်ဖွယ်ရာနှင့် ဒေါသကရောက်ဖွယ်ရာသို့ ပြောင်းလဲသွားမှာကို လည်း ပူပန်နေကြသည်။ သို့သော်လည်း ယခုအချိန်အထိမူ ယခင်ရပြီးသားဒဏ်ရာမှ ဆိုးဝါးသော နာကျင်မှုမှတပါး ကမ္ဘာ့စီးပွားရေးစနစ်ကြီးသည် ပို၍ကောင်းမွန်စွာ

mgyoe.com


ကြုံကြံ့ခံနေနိုင်ပါပြီ။

ရေနံဈေးနှုန်းတက်လာမှုကို စဉ်းစားပါ။ ၂၀၀၀–၂၀၁၀ အတွင်း ရေနံဈေးနှုန်းတက်မှုသည် ယခင် ရေနံဈေးနှုန်းတက်မှုနှင့် ခြားနားပါသည်။ အတိတ်ကာလက ဈေးနှုန်းတက်မှုမှာ ရေနံထုတ်လုပ်သောနိုင်ငံများ (OPEC)က အတင်းအကျပ် ဖန်တီးယူပြီး ရေနံဈေးကို တက်စေခဲ့ခြင်းဖြစ်သည်။ ပြောင်းပြန်အားဖြင့် လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က တက်ခဲ့သော ရေနံဈေးမှာမူ ဝယ်လိုအားကြီးမားသော တရုတ်၊ အိန္ဒိယနှင့် အခြားထွန်းသစ်စဈေးကွက်များကြောင့် ဖြစ်ပါသည်။ ဆက်လက်၍ တိုးတက်သောနိုင်ငံများ၏ ဝယ်လိုအားကောင်းမွန်မှုကြောင့် ဆက်လက် ဈေးတက်ဦးမည်သာ ဖြစ်သည်။ ရေနံဈေးနှုန်း တက်သည်နှင့်အမျှ စီးပွားရေးလည်း ဖွံ့ဖြိုးလာနေပါသည်။ ဆိုလိုသည်မှာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ၍ ရေနံဈေးနှုန်း တက်ရသော်လည်း ထုတ်လုပ်မှုစွမ်းအားကို ကောင်းစွာတိုးတက်စေနိုင်ခဲ့သည်။ ရလဒ်အားဖြင့် တက်လာသောရေနံဈေးနှုန်းကိုတိုးတက်လာသော ကုန်ထုတ်လုပ်မှုက ကောင်းစွာကျော်လွှားနိုင်သည်။ အကယ်၍များ အနာဂတ်ဟော ဗေဒင်ဆရာကို ၂၀၀၁ ခုနှစ်က ဘာဖြစ်မလဲဟုမေးခဲ့လျှင် ရေနံဈေး (၄) ဆတက်ခြင်းကြောင့် စီးပွားရေးကပ်ဖြစ်မည်ဟု ဟောချက်ပေးမည်မှာ အမှန်ပင်ဖြစ်သည်။

ရေနံတစ်မျိုးတည်းက ဈေးနှုန်းများကြီးမြင့်နေသည် မဟုတ်ပါ။ အခြားသော ကုန်ပစ္စည်းအားလုံးတို့၏ ဈေးနှုန်းများသည် နှစ်ပေါင်း (၂၀၀) အတွင်း အမြင့်ဆုံးဈေးသို့ရောက်နေပါသည်။ ကုန်ကြမ်းအားလုံးသည်လည်း ဈေးမြင့်တက်ခဲ့၏။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လယ်ယာထုက်ကုန်များလည်း ဈေးနှုန်းများမြင့်တက်နေကာ တိုးပွားလာသော နိုင်ငံရေးပြဿနာများနှင့်အတူ ဖောင်းပွလာသောငွေကြေးကို မည်သို့တုံ့ပြန်ရမည်မသိ ဖြစ်နေသည်။ ဆောက်လုပ်ရေးပစ္စည်းများကလည်း နယူးယောခ်မှ ဒူဘိုင်း၊ ပြီးလျှင် ရှန်ဟိုင်းအထိ တစ်နိုင်ငံမှမကျန် ဈေးတက်သည်၊ ဓာတ်ငွေ့လည်း ဈေးတက်သည်၊ အထူးသဖြင့် လေပူဖောင်းများတွင် ထည့်သွင်းသော ဟီလီယမ်ဓာတ်ငွေ့မှာ လိုအပ်ချက်ကို ကောင်းစွာမပြည့်မီနိုင်။ MRI စက်ပစ္စည်းများနှင့် မိုက်ခရိုချစ်ပ်ပြားများ ထုတ်လုပ်ရာတွင် သုံးစွဲရသဖြင့် ကမ္ဘာနှင့်အဝန်း ဟီလီယမ်က ပြတ်လပ်မှုဖြစ်ပွားရသည်။ တကယ်ဆိုလျှင် ဟီလီယမ်ဓာတ်ငွေ့သည် အာကာသထဲ၌ ဒုတိယအများဆုံးသော ဓာတ်ငွေ့တစ်မျိုး ဖြစ်သည်။ ဤဖိအားများက တစ်ကြိမ်တွင် ငွေကြေးဖောင်းပွမှုနည်းပါးခြင်းကို ရပ်တန့်စေပြီး ခါးပတ်ကြိုးဖြေပေးလိုက်သကဲ့သို့ ဖြစ်လာနိုင်သည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာကြီး၏ သန်စွမ်းသော စီးပွားရေးတိုးတက်မှုက

mgyoe.com

mgyoe.com


သဘာဝမဟုတ်သောအရာများကိုလည်း ထုတ်လွှတ်ပါလိမ့်မည်။ ကမ္ဘာဆန်မှု ပို၍များပြား၊ ပိပြင်လာပြီး စနစ်တကျပိုရှိလာသော ကမ္ဘာကြီးတွင် တချို့သော နိုင်ငံများ၌ သဘာဝသယံဇာတများ၊ သဘာဝဓာတ်ငွေ့များ၊ ရေနံစသော အရင်းအမြစ်များကို အကန့်အသတ်မရှိ ထုတ်ယူသုံးစွဲနေကြပေသည်။ ထိုနိုင်ငံများသည် ကမ္ဘာ့ တိုးတက်မှု၏ လှိုင်းကိုစီးပြီး ဘာမှမယ်မယ်ရရ လုပ်ကိုင်ကြိုးစားကြသည်မဟုတ်ဘဲ ချမ်းသာလာကြသည်။ ဤဖြစ်ရပ်သည် ဆန်းကြယ်သလိုရှိသော်လည်း မလွဲမသွေ ဖြစ်ပေါ်ပေးရမည့်ကိစ္စတော့ဖြစ်သည်။ ထိုနိုင်ငံများသည် ဈေးကွက်ရေးရှု စီးပွားရေး လုပ်ကိုင်ကြခြင်း မရှိကြပါ။ သဘာဝသယံဇာတ ထွက်ရှိသောနိုင်ငံများ ဖြစ်ကြသည်။

အမေရိကန်နှင့် အနောက်နိုင်ငံများ၏ နိုင်ငံတကာအခင်းအကျင်းကို စိန်ခေါ်သော စိန်ခေါ်မှုကို စဉ်းစားပါ။ အရှေ့အလယ်ပိုင်းတွင် အီရန်၊ လက်တင်အမေရိကား၊ ဗင်နီဇွဲလားမှလည်းကောင်း၊ ရုရှားမှလည်းကောင်း စိန်ခေါ်မှုများက ရှိနေပါသည်။ ဆူဒန်အရေးအခင်းတွင် ဒါဖာကိစ္စဖြင့် ကမ္ဘာ့အခင်းအကျင်းကို ဖောက်ဖျက်ခဲ့သည်။ ရေနံမှရသောဝင်ငွေသည် အတော်မျက်စိကျစရာကောင်းသည်။ အီရန်နိုင်ငံသည် ၂၀၀၆ ခုနှစ် ရေနံမှဝင်ငွေ ($ 50 billion) ရရှိခဲ့ပြီး ထိုငွေပမာဏသည် ပြည်တွင်းအုပ်စု၊ ပြည်ပအုပ်စုတော်တော်များများကို ထောက်ပံ့နိုင်သည်။ စစ်တပ်ကိုလည်း ကောင်းစွာ ပေးကမ်းနိုင်ပြီး အီရန်၏ပါဝါကိုလည်း ခိုင်မြဲစေသည်။ ဤအခြေအနေသည် ယခုတိုင် ပြောင်းလဲခြင်းမရှိသေးပါ။ သယံဇာတပေါကြွယ်သောနိုင်ငံများသည် အခြားတိုးတက်နေသောနိုင်ငံများနှင့် တန်းတူရှိနေနိုင်ပါသည်။ ကမ္ဘာဆန်မှု၏ ပြယုဂ်တစ်ခု ဖြစ်သည်။

သယံဇာတ ပေါကြွယ်ဝသော နိုင်ငံတိုင်း မရိုးသားဟု မပြောလိုပါ၊ စီမံခန့်ခွဲမှု မမှန်ကန်ဟုလည်း မဆိုပါ၊ တချို့သောနိုင်ငံများမှာ ကောင်းသောအာဝါသများ ပိုမိုဖြစ်ထွန်းစေကာ ပို၍အမြော်အမြင်ရှိစွာ စီမံခန့်ခွဲရင်း သူတို့တိုင်းပြည်ကို ပို၍ ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်ကြသောနိုင်ငံများလည်း ရှိကြပါသည်။ ကနေဒါသည် အဓိကပါဝါရှိလာသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ တော်တော်များများ ကမ္ဘာ့အရေးအရာများကိုလည်း တာဝန်ယူလာပါသည်။ ရေနံမှ ဝင်ငွေအကြီးအကျယ်ရရှိနေသော ပါရှင်းပင်လယ်ကွေ့တွင် ယခုအခါ အခြေခံအဆောက်အဦများ စက်မှုလုပ်ငန်းများတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံနေကြပြီ ဖြစ်သည်။ ယခင်က ဆွစ်ဇာလန်နိုင်ငံ ဘဏ်များတွင်သာ သိမ်းဆည်းထားလေ့ရှိသည်။

မွန်တီကာလိုက ကာစီနိုများတွင်သာ ရှယ်ယာထားလေ့ရှိကြသည်။ ဒူဘိုင်း နိုင်ငံသည် ယခုအခါ စွမ်းရည်ပြည့်ဖြင့် လုပ်ကိုင်နေသည်။ စီးပွားရေးနှင့် အကျွမ်း

mgyoe.com

mgyoe.com

တဝင်ဖြစ်လျက် ရှိနေသည်။ အရှေ့အလယ်ပိုင်းက စင်ကာပူပုံပင် တင်စားနေကြရပြီ ဖြစ်သည်။ အခြားသော ပင်လယ်ကွေ့နိုင်ငံများကလည်း ဒူဘိုင်းကို အတုယူ၍ အောင်မြင်မှုကိုကြိုးစားနေကြပြီ။ နှစ်ပေါင်းများစွာ ရေနံမှရသော ဝင်ငွေအမြောက် အမြားကို လွဲမှားသော စီမံခန့်ခွဲမှုဖြင့် ဆုံးရှုံးခဲ့သော ဆော်ဒီအာရေးဗျနိုင်ငံသည်ပင် ယခုအခါ ($ 70 billion) ကုန်ကျမည့် ရေနံဓာတုစီမံကိန်းကြီးကို အကောင်အထည် ဖော်ရန် ပြင်ဆင်နေသည်။ ၂၀၁၅ ခုတွင် ကမ္ဘာ့ရေနံဓာတု ထုတ်လုပ်သူများတွင် ဦးဆောင်ကဏ္ဍမှ ပါဝင်နိုင်ရန်ရည်ရွယ်၏။ လွန်ခဲ့သော ၅ နှစ်မှစ၍ ပင်လယ်ကွေ့ နိုင်ငံများသည် အရင်းအနှီး ($ 1 trillion) ကို မြှုပ်နှံခဲ့ကြပြီးဖြစ်ကြောင်း McKensey & Company က လေ့လာဆန်းစစ်ပေးထားပါသည်။ နောင်လာမည့် (၁၀) နှစ် အတွင်း သူတို့ ($ 2 trillion) ကို ထပ်မံရင်းနှီးမြှုပ်နှံနိုင်သေးကြောင်းလည်း ဆိုထားသည်။

ဤသည်မှာ အရင်းရှင်စနစ်ကို နိုင်ငံတော်မှ စီမံခန့်ခွဲသောစနစ် ဖြစ်သည်။ ရလဒ်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုကျဉ်းမြောင်း၍ ကိုယ်ပိုင်စွမ်းအားဖြင့် စဉ်ဆက်မပြတ် တိုးတက်မှုအားနည်းကို ဖြစ်စေသည်။ ဥရောပနှင့် အရှေ့အာရှနိုင်ငံတချို့တွင် ဤသို့သော ပုံစံရှိနိုင်ငံများရှိကြပြီး အရင်းရှင်စနစ်ကို နိုင်ငံတော်မှ အင်အားကြီးစွာဖြင့် စီမံခန့်ခွဲမှုကို ဆောင်ရွက်ပါသည်။ သို့သော်လည်း ကမ္ဘာ့အရင်းရှင်စနစ်နှင့် အတော် နီးကပ်စွာ သဏ္ဍာန်တူပြီး စီးပွားရေးစနစ်ကောင်းများရှိကာ တိုးတက်မှုကို အနည်း နှင့် အများတော့ ရနိုင်ကြပါသည်။ မျိုးဆက်သစ်တစ်ခုစာကို ရရှားမှသည် ဆော်ဒီ အာရေးဗျထိ ဤစနစ်မျိုး ကျင့်သုံးပြီးဖြစ်သည်။

အထင်ရှားဆုံးသောပြဿနာမှာ ကမ္ဘာ့တိုးတက်ခြင်း၊ သဘာဝသယံဇာတ များနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်သည်။ ချဲ့ကား၍ပြောဆိုခြင်း မဟုတ်ပါ။ ကမ္ဘာကြီးသည် သန့်ရှင်းသောလေထုနှင့် ကင်းကွာနေပါသည်။ ရေထု ညစ်ညမ်းခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဓာတုဆေးများသုံးစွဲခြင်း၊ ထုတ်ကုန်ပစ္စည်းများ သဘာဝနှင့် ဆန့်ကျင်လာခြင်းများရှိလာသည်။ အချို့သောပြဿနာများမှာ ပုံသေ ဖြစ်ပြီး မိမိတို့စွမ်းရည်ဖြင့် အသစ်သစ်သောသွင်းအားစုများကို တိုးတက်ရယူနိုင် သည်။ သို့သော်လည်း နည်းစဉ်များမှာ အတော်ပင် လေးတွဲ့ပါမည်။ ဥပမာအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ထုတ်လုပ်မှုကောင်းသည်ဆိုရာတွင် အရေအတွက် တိုးတက်လာမည်ဖြစ်သော်လည်း အရည်အသွေးပိုင်းတွင် ကောင်းမွန်ပါသည်ဟူ၍ အားလုံးကိုမဆိုလိုနိုင်၊ ခရစ်နှစ် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ကို ကျွေးမွေးရမည် ဖြစ်သည်။ အထွက်နှုန်း ပျမ်းမျှမှာ တစ်ဟက်တာလျှင် ၄ တန်နှုန်း

mgyoe.com

mgyoe.com

ပျမ်းမျှထွက်ရှိရပေမည်။ (ယနေ့ သုံးတန်ထွက်သည်။)

ထိုနည်းတူစွာ ရေနှင့်ဆိုင်ရာ ကျွန်တော်တို့၏ စီမံခန့်ခွဲမှုသည်လည်း အလေးထားရမည်ဖြစ်ပြီး ယခု ကျွန်တော်တို့ သောက်သုံးနေသည့်ပမာဏကို ပြည့်မီရမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် ၂၀ ရာစုတွင် ၃ ဆဖြစ်ခဲ့သည်။ သို့သော်လည်း ရေသုံးစွဲမှုပမာဏမှာ ၆ ဆတိုးတက်ခဲ့သည်။ အမေရိကန်ပြည်သူများသည် သောက်သုံးခြင်း၊ သန့်စင်ခြင်း၊ ချက်ပြုတ်ခြင်း စသည်တို့အတွက် ပျမ်းမျှတစ်ဦးလျှင် လီတာ ၄၀၀ သုံးစွဲပါသည်။ ဆင်းရဲသောနိုင်ငံများရှိ ပြည်သူတစ်ဦးသုံးစွဲမှုမှာ (၄၀) လီတာဖြစ်သည်။ ထိုသူများ ချမ်းသာလာလျှင်လည်း သူတို့၏ရေသုံးစွဲမှုအား မြင့်တက်လာပေဦးမည်။ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံတချို့တွင် ရေသုံးစွဲမှု မျှဝေရေးညှိနှိုင်းမရ၍ ပဋိပက္ခများဖြစ်ပွားလျက်ရှိသည်။ သမိုင်းတွင် လူများစွာတို့သည် ရေရရှိနိုင်ရေးအတွက် ရွှေ့ပြောင်းခဲ့ကြရသည်။ အနာဂတ်တွင် အကယ်၍များ ရေရရှိရာ အရင်းအမြစ်များ ခန်းခြောက်သွားပါက သန်းဆယ်ပေါင်းများစွာသောသူများ စတင်ရွှေ့ပြောင်းကြရပေလိမ့်မည်။

လွန်ခဲ့သောဆယ်စုနှစ်က ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ဟောကြားချက်များကို ထိုအခါက လျှော့ပေါ့တွက်ဆခဲ့ကြသည်။ ၂၀၀၇ အလယ်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ သုံးသပ်ချက်များ တရားဝင်ထွက်လာခဲ့သည်။ ယခုနှစ် ၂၀၀၈ အကုန်တွင် ပညာရှင်များ မှန်းဆထားသည်ထက် ဝင်ရိုးစွန်းများရှိ ရေခဲများ အရည်ပျော်လာခဲ့ကြသည်။ လျှပ်စစ်သုံးစွဲမှုအား အလွန်အမင်း မြင့်တက်လာမည်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ခန့်မှန်းထားသည်ထက် မော်တော်ကား၊ လေယာဉ်ပျံများအရေအတွက် ပိုမိုများပြားလာခဲ့သည်။ ဆက်လက်၍လည်း တိုးပွားလာဦးမည်ဖြစ်သည်။ McKensey Global Institute ၏ ခန့်မှန်းချက်အရ ၂၀၀၃–၂၀၂၀ တွင် တရုတ်ပြည်၌ မော်တော်ယာဉ်သုံးစွဲမှုသည် ၂၆ သန်းမှ ၁၂၀ သန်းသို့ ရောက်လာသည်။ ပြီးလျှင် အိန္ဒိယ၊ ရုရှား၊ အရှေ့အလယ်ပိုင်းနှင့် ကျန်သော နိုင်ငံများကလည်း သုံးစွဲမှုအရေအတွက် တိုးလာဦးမည် ဖြစ်သည်။

လျှပ်စစ်သုံးစွဲမှုအားမှာလည်း တစ်နှစ်လျှင် (၄%) တိုးတက်မှုနှုန်းဖြင့် နောက် (၁၀) နှစ်အထိ မှန်မှန်တိုးပွားမည်။ လျှပ်စစ်ထုတ်လုပ်မှု အများဆုံးမှာ အညစ်ညမ်းဆုံးသော ကျောက်မီးသွေးမှဖြစ်သည်။ ကျောက်မီးသွေးသည် ဈေးချိုပြီး အမြောက်အမြားရသည်။ ထို့ကြောင့် ကမ္ဘာကြီးက ကျောက်မီးသွေးအပေါ် မှီခိုနေရပြီး လေထုညစ်ညမ်းမှုကို တစ်ဖန်ပြန်၍ ခံစားနေရပြန်သည်။ ဤအချက်အပေါ်တွင် ကမ္ဘာကြီးပူနွေးလာရခြင်း၏အကြောင်းရင်းတစ်ရပ်အဖြစ် ရှုမြင်ရမည်။ သက္ကရာဇ် ၂၀၀၆ နှင့်

mgyoe.com

၂၀၁၂ ခုကြား တရုတ်နှင့်အိန္ဒိယတို့သည် ကျောက်မီးသွေးအခြေခံ လျှပ်စစ်ထုတ်စက်ရုံ ၈၀၀ ကို အသစ်တည်ဆောက်ကြမည်။ ယင်းတို့မှ ထွက်ပေါ်လာမည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ပမာဏမှာ ကျိုတိုသဘောတူစာချုပ်ထက် (၅) ဆမျှ များပြားနေပါသည်။

## အမျိုးသားရေးဝါဒတိုးတက်လာသည်

ကမ္ဘာ့ဆန်လာသော ကမ္ဘာကြီးတွင် ပြဿနာများစွာတို့သည် နယ်စပ်ကိုကျော်လွှား၍ တစ်ဖက်သို့ ကူးစက်ရောက်ရှိကြသည်။ အကြမ်းဖက်မှု၊ နျူကလီးယားပြန့်ပွားမှု၊ ရောဂါဘယများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ စီးပွားရေးအကျပ်အတည်းများ၊ ရေပြဿနာများ၊ မည်သို့ခေါင်းစဉ်တပ်တပ် နိုင်ငံများ စုပေါင်းဆောင်ရွက်မှုမရှိလျှင် အောင်မြင်မည် မဟုတ်ပါ။ စီးပွားရေး၊ သတင်းအချက်အလက်၊ နောက်ဆုံးယဉ်ကျေးမှုများ ကမ္ဘာ့ဆန်လာပြီး ပုံမှန်နိုင်ငံရေးအာဏာတစ်ခုသည် နိုင်ငံတစ်ခု၌ကောင်းစွာ တည်ရှိနေလင့်ကစား ထိုနိုင်ငံ၏ စီမံခန့်ခွဲသူတို့သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်း ဖြေရှင်းနိုင်ရန် အခွင့်အလမ်းနည်းပါးလာပါသည်။ သို့သော်လည်း နိုင်ငံများစွာတို့သည် ပြဿနာအရင်းအမြစ်များကို အတူတကွ ပူးပေါင်းဖြေရှင်းရန် စိတ်ပါဝင်စားမှု နည်းပါးလျက်ရှိကြတုန်းပင် ဖြစ်သည်။ အစိုးရအဖွဲ့ဖြစ်စေ၊ အစိုးရမဟုတ်သောအဖွဲ့ဖြစ်စေ ၎င်းတို့၏ ပါဝါတိုးတက်လာသည်နှင့်အတူ၊ ယုံကြည်မှုများ တိုးပွားလာသည်နှင့်အတူ၊ ထိုသဘောတူညီချက်ဖြင့် ပြဿနာများကို ဖြေရှင်းရန်အရေးမှာ ဆက်လက်မှေးမှိန်လျက် ရှိပါသေးသည်။

ဤအရေးသည် ကျန်သောနိုင်ငံများ ထွန်းလင်းလာမှု၏ အဓိက စိန်ခေါ်မှုကြီး ဖြစ်သည်။ ဤစိန်ခေါ်မှုသည်ပင် ကမ္ဘာကြီးတိုးတက်လာမှုကို ရပ်တန့်စေသောအခင်းအကျင်းများကို ပြောင်းလဲစေသောအရာ ဖြစ်လာနိုင်သည်။

မိမိတို့၏ ဂုဏ်သိက္ခာ၊ ယုံကြည်မှုများ တိုးတက်လာမှုသည် အကြီးဆုံးသောအင်အားတစ်ရပ် ဖြစ်လာသည်။ ကျွန်တော့်အတွက် လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က တရုတ်ပြည် ရှန်ဟိုင်းမြို့၏ အင်တာနက်ကဖေးဆိုင်တွင် ရောက်ရှိစဉ်က အထင်အရှား တွေ့ခဲ့ရပါသည်။ ကျွန်တော် တရုတ်လူငယ်ဖြစ်သူ စီမံခန့်ခွဲရေးအရာရှိတစ်ဦးနှင့် စကားပြောနေစဉ် ဖြစ်သည်။ သူက တရုတ်ပြည်သည် သာမန်မဟုတ်သောတိုးတက်မှုများနှင့် ပွံ့ဖြိုးနေပြီး အနာဂတ်တွင် တရုတ်နိုင်ငံသည် ခေတ်သစ်နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိကာ ထွန်းတောက်လာမည်ဟု ပြောသည်။ အင်္ဂလိပ်စကားကိုအလွန်သွက်လက်စွာပြောနိုင်ပြီး အနောက်နိုင်ငံဝတ်စုံကို စမတ်ကျကျ ဝတ်ဆင်

mgyde.com

mgyoe.com

ထားသည်။ အမေရိကန်တို့၏ ပေါ့ပ်ယဉ်ကျေးမှုကိုသော်လည်းကောင်း၊ နောက်ဆုံးပေါ် စီးပွားရေးစီမံခန့်ခွဲမှုနှင့် စီးပွားရေးအကြောင်းကိုသော်လည်းကောင်း အသေအချာ ပြောနိုင်သူလည်းဖြစ်သည်။ ကမ္ဘာ့ဆန်မှု၏ ထုတ်ကုန်တစ်ခုအလား သဖွယ် သူ့သဏ္ဌာန်က ခေတ်မီနေပါသည်။ ယဉ်ကျေးမှုများကို ပေါင်းကူးနိုင်ပြီး ကမ္ဘာကြီးကို သေးသွားအောင်လုပ်နိုင်သူလည်း ဖြစ်နေပြန်သည်။

ကျွန်တော်တို့ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် အမေရိကန်တို့အကြောင်း ပြောကြရာတွင် သူ၏တုံ့ပြန်မှုက သိပ်သွက်လက်မှု မရှိခဲ့ချေ။ သူ့အသံနှုန်းက မြင့်မားစွာဖြင့် တရုတ်ပြည်ကို စိန်ခေါ်ရဲစွာ တရုတ်(တိုင်ပေ)၏ လွတ်လပ်ရေးကြေငြာပုံကို စိတ်ဆိုးစွာပြောသည်။ တရုတ်က မဆိုင်းမတွ တရုတ်(တိုင်ပေ)ကို ဝင်ရောက်တိုက်ခိုက်နိုင်ကြောင်း၊ ဂျပန်နိုင်ငံသည်လည်း ရန်လိုသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဘယ်တော့မှ ယုံကြည်ရန်မသင့်သော နိုင်ငံဖြစ်ကြောင်း ပြောပါသည်။ ၁၉၉၉ ကိုဆိုဗိုအရေးအခင်း၌ တရုတ်သံရုံးကို အမေရိကန်တို့က အသေအချာကြိုးပမ်း ဗုံးကြဲခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်တို့၏စစ်အင်အား မည်မျှရှိနိုင်မာ၍ မည်သို့တုံ့ပြန်မည်ကို စမ်းသပ်ခြင်းဖြစ်ကြောင်းစသည်ဖြင့် မကျေနပ်စွာဆိုသည်။ ၁၉၃၀ ခန့်ဆီက ဂျာမနီ၊ ဘာလင်တွင် ဂျာမန်လူမျိုးတစ်ဦးနှင့် စကားပြောနေရသည်ကဲ့သို့ ခံစားမိသည်။ ထိုစဉ်ကလည်း ဂျာမနီပြည်ကြီးသည် တိုးတက်မှုလမ်းမပေါ် ရောက်ရှိနေပြီး ဤသို့သော ဟန်ပန်၊ ဂုဏ်ယူမှု၊ အထင်ကြီးမှုများစွာဖြင့် ဖြစ်ခဲ့ဖူးပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အမျိုးသားရေးဝါဒလည်း လိုက်ပါလာခဲ့သည်။ အလွယ်တကူ နားလည်နိုင်သောအရာ ဖြစ်သည်။ ရာစုနှစ်များစွာ ဆင်းရဲသောနိုင်ငံ၊ တည်ငြိမ်မှုမရရှိသေးသော နိုင်ငံတစ်ခုတွင် နေထိုင်နေသူတစ်ဦးဟု စဉ်းစားကြည့်လိုက်ပါ။ ပြီးလျှင် အရာများစွာတို့ ရုတ်တရက်ပြောင်းလဲသွားပြီး မိမိနေသောနိုင်ငံက တိုးတက်လာသည်ဟု ဆိုပါစို့။ သင်ချက်ချင်းဂုဏ်ယူပြီး မာန်မာနများ ရှိလာမည်မှာ အမှန်ပင်ဖြစ်သည်။ ဤဆန္ဒများ၊ လေးစားမှုကို အသိအမှတ်ပြုခံလိုသည်များသည် ကမ္ဘာတစ်လျှောက် တိုးတက်ဖြစ်ထွန်းလာပါသည်။ ကမ္ဘာ့ဆန်မှုနှင့် စီးပွားရေးခေတ်မီတိုးတက်မှုသည် နိုင်ငံရေး၏အမျိုးသားဝါဒကို မွေးဖွားသည်ဟု သံသယဖြစ်စွာ မြင်တွေ့ရပါသည်။ အမျိုးသားရေးဝါဒကို ခေတ်နောက်ပြန်ဆွဲသော အတွေးအခေါ်တစ်ရပ်အဖြစ် ရှုမြင်လျှင် အမှန်တိုးတက်မှုတစ်ရပ် ရရှိစေရန် ကျွန်ုပ်တို့သည် ရှေ့သို့တက်လှမ်းသည့်အနေဖြင့် ခေတ်နောက်ပြန်မှုကို ပယ်ဖျက်ရပါလိမ့်မည်။

အမျိုးသားရေးဝါဒသည် အမေရိကန်လူမျိုးကို အမြဲတမ်း နှောင့်ယှက်နေ

mgyoe.com

mgyoe.com


သည့်အရာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြည်ပအရေးကိစ္စတွင် ပါဝင်ပတ်သက်ပါက ဤသို့ဆောင်ရွက်မှုသည် ထိုနိုင်ငံကောင်းစားမှုအတွက် အစစ်အမှန် ဆောင်ရွက်ပေးနေခြင်းသာဖြစ်သည်ဟု အမြဲကမ်းယုံကြည်လျက်ရှိသည်။ ဖိလစ်ပိုင်၊ ဟောတီမှသည် ဗီယက်နမ်၊ အီရတ်အဆုံး ဌာနေလူမျိုးများ၏ အမေရိကန်အပေါ် တုံ့ပြန်မှုသည် အံ့အားသင့်စရာ ဖြစ်သည်။ အမေရိကန်တို့က သူ၏နိုင်ငံအတွက်ဂုဏ်ယူသည်၊ ကျွန်တော်တို့ 'မျိုးချစ်' ဝါဒဟု ခေါ်ဆိုကြသည်။ သို့သော်လည်း အခြားနိုင်ငံသူ၊ နိုင်ငံသားများ၏ ထိုသို့သော ဂုဏ်ယူမှုကိုမူ ခြောက်လှန့်သလို ဖြစ်နေပါသည်။

ဗြိတိသျှက အိန္ဒိယကိုအုပ်စိုးနေသောအချိန် ဗြိတိသျှတို့၏နောက်ဆုံး မဟာမင်းကြီးကာလတွင် Lord Louis Mountbatten က အိန္ဒိယ၏ ကြီးမြတ်သော ခေါင်းဆောင်ကြီးဖြစ်သည့် Mahatma Gandhi ဘက်လှည့်၍ပြောသည်မှာ . . .

"ကျွန်တော်တို့ အိန္ဒိယကို စွန့်ခွာလိုက်တာနဲ့တစ်ပြိုင်နက် ပဋိပက္ခတွေ ဖြစ်တော့မှာပဲ"

ဂန္ဒီကြီးက အေးဆေးစွာ တုံ့ပြန်သည်မှာ ...

"ဟုတ်ပါတယ်၊ အဲဒါက ကျွန်တော်တို့ရဲ့ ပဋိပက္ခတွေသာပါ"

ဤသို့သော အတွေးအမြင်၊ အယူအဆများဖြင့် အခြားသူတစ်ဦးတစ်ယောက်အပေါ် အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ကျူးကျော်မှု မပါဝင်မှုမရှိခြင်းက ထွန်းသစ်စနိုင်ငံများ၏ ကြီးမားခံစားမှုဖြစ်သည်။ အထူးသဖြင့် ကိုလိုနီခေတ် အနောက်ဘက်မှ လာရောက်အုပ်စိုးသော အခါသမယက ဖြစ်သည်။

Zbigniew Brzezinski က မကြာသေးမီက 'ကမ္ဘာ့ဆိုင်ရာနိုင်ငံရေး' နိုးထလာပြီဟု ပြောဆိုခဲ့သည်။ အများ၏ကရုဏာ၊ အင်အားစုများ၊ စီးပွားရေးအောင်မြင်မှု၊ အမျိုးသားရေးဂုဏ်၊ အထက်တန်းပညာရေး၊ အင်အားရှိသတင်းခေတ်နှင့် မြင်သာထင်သာမှု၊ အတိတ်အပေါ် သတိရစေမှုများကို ထောက်ပြခဲ့ပါသည်။ Brzezinski က ဟန့်တားနိုင်သော အင်အားတစ်ခုအကြောင်းလည်း ပြောသည်။

"တိုးတက်ဆဲနိုင်ငံများတွင် အများစုမှာ နိုင်ငံရေးစိတ်နိုးကြားလျက်၊ မရပ်မနား အချင်းများနေကြသည်" ဟု ရေးသားခဲ့သည်။

အနောက်နိုင်ငံများ၏ပြင်ပရှိ အခြားနိုင်ငံများသည် အနောက်နိုင်ငံများသို့မဟုတ် အမေရိကန်တို့၏ ပြောဆိုညွှန်ပြမှုကိုလက်ခံရန် တွန့်ဆုတ်ကြသည်။ ထိုနိုင်ငံများအား သင့်လျော်မှုမရှိသည့် အခန်းကဏ္ဍကို အတင်းအကျပ်စေခိုင်းသည်ဟုလည်း ယူဆကြသည်။ ရုရှားသည် ဒုတိယကမ္ဘာစစ်နှင့်ပတ်သက်၍ ထိုသို့သော

mgyoe.com

mgyoe.com


ပြောဆိုမှုမျိုးအတွက် နာကျင်မှု ရှိခဲ့ပါသည်။ ထိုစဉ်က အမေရိကန်နှင့် အင်္ဂလန်တို့က ဖက်ဆစ်ဂျာမနီနှင့် ဂျပန်တို့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သောအချိန် ဖြစ်သည်။ အမေရိကန်တို့၏ သမိုင်းအစဉ်အလာကြောင်းပေးသော လမ်းကြောင်းတွင် Stephen Ambrose မှ Ken Burns တိုင် ဟစ်တလာနှင့် တိုဂျိုတို့ကို တိုက်ထုတ်ရာတွင် ရုရှားက သာမည အခန်းကဏ္ဍမှသာ ပါဝင်ပြီး အမေရိကန်တို့ကသာ အဓိကအခန်းမှ ပါဝင်ခဲ့ခြင်းဖြစ်သည်ဟူသော အယူအဆများရှိခဲ့သည်။ အကယ်မှာမူ အရှေ့တိုင်း၏ ရှေ့တန်းခံစစ်ကြောင်းသည် ဒုတိယကမ္ဘာစစ်၏ အရေးကြီးသော အလယ်ပိုင်းဧရိယာ သာဖြစ်သည်။ ထိုနေရာတွင် မြေပြင်တိုက်ပွဲကြီးများဖြစ်ပွားပြီး အခြားနေရာဒေသများ ထက် ပိုမိုများပြား ကြမ်းကြုတ်ကာ လူသန်းပေါင်း (၃၀) မျှ သေကြေခဲ့ရာနေရာ ဖြစ်သည်။ ထိုနေရာသည်ပင် ဂျာမန်တပ်တို့၏ လေးပုံသုံးပုံ တိုက်ခိုက်ရသည့် နေရာ ဖြစ်ပြီး ဂျာမန်တပ်၏ (၇၀%) ကျဆုံးရာနေရာလည်းဖြစ်သည်။ ဥရောပ စစ်မျက်နှာ ပြင်သည် အကယ်စင်စစ် တိုက်ပွဲကြီးများ ဖြစ်ပွားရာနေရာ မဟုတ်ပါ။ သို့သော်လည်း အနောက်နိုင်ငံများက ဤနေရာ၏ တိုက်ပွဲကို ကြီးကျယ်စွာဖော်ပြခဲ့ကြသည်။ အဓိကတိုက်ပွဲကြီးများ ဖြစ်ပွားရာနေရာဟု မှတ်တမ်းတင်လိုက်ကြသည်။

စာရေးဆရာ Benjamin Schwarz ထောက်ပြသကဲ့သို့ 'စစ္စလီကျွန်း' တွင် အမေရိကန်–အင်္ဂလန်တို့က ဂျာမန်စစ်သား (၆၀,၀၀၀) ကို ကျွန်းပေါ်မှ မောင်းထုတ် ပစ်နိုင်ကြသည်။ သို့သော်လည်း Kursk တိုက်ပွဲနှင့်ပတ်သက်၍ လုံးဝမသိကျိုးကျွံ ပြုနေကြသည်။ ထိုနေရာသည် သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးသောတိုက်ပွဲ ဖြစ်ပွားရာနေရာဖြစ်ပြီး အနည်းဆုံး ဆိုဗီယက်နှင့် ဂျာမနီစစ်သား (၁.၅) သန်းတို့ တိုက်ခိုက်ရာနေရာလည်း ဖြစ်သည်။ ဂျာမနီတို့နှင့် တိုက်ခိုက်ရသောစစ်ပွဲများတွင် အတော်ရုန်းကန် တိုက်ပွဲဝင်ခဲ့ကြရသည်ကို ဝန်ခံကြရပါမည်။ ......... စစ်သမိုင်းပညာ ရှင် John Erickon ခေါ်ဆိုသကဲ့သို့ (စတာလင်စစ်ပွဲ) ဖြစ်သည်။

အိန္ဒိယလူမျိုး မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို ရှင်းပြခဲ့ဖူးသည်။

"အမေရိကန်နှင့် ဗြိတိန်တို့အတွက် ဒုတိယကမ္ဘာစစ်သည် သူရဲကောင်းဆန် စွာ ရုန်းကန်တိုက်ပွဲဝင်ခဲ့ရပြီး မကောင်းဆိုးဝါးတို့အပေါ် လွတ်လပ်ခြင်းက အောင်ပွဲခံ ခဲ့ခြင်းဖြစ်သည်၊ ဤသည်ကို ကျွန်ုပ်တို့ ယခုအခါ ငြင်းဆိုနေကြပါသည်"

ဤသို့သော အမြင်မတူမှုများမှာ အမြဲတမ်းရှိနေသည့်အရာများသာ ဖြစ် သည်။ သို့သော်လည်း ပို၍ကြီးကျယ်လာသော ပညာရေး၊ သတင်းအချက်အလက်၊ ယုံကြည်မှုများကို ကျေးဇူးတင်ရပါမည်။ သတင်းကွန်ရက်များ၊ ဝါယာချဲနယ်လ်များ၊ အင်တာနက်များက ထွန်းသစ်စနိုင်ငံများတွင် တစ်ဟုန်ထိုးကြီးထွားလာပြီး ကျယ်

mgyoe.com

ကျယ်ပြန့်ပြန့် လူထုထဲသို့ စိမ့်ဝင်နေကြလေပြီ။ ဓာတ်လမ်းများ၊ ငြင်းဆိုမှုများ၊ စောဒကမှုများ၊ အနောက်နိုင်ငံများ၏ယူဆချက်များကို ကျန်သောနိုင်ငံများက စစ်ဆေးရန်တိုအပ်မည်ဖြစ်ပြီး အနောက်အုပ်စုမှ အမြင်သည်ပင် ကမ္ဘာကြီး၏ အမြင်နှင့် ကွဲပြားခြားနားနိုင်သည်။

"ဆူဒန်မှာ အာဏာရှင်စနစ်ကို ကျွန်တော် (တရုတ်) တို့ ပံ့ပိုးပေးနေတာ ရေနံရရှိဖို့လို့ ခင်ဗျားပြောရင် ..."

ငယ်ရွယ်သော တရုတ်လူမျိုးအရာရှိက ကျွန်တော့်အား ၂၀၀၆ ခုနှစ်က ပြောခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်ပြောချင်တာက ... ခင်ဗျားတို့ရဲ့ ဆော်ဒီအာရေးဗျမှာ ဘုရင်စနစ် သက်ဆိုးရှည်အောင် ထောက်ပံ့ပေးနေတာနဲ့ရော ဘာကွဲပြားလို့လဲ၊ ကျွန်တော်တို့ မရိုးမသား၊ ဟန်ဆောင်မှုတွေကို တွေ့လာရတယ်၊ ဒါပါပဲ"

စစ်အေးကာလ ပြီးဆုံးသွားသောအခါ ယေဘုယျမျှော်လင့်ချက်တစ်ခု ရှိပါသည်။ တရုတ်နှင့် ရုရှားတို့က ဒုတိယကမ္ဘာစစ်နောက်ပိုင်း အနောက်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေးစနစ်ဆီသို့ မရပ်မနားချီတက်အကောင်အထည်ဖော်မည် ဟူသော မျှော်မှန်းချက်ဖြစ်သည်။ အမေရိကန်သမ္မတ George H.W. Bush က 'ကမ္ဘာသစ်၏အခင်းအကျင်း'အကြောင်းပြောသောအခါ သူ၏ဆိုလိုရင်းမှာ အနောက် တိုင်း (အဟောင်း)သည် ကမ္ဘာတစ်လွှား ဖြန့်ကျက်ခြင်းပင် ဖြစ်သည်။ ဤရှုမြင်ပုံမှာ ကမ္ဘာစစ်အလွန် ဂျပန်နှင့် ဂျာမနီတို့ထံမှ ရယူခဲ့သောသင်ခန်းစာများ၏ အတွေ့အကြုံမှ အစပြုသည်ဟု မျှော်မှန်းရသည်။ ထိုနှစ်နိုင်ငံလုံးသည် စစ်ကြီးမတိုင်မီ စီးပွားရေးပါဝါ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြပြီး လက်ညှိုးညွှန်ရာရေ ဖြစ်ခဲ့သည်။ သို့သော် လည်း အခြေအနေသည် အထူးအခြေအနေဖြစ်ခဲ့သောကြောင့် ဖြစ်ပါလိမ့်မည်။

နှစ်နိုင်ငံလုံးသည် ထူးခြားသောသမိုင်းများ ရှိခဲ့ကြသည်။ စစ်လိုလားသူများ ဖြစ်ကြပြီး နောက်ဆုံးဝိုင်းပယ်ခံကြရသူများဖြစ်သည်။ ဆိုဗီယက်ကွန်မြူနစ်ဝါဒ၏ ခြိမ်းခြောက်မှုကို ခံခဲ့ကြရပြီး နောက်ဆုံးတွင် သူတို့၏လုံခြုံရေးအတွက် အမေရိကန် တို့၏ စစ်ရေးအပေါ် မှီခိုခဲ့ကြရသည်။ နောက်ထပ်ဖြစ်ပေါ်လာမည့် ထွန်းသစ်စ ပါဝါ နိုင်ငံများမှာမူ ထိုသို့ဖြစ်နိုင်ခြေ မရှိကြတော့ပါ။

ထွန်းသစ်လာမည့် ပါဝါနိုင်ငံများတွင် ထင်ရှားသောအချက်နှစ်ချက်မှ တစ်ခု ကို ရွေးချယ်ကြည့်ရလိမ့်မည်ဟု ကမ္ဘာကြီးကို မြင်မိပါသည်။ အနောက်တိုင်း၏ အခင်းအကျင်းနှင့် ပူးပေါင်းခြင်း သို့မဟုတ် ငြင်းဆိုခြင်း၊ ဒုက္ခပေးမည့်နိုင်ငံသည် ပြစ်ဒဏ်နှင့် ရင်ဆိုင်ရမည်လည်းဖြစ်သည်။ တကယ်မှာမူ ထွန်းသစ်စ ပါဝါရှင်များ

mgyee.com

mgyoe.com

သည် တတိယနည်းလမ်းကို လိုက်ပါသင့်သည်။ ထိုနည်းလမ်းမှာ အနောက်တိုင်း၏ အခင်းအကျင်းသို့ ဝင်ရောက်သင့်ပြီး ကိုယ်ပိုင်မှု၊ ကိုယ်ပိုင်ဟန်ဖြင့် သွားသင့်သည်။ သူတို့၏ ကိုယ်ပိုင်စနစ်ကို သူတို့ပုံဖော်သင့်သည်။ နိုင်ငံရေးသိပ္ပံပညာရှင် Naazneen Barma, Ely Ratner နှင့် Steven Weber တို့ ထောက်ပြသလို အားလုံးသောနိုင်ငံများ လုပ်ပိုင်ခွင့်ရကြသည်ဟု ခံစားရသောအခါ အနောက်ဘက်ဗဟိုပြုခြင်းကို ကျော်ဖြတ်ပြီး ကိုယ်ပိုင်မှု ကိုယ်ပိုင်ဟန်ဖြင့် ကြိုးစားခွင့်ရရှိနိုင်ကြမည့် ဖြစ်သည်။

အမေရိကန်ခေတ်လွန်၏နောက် အမေရိကန်နှင့် တစ်ပေါင်းတစ်စည်းဖြစ်ရန် ဗဟိုဟူ၍ မရှိပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး James Baker ၏ ၁၉၉၁ အကြံပြုချက်အရ ကမ္ဘာကြီးသည် 'ဝင်ရိုးနှင့်ထောက်တိုင်' (Hub-and-spoke) စနစ်ဖြင့် ရွေ့လျားနေသည်၊ နိုင်ငံတိုင်းက အမေရိကန်နှင့်အတူ သူတို့၏ပန်းတိုင်သို့ ချီတက်နေကြသည်။ ၂၁ ရာစုကမ္ဘာသည် ပိုမိုကောင်းမွန်ပြီး ပွင့်တစ်ခုမှတစ်ခုသို့ သွားရာလမ်းကြောင်းပုံစံသစ်ဖြင့် နေ့စဉ် မြေပုံပေါ်တွင် ရွေ့လျားနေကြသည်။ (ဤအရာသည် မှန်ကန်ပါသည်၊ ရုပ်ဝတ္ထု သဘောတရားအရပင် ဆယ်စုနှစ်တစ်စုအတွင်း ရုရှားမှ တရုတ်သို့ အလည်အပတ်ရောက်ရှိသူအရေအတွက်မှာ (၄) ဆ ကျော်လာပါသည်။ ၁၉၉၅ ခုနှစ်တွင် (၄၈၉,၀၀၀) မှ ၂၀၀၅ အတွင်း (၂.၂) သန်း ဖြစ်လာသည်။)

ဆုံမှတ်ရွေ့လာပါသည်၊ နိုင်ငံများစွာတို့သည် သူတို့အကြောင်းသူတို့ ပို၍ စိတ်ဝင်စားလာမှု ကြီးထွားလာကြသည်။ သူတို့ ပါဝါတိုးတက်လာမှု၊ အနောက်နှင့် အမေရိကန်တို့အပေါ် အာရုံစူးစိုက်မှု လျော့ပါးလာခြင်းကြောင့် ဖြစ်သည်။ ရလဒ်အားဖြင့် ၂၀၀၇ သမ္မတရွေးကောက်ပွဲလှုံ့ဆော်မှုတွင် အမေရိကန်ဆန့်ကျင်ရေး လျော့ပါးလာမှု ကျဆင်းသွားခဲ့သည်။ ကမ္ဘာကြီးသည် အမျက်ဒေါသမှ ကွဲပြားခြားနားမှု မရှိခြင်း၊ အမေရိကန်ဆန့်ကျင်ရေးမှသည် အမေရိကန်လွန်သို့ ရွေ့လျားနေပါတော့သည်။

ပါဝါသစ်များ ပိုမိုသန်စွမ်းလာပြီး သူတို့၏အကျိုးစီးပွားကို ပွင့်လင်းစွာ ပြောကြားလာကြသည်မှာ အမှန်တကယ်မှု အမေရိကန်ခေတ်အလွန်ကို ဖော်ကျူးခြင်း ဖြစ်သည်။ ဤသည်ပင်လျှင် အဓိပ္ပာယ်နှစ်မျိုးရှိသော နိုင်ငံရေးကို နိုင်ငံတကာ ရည်မှန်းချက်များဖြင့် မည်သို့ဆောင်ရွက်မည်နည်းဟူသည်လည်း ဖြစ်၏။ နိုင်ငံများနှင့် နိုင်ငံမဟုတ်သော နိုင်ငံများရှိ သရုပ်ဆောင်များစဉ်းစားရန် ဖြစ်သည်။ ပုံစံဟောင်း၏ 'အလုပ်ဖြစ်စေ' ရမည်ပဟုသော အဆိုအရ အမေရိကန်နှင့် အနောက်ဘက် မဟာမိတ်တို့ ညွှန်ကြားသည့်အတိုင်းဆိုလျှင် တတိယကမ္ဘာသည် 'သေတ္တာ'တစ်လုံး၏ ပြင်ပတွင်သာရှိနေပြီး ဘာမှသက်ဆိုင်မှုမရှိသော ရလဒ်ကိုသာ ရရှိမည် ဖြစ်သည်။ အစိုးရ

mgyoe.com

mgyoe.com


မဟုတ်သောသူတို့မှာ အလွန်နည်းပါးလှပြီး အလွန်လည်း အင်အားချည့်နဲ့ကြပါသည်။

ကုန်သွယ်ရေး ညှိနှိုင်းမှုကို ကြည့်ပါ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ကိုယ်၌ ကြီးမားသော အင်အားများဖြင့် ပါဝင်လာကြသည်။ အနောက်နိုင်ငံတို့၏ သဘောတူညီချက်ဖြင့်သာ အခွင့်အရေးရရှိကြပြီး လျစ်လျူရှုလျှင်လည်း ခံကြရပါသည်။ ဘရာဇီးနှင့် အိန္ဒိယတို့မှာ လွန်စွာခက်ခဲရန်းကန်ကြရပြီး အခွင့်အလမ်း အပေးအယူတစ်ခုရဖို့ အတော်ကြိုးစားကြရပါသည်။ အနောက်နိုင်ငံများ၏ စီအီးအို (CEO) များရှင်းပြသည့်အတိုင်း အခွင့်အရေးကောင်းများ ဘယ်မှာရှိသည်ကိုသာ ကြားကြရသည်။ Goldman Sachs ရေးသားသော BRIC အစီရင်ခံစာကိုသာ ဖတ်ကြရသည်။ သို့သော်လည်း ယခုအခါ အင်အားချိန်ခွင် ရွေ့လျောပြီကို သူတို့သိကြသည်။

ကျိုတိုသဘောတူညီချက် (Kyoto Accord) သည် အမှန်ဆိုလျှင် ကမ္ဘာဟောင်း၏အမြင်ဖြင့် ဆောင်ရွက်ထားခြင်းဖြစ်သည်။ အနောက်နိုင်ငံများ အတူတကွလာရောက်ပြီး စီမံကိန်းတစ်ခုဆောင်ရွက်မည်ဆိုပါက တတိယကမ္ဘာက စနစ်နှင့်ပုံစံကို မွေးစားယူရင်း ပြဿနာများဖြေရှင်းပြီးမည်ဟု ဆိုလိုသည်။ ဤသို့သောပုံစံဖြင့် ဆယ်စုနှစ်တိုင်အောင် ပြဿနာများ ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ယနေ့ကာလတွင် ကောင်းစွာမထိရောက်တော့ချေ။ တရုတ်၊ ဘရာဇီး၊ အိန္ဒိယနှင့် အခြားသောထွန်းသစ်စပါဝါများက အနောက်နိုင်ငံများ ဦးဆောင်သောနည်းစဉ်ကို မလိုက်နာကြတော့ဘဲ၊ မပူးပေါင်းကြတော့ဘဲ ကိုယ်ပိုင်ဟန်ဖြင့် ချီတက်ခဲ့ကြပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍လည်း အစိုးရများက သူတို့ ကိုယ်ပိုင်ဟန်ဖြင့် ဖြေရှင်းခဲ့ကြပါသည်။ ဖြေရှင်းနည်းအမှန်မှာ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ မြို့ရွာများ၊ နေရာဒေသများ၊ မီဒီယာများပါဝင်သော ပူးပေါင်းအဖွဲ့အစည်းများ ပိုမိုကျယ်ပြန့်စွာ ပါဝင်ရန်သာဖြစ်သည်။ ကမ္ဘာဆန်သော၊ ဒီမိုကရေစီဆန်သော၊ ဗဟိုချုပ်ကိုင်မှုမှ ကင်းလွတ်သောကမ္ဘာကြီးအတွက် ကျွန်တော်တို့ တစ်ဦးချင်းစီ၏ အမူအကျင့် ပြောင်းလဲပစ်ရမည် ဖြစ်သည်။

အခွန်အတုတ်များ၊ ဆိပ်ကမ်းခွန်များ၊ စစ်ပွဲများသည် ထိုသို့လုပ်ဆောင်ရန် လမ်းဟောင်းများဖြစ်သည်။ ဤကိစ္စများကိုဆောင်ရွက်ရန် နိုင်ငံများအတွက် အခြေအနေနည်းပါးလာသည်။ အပြောင်းအလဲကိုဆောင်ရွက်နိုင်ရန် ပို၍သိမ်မွေ့၊ တီထွင်မှုရှိသော နည်းလမ်းများကို ရှာကြံရန်လိုသည်။

အစဉ်အလာအရ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဟူသည်မှာ ရှေးဟောင်းအမွေအနှစ်ထဲမှ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ခေတ်သစ်နှင့် လုံးဝအံဝင်ခွင်ကျ

mgyoe.com

mgype.com


ဖြစ်သည်မဟုတ်၊ UN ၏ စနစ်ကိုယ်စားပြုမှုမှာလည်း အတော်ပင် ဟောင်းနွမ်းနေပြီဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်များမှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ က စစ်အောင်နိုင်ခဲ့သူများနှင့် ဖွဲ့စည်းထားခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့တွင် စစ်ရှုံးနိုင်ငံများဖြစ်သည့် ဂျပန်၊ ဂျာမနီတို့ မပါဝင်၊ ယခုအခါ ဂျပန်နှင့် ဂျာမနီတို့သည် ကမ္ဘာ့ဒုတိယနှင့် တတိယအကြီးဆုံး စီးပွားရေးအင်အားပိုင်ရှင်များ ဖြစ်လာကြပြီဖြစ်သည်။ အိန္ဒိယလည်းမပါဝင်၊ အိန္ဒိယသည် ကမ္ဘာ့လူဦးရေအားဖြင့် အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်ပြီး ကုလ၏လုံခြုံရေးကောင်စီတွင် လက်တင်အမေရိက၊ အာဖရိကနိုင်ငံများမှ ကိုယ်စားလှယ်တစ်ဦးမျှ မပါဝင်ခဲ့၊ သို့သော်လည်း ကုလ၏ လုံခြုံရေးကောင်စီသည် ဟောင်းနွမ်းနေသော ဖွဲ့စည်းမှုဖြင့် ပို၍ကျယ်ပြန့်စွာ ကမ္ဘာကြီးကို စီမံအုပ်ချုပ်နေဆဲ ဖြစ်သည်။

G.8 ဟူသော စက်မှုထိပ်သီးနိုင်ငံစာရင်းတွင်လည်း တရုတ်ပါဝင်မှုမရှိ၊ ကမ္ဘာ့စတုတ္ထ စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သည်။ စီးပွားရေးအင်အားကြီး အမှတ်စဉ် (၁၂) ရှိ အိန္ဒိယနှင့် (၁၃) ရှိ တောင်ကိုရီးယားတို့လည်း မပါဝင်ခဲ့၊ အစဉ်အလာအားဖြင့် IMF (International Monetary Fund) ကို ဥရောပကသာ ခေါင်းဆောင်ခဲ့ပြီး ကမ္ဘာ့ဘဏ်ကိုမူ အမေရိကန်တို့က ကြိုးဆွဲခဲ့သည်။ ဤသို့သော အစဉ်အလာဟူသော ကျင့်ထုံးတွင် အခြားနိုင်ငံများကို ဖြတ်တောက်ထားခဲ့ပြီး အတွင်းလူများကသာ အဖူးအပွင့်များကို ခံစားနေခဲ့ကြသည်။ အပြင်လူများအနေဖြင့် ဒေါသထွက်စရာ ဖြစ်ခဲ့ရသည်။

အခြားသော ရှုပ်ထွေးမှုများလည်း ရှိပါသေးသည်။ ကျွန်တော် အမျိုးသားရေးဝါဒ ကြီးထွားလာသည့်အကြောင်းရေးရာ ပို၍ကျယ်ပြန့်သောအမြင်ဖြင့် တင်ပြရန်ဖြစ်သည်။ သရုပ်မှန်ကို ပွင့်လင်းစွာဖော်ပြရန် ဖြစ်သည်။ 'အမျိုးသားနိုင်ငံ' သည် တီထွင်မှုတစ်ခုဖြစ်သည်။ နှစ်တစ်ရာသက်တမ်း မရှိသေးချေ၊ သည့်ထက်ပို၍ သက်တမ်းရင့်သည်များမှာ ဘာသာရေး၊ လူမျိုးစုများ၊ ဘာသာစကားတူ လူ့အဖွဲ့အစည်းများ ဖြစ်သည်။ ဤသည်များက ပို၍သန်စွမ်းခိုင်မာကြပြီး အချင်းချင်း အပြန်ပြန်အလှန်လှန် အမှိုသဟဲပြုနေကြရပါသည်။ ဥရောပတွင် ဒတ်(ချ်)စကားပြောလူမျိုးနှင့် ပြင်သစ်စကားပြောလူမျိုးများ ဘယ်လ်ဂျီယံတွင် နေထိုင်ကြပုံကို ဥပမာပေး၍ရသည်။ အင်္ဂလန်တွင်လည်း စကော့(ချ်)လူမျိုးများက အုပ်စိုးသူများအဖြစ် ရွေးချယ်ခံကြရပြီး ယူနိုက်တက်ကင်းဒမ်း၊ အင်္ဂလန်၊ စကော့တလန်နှင့် ဝေလပြည်နယ်များကို ဖော်ထုတ်ခဲ့ကြသည်။ အိန္ဒိယတွင်လည်း အမျိုးသားပါတီများမှာ အခြေခံများပျောက်ဆုံးပြီး ဒေသကြီးတစ်ခုမှအပိုင်းပိုင်းခွဲပေးလိုက်ရသည်။ (အိန္ဒိယမှ ပါကစ္စတန်၊

mgype.com

ထိုမှ ဘင်္ဂလားဒေ့ရှ်-ခွဲထွက်)

ကင်ညာနိုင်ငံတွင် လူမျိုးစုကြီးများ၏ အခန်းကဏ္ဍက အရေးပါလာသည်။ ကမ္ဘာကြီးတွင် ဤသို့သော ဝိသေသ သရုပ်သကန်များရှိနေပြီး အမျိုးသားနိုင်ငံထက် ပို၍အရေးပါနေပါသည်။ ထို့ပြင် ဘဝကို သရုပ်ဖော်မှုကလည်း ကျန်ရှိနေပြန်ပါသေးသည်။ ပြည်သူများ ဘာကြောင့် မဲပေးကြပြီး ဘာအတွက် သေဆုံးကြပါနည်း၊ ပွင့်လင်းသောစီးပွားရေးကမ္ဘာကြီးထဲတွင် ထိုသူများသည် ဗဟိုအစိုးရအား လိုအားမှုဆန္ဒများ နည်းသထက် နည်းပါးလာခဲ့ကြသည်။ ဒီမိုကရက်တစ်ကာလတွင် သူတို့သည် အဆိုပါလူမျိုးစုများနှင့် အတူတကွရှိနေမည်ဆိုပါက ပါဝါ တစ်စထက်တစ်စ ပို၍ကြီးထွားလာမည် ဖြစ်သည်။ ဤအမွှာဖြစ်သော လွှမ်းမိုးရေးသွင်ပြင်ဟူသည် အမေရိကန် သို့မဟုတ် ကုလသမဂ္ဂတို့နှင့် ဆက်စပ်သည်၊ သို့မဟုတ် လွတ်လပ်စွာကြီးထွားနေသည်ဟု ယူဆဖွယ်ရာဖြစ်သည်။ တရုတ်နှင့်အိန္ဒိယတို့၏ အမျိုးသားရေးဝါဒ ကြီးထွားလာနေသည်ကို ဥပမာပေး၍ရသည်။ သို့သော်လည်း ထိုနိုင်ငံများအတွင်း တစ်ဆင့်ခံ အမျိုးသားရေးဝါဒသည်လည်း ကြီးထွားလျက် ရှိပါသည်။ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ဘာများဖြစ်နေကြပါသလဲ၊ စီးပွားရေးတိုးတက်မှုအလယ်တွင် ဤရုပ်သွင်သည်လည်း အင်အားကြီးမားလျက်ရှိနေပါပြီ။ ကမ္ဘာ့ဇာတ်ခုံတွင်သာမက ကိုယ့်ဒေသဇာတ်ခုံများတွင်လည်း အတူတူပင်ဖြစ်သည်။

ပါဝါများ ဖြန့်ကျက်လာပြီး စုစည်းမှုမရှိခဲ့ကြ၊ ဥပဒေအရ အထောက်အပံ့သည် ပို၍အရေးကြီးလာသည်။ ယခုအခါ မည်မျှပင်ဖြစ်စေကာမူ ဖြေရှင်းရန်နည်းလမ်းမရှိ ဖြစ်နေသည်။ နိုင်ငံတစ်ခု မည်မျှပင် အင်အားရှိနေစေကာမူ အရေးကိစ္စတော်တော်များများတို့ကို လွယ်ကူစွာရှင်းလင်းရန် မစွမ်းဆောင်နိုင်ကြချေ။ ဥပမာအားဖြင့် 'ဒါဖာ' (Darfur) ကိစ္စသည် အတော်ပင် ထိတ်လန့်ဖွယ်ရာ ကောင်းသည်။ စစ်ရေးအရ အကြီးအကျယ် စွက်ဖက်မှုရှိနေပြီး အလွန်ထိရောက်သော နည်းလမ်းလည်းဖြစ်သည်။ ဆူဒန်၏အိမ်နီးချင်းများက ပိတ်ဆို့မှုများဖြင့် အရေးယူပါကလည်း အောင်နိုင်ဖွယ်ရာ ရှိသည်။ အကယ်၍ အမေရိကန်က တစ်ဦးတည်း သို့မဟုတ် အနည်းငယ်မျှသော ပူးပေါင်းမှုဖြင့် ဆောင်ရွက်မည်ဆိုပါက တန်ပြန်မှုများကို ပြန်လည်ခံစားရမည်။ လွန်ခဲ့သော ၅ နှစ်ခန့်က မွတ်စလင်နိုင်ငံတစ်ခုကို အမေရိကန်တို့က ကျူးကျော်သိမ်းပိုက်ခဲ့ပြီး ပြဿနာများပြေလည်အောင် မဆောင်ရွက်နိုင်သေးပါချေ။ အီရတ်ဆောင်ရွက်မှုမျိုးကို ဆူဒန်ဟွင် ဆောင်ရွက်ပါက အမေရိကန်တို့၏ နယ်ချဲ့ကျူးကျော်မှုအတွက် ဆူဒန်အစိုးရကလည်း ကျယ်လောင်စွာ ကမ္ဘာသို့ဟစ်အော်မည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com


ဘုရှ်အစိုးရ၏ နိုင်ငံခြားရေးဝါဒတွင် ဥပဒေကြောင်းအရ အလွန်ကောင်းမွန်သော၊ လက်တွေ့ကျသောအစီအမံများရှိပြီး ဆူဒန်ကို ကမ်းလှမ်းမှုများ ပြုခဲ့သေးသည်။ ဘုရှ်၏ ကျဆုံးမှုများအပြီးတွင် အကျပ်အတည်းများ ကျန်ရစ်ခဲ့သည်။ အလုပ်ဖြစ်ရန် နိုင်ငံအများ ပူးပေါင်းဆောင်ရွက်ပါက မည်သို့သောသူများပါဝင်ပြီး မည်သို့ဆောင်ရွက်ကြမည်ကို သေချာစွာ စဉ်းစားရန်လိုသည်။

## နောက်ဆုံး စူပါ-ပါဝါ

ထွန်းသစ်စ ကမ္ဘာကြီးကို အခြေခံကျကျလေ့လာသူများ၊ ပြောကြဆိုကြသူများက ရှုမြင်ရာ အမေရိကန်တို့၏နေ့ရက်များ တဖြည်းဖြည်း ကုန်ဆုံးလာပြီဟု မှတ်ချက်ပေးကြသည်။ အင်တဲလ်ကုမ္ပဏီကြီးကိုတည်ထောင်ခဲ့သူက တဲ့တိုးပြောရာ...

"အမေရိကန်ဟာ အလွန်အန္တရာယ်များတဲ့ နေရာဆီရောက်နေပြီ၊ သူ့နောက်က ဥရောပတွေလည်း ပါတယ်"

"အဆိုးဆုံးမှာ ဤကိစ္စကို ဘယ်သူမှမသိခြင်းဖြစ်တယ်၊ သူတို့အားလုံး ငြင်းဆိုကြတယ်၊ တိုင်တန်းနစ်သင်္ဘောကြီးရဲ့အမြီးပိုင်းမှာ သူတို့ စုဝေးနေကြပြီး သင်္ဘောကြီးကလည်း အရှိန်အပြင်းဆုံးနဲ့ ရေခဲတောင်ကြီးကို တိုက်မိဖို့ ဦးတည်နေပြီ"

Thomas Friedman ( World is Flat ရေးသူ) က ဖော်ပြရာ ဘန်ဂလိုးမြို့တွင် အိန္ဒိယလူငယ်တစ်ဦး Infosys ကုမ္ပဏီမှာ ညဘက် တာဝန်ထမ်းဆောင်စဉ် ပြောင်းလဲလာမည့်ရေလှိုင်းတို့ကို စောင့်ကြည့်နေသူအဖြစ် တင်စားဖော်ပြသွားသည်။

"ဘုရား ... ဘုရား ... အများကြီးပါလား၊ လှိုင်းတွေက တစ်ခုပြီးတစ်ခုပဲ၊ တစ်ဟုန်ထိုးလာနေပြီ၊ ကျွန်တော့်သမီးတွေနဲ့ သန်းပေါင်းများစွာသော အမေရိကန်တွေအတွက် အကောင်းဖြစ်ဖို့ မျှော်လင့်ချက်နည်းနေပြီ၊ လုပ်အားခမတူတဲ့ အမေရိကန်နဲ့ အိန္ဒိယလူငယ်တွေကြားမှာ ဘယ်လိုများ တူညီတဲ့အလုပ်တွေ လုပ်နေကြရတာပါလဲ"

"ကမ္ဘာဆန်မှု တစ်ကျော့ပြန်လာပြီ"

Der Spiegel ဟူသော ရောင်းအားကောင်း ဂျာမန်မဂ္ဂဇင်းကြီး၏ အယ်ဒီတာ Gabor Steingard က ရေးသားခဲ့သော ဆောင်းပါးခေါင်းစဉ် ဖြစ်သည်။ ယှဉ်ပြိုင်ကြသူများကလည်း အလားအလာကောင်းများရှိကြပြီး အမေရိကန်ပြည်ထောင်စုက အဓိကစက်မှုလုပ်ငန်းများတွင် ယှဉ်ပြိုင်မှုစွမ်းရည်များ ကျဆင်းနေသည်။ အမေရိကန်ပြည်သူများက ငွေကြေးစုဆောင်းမှု ရပ်တံ့နေကြပြီး အစိုးရကလည်း အာရှဗဟိုဘဏ်များ၏ အကြွေးနွံထဲ နစ်နေသည်။

mgyoe.com

မည်သို့ ကျော်လွှားကြမည်လဲ၊ သို့သော်လည်း ဤလားရာသည် ခဏတာမျှ ဖြစ်နိုင်သည်၊ တကယ်တော့ ကျန်သူများက အမေရိကန်တို့၏ အောက်ဆုံးအခြေခံ လိုင်းမှာ ကူညီကြသည်။ လွန်ခဲ့သော ၂၀ နှစ်ခန့်က ကမ္ဘာ့ဆန်မှုရော၊ ပြည်ပများတွင် အလုပ်အကိုင်ချထားမှုရောက လွန်စွာမှ အရှိန်ကောင်းခဲ့ပါသည်။ အမေရိကန်တို့၏ တိုးတက်မှုနှုန်းက ပျမ်းမျှ (၃%) အထက်မှာ ရှိခဲ့သည်။ ဂျာမနီ၊ ပြင်သစ်တို့ထက် သာလွန်ခဲ့သည်။ (ဂျပန်–၂.၃%) ။ ကုန်ထုတ်လုပ်မှုများလည်း တိုးတက်ခဲ့သည်။ ခေတ်သစ်စီးပွားရေးကို ရှည်ကြာစွာ ဖြစ်ပေါ်စေခဲ့သည်။ ယခုဆယ်စုနှစ်အတွင်း ပျမ်းမျှတိုးတက်နှုန်း (၂.၅%) ဖြင့် တိုးတက်ဆဲဖြစ်ပြီး ဥရောပတိုးတက်နှုန်းထက် မြင့်မားဆဲဖြစ်သည်။

ဆယ်စုနှစ်တစ်ခုစာမျှ ဒေါ်လာတန်ဖိုးခိုင်မာမှု ရပ်တန့်သွားသော်လည်း အမေရိကန်တို့၏ပို့ကုန်မှာ မြင့်တက်ဆဲဖြစ်သည်။ ၁၉၈၀ တွင် ယူအက်စ်၏ ပို့ကုန်သည် တစ်ကမ္ဘာလုံးပို့ကုန်၏ (၁၀%) မျှဖြစ်ပြီး (၂၀၀၇) ခုနှစ်အတွက် တစ်ကမ္ဘာလုံး ပို့ကုန်၏ (၉%) အထိရှိပါသေးသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အဆိုအရ အမေရိကန်သည် တီထွင်ဆန်းသစ်မှုတွင် ကမ္ဘာ့အဆင့် (၁) အဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး သူတို့၏စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းအားမှာ ကောင်းစွာကျန်ရှိနေသေးသည်။ နည်းပညာ အဆင်သင့်ဖြစ်မှုတွင် အဆင့် (၉) ၊ သုတေသနလုပ်ငန်းများအတွက် ကုမ္ပဏီအသုံးစရိတ်မှာ ကမ္ဘာ့အဆင့် (၂) ဖြစ်သည်။ သုတေသနလုပ်ငန်း အရည်အသွေးဆိုင်ရာမှာလည်း ကမ္ဘာ့အဆင့် (၂) မှာ ရှိနေသည်။

တရုတ်ပြည်မှာ အထက်ပါအဆင့် (၃) မျိုးဖြင့် တိုင်းတာလျှင် နိုင်ငံ (၃၀) တွင်းအဆင့်သို့ မရောက်ရှိသေးပါ။ အိန္ဒိယကမူ ထိပ်ဆုံး (၁၀) ခု၏ စံချိန်ကို 'ဈေးကွက်အရွယ်အစား' ဖြင့် စံချိန်တစ်ခု တင်လိုက်နိုင်ပါသည်။ မျက်မြင်အားဖြင့် နိုင်ငံများစွာတို့က စက်မှုလုပ်ငန်းများကို အသာစီးဖြင့် ဝင်ရောက်ပါဝင်လာကြည့်ဆိုသော်လည်း အမေရိကန်တို့၏လုပ်ငန်းများက ကမ္ဘာကြီးကို ဆက်လက်ဦးဆောင်နေကာ အကောင်းဆုံး ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် အကျိုးအမြတ်များစွာကို ရရှိနေဆဲဖြစ်သည်။

အခြားသောနိုင်ငံများ၏ ပါဝါများ တိုးတက်လာခြင်း၊ စီးပွားရေးကပ်များ၊ စစ်ပွဲများကြားတွင် အမေရိကန်တို့၏စီးပွားရေးသည် ကမ္ဘာ့စီးပွားရေးကြီးတစ်ခုလုံးတွင် မှန်မှန်ကြီး သိသာစွာ အချိုးအစားတစ်ခုကို ရရှိထားသည်။ လူဦးရေအားဖြင့် ကမ္ဘာ့လူဦးရေ၏ (၅%) မျှရှိသော အမေရိကန်သည် ထုတ်ကုန်အင်အားစုအဖြစ် ကမ္ဘာ၏ (၂၀–၃၀%) ကို လွန်ခဲ့သော နှစ်ပေါင်း ၁၂၅ နှစ်တိုင်တိုင် ဆက်လက်ထိန်း

mgyee.com

mgyoe.com

ထားနိုင်ဆဲဖြစ်သည်။ အမေရိကန်တို့၏ သမိုင်းစာမျက်နှာတွင် ကျန်ခဲ့သော စာမျက်နှာရှိပါသည်။ နောက်ထပ် ဆယ်စုနှစ်အနည်းငယ်အတွင်း အမေရိကန်တို့၏ အနေအထား ဖြစ်သည်။ ဤအခြင်းအရာသည် နိုင်ငံရေးနှင့် ဆိုင်ချင်းမဟုတ်ဘဲ ကိန်းဂဏန်းဆိုင်ရာသာ ဖြစ်သည်။ အခြားသောနိုင်ငံများ ဖွံ့ဖြိုးတိုးတက်လာမှု မြန်ဆန်လာသကဲ့သို့ အမေရိကန်တို့၏ စီးပွားရေးချိန်ခွင်လျှာသည် အနည်းငယ် ကျဆင်းလာနိုင်သည်။ သို့သော်လည်း ကျဆင်းမှုက စိန်ခေါ်မှုများကို လက်ခံနိုင်သရွေ့ ဆိုးဝါးသောအခြေအနေတစ်ရပ် ဖြစ်ပေါ်မည် မဟုတ်ချေ။

လာမည့် ဆယ်စုနှစ်အနည်းငယ်တွင် ထွန်းသစ်စနိုင်ငံတို့၏ တိုးတက်မှုသည် အနောက်နိုင်ငံများနှင့် ဂျပန်တို့၏ သုံးအားပေါ်တွင် မူတည်ပါလိမ့်မည်။ သူတို့၏ သုံးစွဲနိုင်မှုစွမ်းအားမှာ ခပ်ဖြည်းဖြည်းသာ ရှိတော့ပြီး လူဦးရေအားဖြင့်လည်း အကျဘက်တွင် ရှိနေပါသည်။ အမေရိကန်တို့အနေဖြင့်မှု သမိုင်းတွင် အပြင်းထန်ဆုံးသော စီးပွားရေးယှဉ်ပြိုင်မှုကို ရင်ဆိုင်ရမည်ကတော့ အမှန်ဖြစ်သည်။ ထိုသို့သော ဖိအားများကို အမေရိကန်ပြည်၏ စီးပွားရေးက လည်းကောင်း၊ လူမှုရေးစနစ်ကလည်းကောင်း မည်သို့ရင်ဆိုင်ရမည်ကို ကောင်းစွာသိရှိထားကြပါသည်။ ပြန်လည်တည်ဆောက်ရေး၊ ပြုပြင်ရေးများကို မလွဲမသွေပြုလုပ်ရမည်ဖြစ်ပြီး ထိုသို့ပြင်ဆင်မှုအတွက် နာကျင်မှုက ရေရှည်အောင်နိုင်ရေးအတွက် ဖြစ်ကြောင်းလည်း သဘောပေါက်ကြသည်။ ဤသည်ကို နိုင်ငံရေးစနစ်က မစွမ်းဆောင်နိုင်ပါချေ။ ပို၍ခက်ခဲသောစိန်ခေါ်မှုက နိုင်ငံတကာနှင့်ဆိုင်ရာဖြစ်သည်။ ကမ္ဘာ့အခင်းအကျင်းကို တွန်းလှန်ရာတွင် ယခုလောလောဆယ် ဆောင်ရွက်ဆဲဖြစ်သည့်စနစ်နှင့် ကောင်းစွာဆန့်ကျင်လာမည်ဖြစ်သည်။ အခုအချိန်ထိမှု အမေရိကန်သည် ကမ္ဘာ့အင်အားအကြီးဆုံး သရုပ်ဆောင်သူအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ သို့သော်လည်း နှစ်စဉ်နှစ်တိုင်း ဟန်ချက်တို့ ရွေ့ပြောင်းနေကြသည်။

၁၉၈၉ ခန့်က အမေရိကန်၏ပါဝါကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံတကာအခင်းအကျင်းနှင့် ဆက်စပ်သည်။ အားလုံးသောလမ်းများက ဝါရှင်တန်သို့ ဦးတည်ရ၏။ ကမ္ဘာ့ဆောင်ရွက်မှုတိုင်းကို အမေရိကန်တို့၏ နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံခြားရေးရာ ပေါ်လစီများဖြင့်ချိန်ထိုး၍ 'စတင်မှတ်' အဖြစ် လက်ခံခဲ့ကြရသည်။ ဝါရှင်တန်သည် ကမ္ဘာ့တိုက်ကြီးများ၏ သရုပ်ဆောင်မှုတွင် အဓိကနေရာမှ ပါဝင်ကပြရသည်။ အနောက်ကမ္ဘာကို လွှမ်းမိုးထားသည့် ဥရောပကိုသော်လည်းကောင်း၊ အာရှအရှေ့တစ်လွှားကိုသော်လည်းကောင်း ချိန်ခွင်လျှာညှိပေးသူအဖြစ် ဆက်လက်တည်ရှိဆဲဖြစ်သည်။ သူ၏အခန်းကဏ္ဍကို အရှေ့အလယ်ပိုင်း၊ အလယ်ပိုင်းနှင့် တောင်အာရှ

mgyoe.com

များဆီသို့လည်း ဖြန့်ကျက်ထားနိုင်သည်။ ကမ္ဘာ့မည်သည့်နေရာမဆို စစ်ရေးအသုံးပြုမှုတွင်လည်း တစ်ဦးတည်းသော စစ်ရေးအင်အား ဆောင်ရွက်ပေးသောနိုင်ငံအဖြစ် တည်ရှိဆဲဖြစ်ပြန်သည်။ ရုရှားနှင့် တရုတ်မှသည် တောင်အာဖရိကနှင့် အိန္ဒိယအထိ အရေးကြီးသော နိုင်ငံတကာဆက်ဆံရေးပိုင်းတွင်လည်း အမေရိကန်နှင့် လွတ်ကင်းသည်ဟူ၍ မရှိချေ။

ဤသို့သော လွှမ်းမိုးမှု၏ အထွတ်အထိပ်သည် အီရတ်သို့ ရောက်ရှိသွားခဲ့၏။ ကမ္ဘာကြီး၏ထိတ်လန့်မှု၊ တွန့်ဆုတ်မှု၊ ဆန့်ကျင်မှုများကြားကပင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်သော အီရတ်ကို အမေရိကန်တို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့ပါသည်။ အီရတ်နှင့်ပတ်သက်၍ ရှုပ်ထွေးမှုတစ်ခုထက်မကပါ။ ပြန်လည်ပြင်ဆင်၍မရတော့သော လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ အီရတ်တွင် အောင်မြင်မှုများ၊ ကြီးမြတ်စွာရှိနေလင့်ကစား သူတို့၏ဆောင်ရွက်မှုများက အမေရိကန်ကို စိန်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။ နောက်ဆုံး ကမ္ဘာတွင် ထိုဝင်ရိုးတစ်ခုတည်းဖြင့် ကျင့်သုံးရာ တိုက်ခိုက်မှုကို အီရတ်တို့ ခံလိုက်ကြရသည်။ လွန်ခဲ့သော ဆယ်စုနှစ်–နှစ်စုက ဝင်ရိုးတစ်ခုတည်း၏အခင်းအကျင်းသည် မှေးမှိန်လျက်ရှိခဲ့သည်။ ယခုအခါ အီရတ်အရေးအခင်းကြောင့် ဝင်ရိုးတစ်ခု၏အခင်းအကျင်း ပိုမိုပီပြင်လာသည်မဟုတ်ဘဲ ကျယ်ပြောသော ကမ္ဘာ့အရေးကိစ္စများစွာကြောင့်လည်း ဖြစ်သည်။

အချို့ကိစ္စများတွင်မူ ဝင်ရိုးတစ်ခုပုံစံသည် အဆုံးသတ်သွားသည့်ဟန်ရှိသည်။ ကမ္ဘာပေါ်တွင် ဥရောပယူနီယံ၏ ကုန်သွယ်မှုအုပ်စုသည် အကြီးမားဆုံးဖြစ်ပြီး ဝင်ရိုးနှစ်ခုကို ဖန်တီးထားသည်။ ဝင်ရိုးတစ်ခုမှာ တရုတ်ဖြစ်ပြီး အခြားဝင်ရိုးတစ်ခုမှာ ထွန်းသစ်စ မဟာအင်အားကြီးနိုင်ငံများ ဖြစ်သည်။ ဝင်ရိုးနှစ်ခုပုံစံမှသည် တဖြည်းဖြည်း ဝင်ရိုးသုံးခုပုံစံ၊ ထိုမှ 'ဝင်ရိုးစုံ' ပုံစံသို့ ရောက်ရှိလာရန် ဖြစ်သည်။ စစ်ရေးမှလွဲ၍ အခြားကိစ္စရပ်များစွာတို့တွင် ဤသို့သော အလားတူ အရွေ့အပြောင်းများ ဖြစ်ပေါ်နေဆဲဖြစ်သည်။

ယေဘုယျအားဖြင့် ဝင်ရိုးစုံ ကမ္ဘာကြီးဟူသော အယူအဆတွင် ကြီးစိုးသူ (၄) ဦးမှ (၅) ဦးသည် ညီမျှသောအင်အားများရှိကြသည်။ နီးကပ်သောအနာဂတ်နှင့် ယနေ့ဖြစ်ပျက်နေသော အရေးအရာတို့ကို ဖော်ပြခြင်းမရှိကြ။ ဥရောပသည် စစ်ရေးအရသော်လည်းကောင်း၊ နိုင်ငံရေးအရသော်လည်းကောင်း အရေးယူဆောင်ရွက်ချင်တိုင်း ဆောင်ရွက်၍မရ၊ ဂျပန်နှင့် ဂျာမနီတို့သည် သူတို့၏ အတိတ်လုပ်ရပ်များကြောင့် အကျိုးဆက်ကို ခံစားနေကြရသည်။ တရုတ်နှင့် အိန္ဒိယတို့ကမူ ဆက်လက်တိုးတက်နေပါသည်။ Samuel Huntington ၏ အသုံးနှင့်ပြောရလျှင် ကမ္ဘာကြီးကို

mgyoe.com

mgyoe.com

ပို၍အနီးစပ်ဆုံး ပုံဖော်ရပါက 'ဝင်ရိုးတစ်ခု၏ ဝင်ရိုးများ' သို့မဟုတ် တရုတ်တို့၏ ပထဝီနိုင်ငံရေးပညာရှင်ဆိုသကဲ့သို့ 'ပါဝါအများနှင့်တစ်ခုသော စူပါ–ပါဝါ' ဟု ပုံဖော်နိုင်မည်ဖြစ်သည်။

ရှုပ်ထွေးသော ဘာသာစကားသည် အမှန်ကိုရှုပ်ထွေးစေသည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် အင်အားအတောင့်တင်းဆုံးသောနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေပြီး ကမ္ဘာပေါ်တွင် အခြားအင်အားကြီးနိုင်ငံများနှင့်လည်း အတူတကွ ယှဉ်တွဲနေထိုင်ပါသည်။ ပိုမိုပွင့်လင်းမှု၊ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများဖြင့် ဖြစ်သည်။ ပို၍ ဒီမိုကရေစီဆန်သော၊ ပို၍တက်ကြွသော၊ ပို၍ပွင့်လင်းသော၊ ပို၍ဆက်နွယ်မှုကောင်းသော နိုင်ငံတကာ၏ 'သင်ကြားစနစ်' သည် ဆယ်စုနှစ်ပေါင်းများစွာ ကျွန်တော်တို့ နှစ်သက်စွာနေထိုင်ခဲ့ရသောပုံစံ ဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုမှုလွယ်ကူပြီး ရှေ့သို့ခရီးဆက်နေပါသည်။ ထိုမှသည် 'အမေရိကန် ကမ္ဘာအလွန်' ဖြစ်လာသည်။

အမြင့်ဆုံးဆွဲဆောင်မှုကို အမေရိကန်က သိမ်းယူထားသည်။ သို့သော်လည်း ကမ္ဘာ့အခင်းအကျင်းသစ်၏စိန်ခေါ်မှုများကိုတော့ ရင်ဆိုင်ရမည်ဖြစ်သည်။ ကမ္ဘာကြီး၏ဖြန့်ကျက်မှုတွင် ကြီးမားသော ပါဝါပိုင်ဆိုင်ကြသော နိုင်ငံအများစုက သူတို့၏ အခန်းကဏ္ဍကို မြင်ကြပါလိမ့်မည်။ ဤခရီးစဉ်သည် ဖြစ်ဆဲကာလ ဖြစ်သည်။ တရုတ်နှင့် အိန္ဒိယတို့သည် ပို၍ကြီးမားလာသော သရုပ်ဆောင်များဖြစ်လာကြပြီး ရုရှားမှာ ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် ရုရှားလွန်ခေတ်တွင် အဆုံးသတ်ခဲ့သော်လည်း ယခုအခါ အင်နှင့်အားနှင့် ဖြစ်လာပြန်ပါသည်။ ပို၍ ရန်လိုလျက် ရှိဟန်တူသည်။

ဂျပန်မှာ ထွန်းသစ်စ ပါဝါရှင်မဟုတ်တော့ပါ။ သို့သော်လည်း အိမ်နီးချင်းများနှင့် ကမ္ဘာသို့ သူ၏အမြင်နှင့်အသံများကို ပို၍ကျယ်လောင်စွာ လွှင့်ထုတ်ရန် ဆန္ဒရှိသည်။ ဥရောပမှာမူ ကုန်သွယ်ရေးနှင့် စီးပွားရေးတွင် ရည်မှန်းချက်ထားပြီး ပို၍စွမ်းအားရှိသော အင်အားဖြင့် ဆောင်ရွက်လိုကြသည်။ ဘရာဇီးနှင့် မက္ကဆီကိုတို့ကမူ လက်တင်အမေရိကပေါ်မှာ သူတို့၏ဩဇာ ကြီးထွားစေလိုသည်။ တောင်အာဖရိက–ကမူ သူ၏နေရာကို အာဖရိကတိုက်ကြီးတွင် ဦးဆောင်ကဏ္ဍမှာ ရယူထားသည်။ ထိုနိုင်ငံအားလုံးမှာ သူတို့ ယခင်ဆောင်ရွက်ခဲ့ကြဖူးသည်ထက်ပို၍ မေတ် သစ်၏မျက်နှာစာမှာ နေရာပိုယူထားကြပြီ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအတွက်မူ မြားသည် ဆန့်ကျင်ဘက်လားရာသို့ ဖြစ်သည်။ စီးပွားရေးသည် သုညကြွင်းကစားပွဲမဟုတ်၊ အခြားသော သရုပ်ဆောင်

mgyoe.com

mgyoe.com


များက ချဲ့ထွင်ကြပြီး အားလုံးအတွက် ကောင်းစေကာမူ ပထဝီနိုင်ငံရေးက လွှမ်းမိုးမှုနှင့် ထိန်းသိမ်းမှုအတွက် အတော်ရုန်းကန်ရဦးမည်ဖြစ်သည်။ အခြားသောနိုင်ငံများက ပို၍တက်ကြွစွာပါဝင်ရမည်ဖြစ်ပြီး အမေရိကန်တို့ရရှိထားသော နေရာကျယ်ကျယ်က တဖြည်းဖြည်းကျဆင်းလာပေမည်။ များပြားလှသော တိုက်ကြီးများနှင့် ကွဲပြားသော နိုင်ငံရေးအရောင်အသွေးကြားမှာ အမေရိကန်သည် ထွန်းသစ်စ အခြားနိုင်ငံများနည်းတူ သူ့အနေအထားကို ရရှိစေနိုင်ပါသည်။

ဤသို့ဆိုခြင်းသည် လက်မြှောက်အရှုံးပေး၍ ကျူးကျော်ခြင်း၊ ပဋိပက္ခများ၊ အကျပ်အတည်းများကို ဖြစ်ပေါ်စေသည်ဟုမဆိုလို။ အမေရိကန်တို့အတွက် တစ်ခုတည်းသောနည်းလမ်းမှာ အညှိစားလုပ်ဆောင်မှုများကို ဟန့်တားရန် ကျယ်ပြန့်သော၊ တာရှည်ခံသော ပူးပေါင်းမှုတို့ကို ကျန်သူများနှင့်အတူ ဆောင်ရွက်ရမည်ဖြစ်သည်။ ခေတ်သစ်အခင်းအကျင်းတွင် ဝါရှင်တန်က အခြားနိုင်ငံများကို 'ပါဝင်'သူ ဝိုင်းတော်သားများအဖြစ် သဘောထားကြောင်း စိတ်ဆန္ဒပြသနိုင်မှ ဖြစ်မည်။ ယနေ့ နိုင်ငံတကာအခင်းအကျင်းတွင် တိုးတက်မှုသည် ညှိနှိုင်းမှုသာ ဖြစ်သည်။ မည်သည့်နိုင်ငံကမျှ သူ့ကိုယ်ပိုင်နည်းလမ်းဖြင့် တစ်ဦးတည်းဆောင်ရွက်၍မရပါ။ ဤသို့ဆိုခြင်းသည် လွယ်ကူသော အကောင်းဆုံးစကားလုံးဖြစ်သော်လည်း တကယ်အကောင်အထည်ဖော်ရန်မှာမူ ခက်ခဲပါသည်။ ပါဝါနှင့်လွှမ်းမိုးမှု ကြီးထွားလာခြင်းကို လက်ခံရပါမည်။ သက်ဆိုင်သည့် ကိုယ်ကျိုးစီးပွားနှင့် ထင်ရှားခြင်းကိုလည်း လက်ခံနိုင်ရမည် ဖြစ်သည်။ ဤဟန်ချက်သည် နေရာချထားခြင်းနှင့် ဟန့်တားခြင်းတို့ကြားတွင် ရှိရမည်။ နောင်လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း အဓိကကျသော စိန်ခေါ်မှုကြီးတစ်ရပ်လည်း ဖြစ်လာပေမည်။

ဤအခန်းတွင် ကျွန်တော်ရေးသားသည်မှာ အခင်းအကျင်းသစ်က အမေရိကန်တို့၏ကျဆင်းမှုကို ရှေ့ပြေးနိမိတ် ပြခြင်းမဟုတ်ဟု ငြင်းဆိုခြင်း မဟုတ်ပါ။ အမေရိကန်တွင် တောင့်တင်းသောအင်အားများရှိနေပြီး ကမ္ဘာသစ်က ဖြစ်ပေါ်လာမည့် ရူပါ–ပါဝါအသစ်ကို ပုံအပ်မည်မဟုတ်ပါ။ သို့သော်လည်း 'အား' များက ဖြန့်ကျက်လျက်ရှိပြီး ဝါရှင်တန်က လမ်းကြောင်းကိုပြသပြီး လားရာကောင်းကို ကူညီနိုင်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကျန်နိုင်ငံများ၏ ထွန်းသစ်မှုတွင် စီးပွားရေးအသုံးနှုန်းဖြင့်ပြောရမည်ဆိုလျှင် အမေရိကန်သည် ကျဆင်းမှုနှင့်တော့ ရင်ဆိုင်နေရပြီဖြစ်သည်။ အခြားနိုင်ငံများ ပိုးတက်မှုမြန်ဆန်လာလေ အမေရိကန်တို့၏ အကျိုးစီးပွားလျော့နည်းလာလေ ဖြစ်သည်။ ထို့ပြင် အစိုးရမဟုတ်သော အင်အားများ ပို၍တက်ကြွဆောင်ရွက်လာလေ ဝါရှင်တန်အတွက် အကန့်အသတ်

mgyoe.com

mgyoe.com


များ ပိုရှိလာလေ ဖြစ်သည်။

ဝါရှင်တန်အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် အားလုံးအတွက်လည်း စိန်ခေါ်မှုပင် ဖြစ်ပါသည်။ ရာစုနှစ် ၃ စုလုံး၌ ဗိုလ်ကျစိုးမိုးမှုအောက်တွင် ကမ္ဘာကြီး ကျရောက်ခဲ့သည်။ ဦးစွာ ဗြိတိန်ဖြစ်ပြီးနောက် အမေရိကန်တို့က လွတ်လပ်စေခဲ့သည်။ ထို စူပါ–ပါဝါနှစ်နိုင်ငံက ကမ္ဘာ့စီးပွားရေးကို ဖန်တီးပေးခဲ့ပြီး ထိန်းသိမ်းခဲ့သည်။ ကုန်သွယ်ရေးလမ်းကြောင်း၊ ပင်လယ်ရေကြောင်းများကို ကာကွယ်ပေးခဲ့ပြီး အရန်ငွေကြေးများကို စုဆောင်းခဲ့သည်။ တိုင်းတစ်ပါး၌ ရင်းနှီးမြှုပ်နှံခဲ့သည်။ ထို့ပြင် သူတို့၏ကိုယ်ပိုင်ဈေးကွက်ကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ သူတို့ခေတ်အချိန်က ကျူးကျော်သူတို့၏ စစ်တပ်ရန်ကို လည်း ချိန်ခွင်လျှာ မျှပေးခဲ့သည်။ ပြင်သစ် နပိုလီယံမှ ဂျာမနီ၊ ထိုမှ ဆိုဗီယက်ယူနီယံအထိ ဖြစ်သည်။

သြဇာအာဏာ အလွဲသုံးမှုများအတွက် အမေရိကန်သည် လက်ရှိအခင်းအကျင်းဖြစ်လာအောင် ပွင့်လင်းသောကုန်သွယ်မှု၊ ဒီမိုကရေစီအစိုးရ ပေါ်ထွန်းလာအောင် ဖန်တီးပေးခဲ့သူဖြစ်သည်။ ဤအတွက် လူသားအများစုသည် ကြီးစွာသော အကျိုးဖြစ်ထွန်းခဲ့ပါသည်။ အရာရာပြောင်းလဲလာသကဲ့သို့ အမေရိကန်တို့၏ အခန်းကဏ္ဍလည်း ပြောင်းလဲလာသည်။ ထိုအခင်းအကျင်းက ကွဲပြားခြားနားလာရန် အစပြုပေးခဲ့သလိုဖြစ်သည်။ ဒေါ်လာ၏ကျဆုံးခြင်း၊ ဒေါ်လာဖြင့်စုဆောင်းသော အရန်ငွေကြေးများ တန်ဖိုးလျော့ကျခြင်းများသည် ကမ္ဘာအတွက် ပြဿနာတစ်ရပ်ဖြစ်လာပြီး အမေရိကန်အတွက်လည်း ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ ဘုံပြဿနာတစ်ခုကို ဖြေရှင်းသကဲ့သို့ ရှုပ်ထွေးနေချိန်တွင် ဗဟိုမှ ချုပ်ကိုင်မှုမရှိခြင်းသည် မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံမရှိပါက ပို၍ခက်ခဲသောအခြေအနေသို့ ရောက်ရှိလာမည် ဖြစ်သည်။

အချို့သောအမေရိကန်များက စူးရှထက်မြက်စွာ ကမ္ဘာကြီးပြောင်းလဲလာသည်ကို သတိထားမိပါသည်။ အမေရိကန်စီးပွားရေးသည် ကမ္ဘာပေါ်တွင် အရွေ့အပြောင်းစတင်ဖြစ်လာပြီကို သတိထားမိကြသည်။ အမေရိကန်အခြေပြု ကြီးမားသော နိုင်ငံတကာကုမ္ပဏီကြီးများ တူညီစွာအစီရင်ခံကြသည်မှာ သူတို့၏ တိုးတက်မှုသည် နိုင်ငံခြားဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက် နေရာယူနိုင်မှုပေါ်တွင် မူတည်သည်ဟုသုံးသပ်ကြသည်။ နှစ်စဉ်တိုးတက်နှုန်း (၂–၃%) ကို အမေရိကန်ပြည်တွင်းမှာ လည်းကောင်း၊ (၁၀–၁၅%) ကို အမေရိကန်ပြင်ပမှာလည်းကောင်း ရရှိနိုင်ရန် အမေရိကန်လွန်ခေတ်ကို သူတို့ကောင်းစွာ လက်ခံနိုင်ရမည်ကို သိရှိလာကြသည်။ အလားတူ သိသာထင်ရှားသော သတိထားမှုကို အမေရိကန်တက္ကသိုလ်များ

mgyoe.com

mgyoe.com


ကလည်း ရရှိထားကြပါသည်။ တစ်စတစ်စ ပိုမိုလာသော အမေရိကန်ကျောင်းသား များ၊ နိုင်ငံတကာတက္ကသိုလ်များသို့ ထွက်ခွာသင်ယူနေကြခြင်းက သက်သေပြနေ သည်။ အမေရိကန်ကျောင်းသားများက ပြင်ပတွင် နိုင်ငံခြားကျောင်းသားများနှင့် အချင်းချင်း အပေးအယူမှုတစ္စာရှိကြသည်။ ငယ်ရွယ်သော အမေရိကန်လူမျိုးများက ပညာကို သက်သောင့်သက်သာစွာရရှိကြပြီး ဘဏ္ဍာရေး၊ ဗိသုကာပညာ၊ ဝိဇ္ဇာ၊ နည်းပညာများကို လန်ဒန်၊ ရှန်ဟိုင်း၊ ဆိုးလ်၊ တော်လင်း သို့မဟုတ် မွန်ဘိုင်းမှာ သင်ယူကြသည်။

သို့သော်လည်း ယခုကဲ့သို့ ပြင်ပတွင် ပညာသင်ယူနေကြသည်မှာ အမေရိ ကန်လူမှုအဖွဲ့အစည်းအတွက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော ယေဘုယျသဘော တော့မဟုတ်ပါ။ အမေရိကန်တို့၏စီးပွားရေးအပေါ် အာရုံထားနိုင်မှုသည် ဆက်လက် တည်ရှိနေပြီး ကုန်သွယ်ရေးမှာ GDP ၏ (၂၈%) (ဂျာမနီ၏ကုန်သွယ်ရေးမှာ GDP ၏၃၈%) ရှိနေပါသည်။ အမေရိကန်သည် သမုဒ္ဒရာကြီးနှစ်ခုဖြင့် သူ၏အိမ်နီးနား ခြင်းကို ကာရံထားပြီး သီးခြားနေထိုင်နိုင်မှုက သဘာဝပေးထားသော အမေရိကန် တို့၏စရိုက်ဖြစ်ပါသည်။ အမေရိကန်တို့သည် အမြဲတစေ သစ်လွင်သော၊ ခြားနား သော အခင်းအကျင်းသစ်တို့ကို စဉ်းစား၊ လက်ခံနိုင်သူများ ဖြစ်ကြသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဤသို့အထီးကျန်ဖြစ်မှုကို အမေရိကန်များက ကောင်းစွာသတိ ပြုမိပါသည်။

အမေရိကန်များ ဘာသာစကားတချို့ကို ပြောကြသည်။ နိုင်ငံခြားယဉ်ကျေး မှုအနည်းငယ်ကို သိရှိကြသည်။ သို့သော် အသိအမှတ်ပြုရန် သူတို့ကောင်းစွာ သဘောမပေါက်ကြချေ။ အမေရိကန်များသည် ကမ္ဘာ့အဆင့်များစွာကို ရှားပါးစွာ စံချိန်စံညွှန်းပြုသူများဖြစ်ကြသည်။ သူတို့ဆောင်ရွက်ချက်၊ သွားရာလမ်းကြောင်း များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဟု သဘောထားကြသူများလည်း ဖြစ် သည်။ ဤအတွက်ရလဒ်မှာ ကမ္ဘာ့ထွန်းသစ်စအချိန်အတွက် သူတို့က ကြီးစွာ သံသယရှိနေကြခြင်းဖြစ်သည်။ အမေရိကန်တွင် ကမ္ဘာ့အဆင့်မီ စီးပွားရေးလုပ်ဆောင် ကြသူ လူ့ထိပ်သီးများနှင့် သာမန်လူတန်းစားကြား ကွာဟချက်က တဖြည်းဖြည်း ကြီးထွားနေသည်။ ဤကွာဟချက်ကို ပေါင်းကူးပေးနိုင်ခြင်းမရှိပါက ဤကွဲကွာခြင်း သည် အမေရိကန်တို့၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ကျဆုံးစေမှာဖြစ်ပြီး သူတို့၏ နိုင်ငံရေးအနာဂတ်ကိုလည်း ကောင်းစွာထိခိုက်စေမှာဖြစ်သည်။ ခိုင်မာသည့် ယုံကြည် မှုမျိုးမဟုတ်သော ရေပန်းစားမှုများက အမေရိကန်တို့၏ နိုင်ငံရေးယဉ်ကျေးမှုကို တာဝန်ခံမှုမရှိအောင် တဖြည်းဖြည်း အားပေးရာရောက်နေပါသည်။

mgyoe.com

mgyoe.com


ဝါရှင်တန်တွင် ကမ္ဘာသစ်အကြောင်း အတွေးအခေါ်သစ်သည် အတော်အား နည်းနေ၏။ သမ္မတဘုရှ်၏ ကျူးကျော်မှုနှင့် တစ်ဖက်သတ်ရှုမြင်မှုတို့အပေါ် ကောင်းစွာဝေဖန်နိုင်မည် ဖြစ်သည်။ သို့သော်လည်း ပြဿနာဖြင့် ဘုရှ်ကို ကန့် သတ်လိုက်သည်တော့မဟုတ်ပါ။ ဒုတိယသမ္မတ ချေနီ၊ ကာကွယ်ရေးဝန်ကြီး ရမ်း(စ်)ဖီးလ်နဲ့ ရီပတ်ဘလေကန်တို့ကိုလည်း မကန့်သတ်ပါ။ သို့သော်လည်း ဒီမို ကရက်တချို့၏စကားသံကိုလည်း နားထောင်သင့်ပါသည်။ သူတို့မှာ ပို၍ပျော့ပျောင်း သော မိုလ်ကျစိုးမိုးရေး၊ ကုန်သွယ်ရေး၊ လုပ်သားကဏ္ဍ၊ လူသားအခွင့်အရေးကိစ္စရပ် များနှင့်ဆိုင်သော မူဝါဒများ ရှိနေကြပါသည်။ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပါတီ နှစ်ရပ်လုံးက တူညီစွာရပ်တည်ကြသည်။ အများပြည်သူ၏ဆန္ဒပေါ် အခြေခံပြီး အခြားအဆိပ်အတောက်ပါသော အားထုတ်မှုများအပေါ် အခြေမခံကြပါချေ။ အမေရိ ကန်နိုင်ငံရေးသမားတို့သည် ပုံမှန်အနေအထားတွင်ရှိကြပြီး ပေါ့ဆသော၊ မသန့်ရှင်း သော တောင်းဆိုမှုမျိုး မတောင်းဆိုတတ်ကြပါ။ လွန်ခဲ့သော ၁၅ နှစ်ခန့်က အမေရိ ကန်တို့သည် ကမ္ဘာ့လူဦးရေတစ်ဝက်လောက်ကို ပိတ်ဆို့မှုပြုလုပ်ခဲ့ဖူးသည်။ အခြား နိုင်ငံများ၏ အမူအကျင့်နှင့်ပတ်သက်၍ အရည်အချင်းစစ်မှတ်တမ်းကို တောင်းဆို သည့် တစ်နိုင်ငံတည်းသောသူမှာ အမေရိကန်သာ ဖြစ်ပါသည်။ ဝါရှင်တန်ဒီစီသည် တဖြည်းဖြည်း ပူးပေါင်းတစ်ခုအသွင်၊ တင်းတိမ်ရောင့်ရဲလာပြီး ကမ္ဘာကြီးနှင့် ထိတွေ့ မှုပြတ်တောက်နေပါသည်။

Peru မှ ကမ္ဘာကြီး၏သဘောထားနှင့် ဆိုင်ရာ (၂၀၀၇) လေ့လာမှုစစ်တမ်း တွင် တစ်ကမ္ဘာလုံးက ရှုမြင်သော လွတ်လပ်သော ကုန်သွယ်မှု၊ ဈေးကွက်၊ ဒီမိုကရေစီ အခွင့်အရေးများအပေါ် ဆန္ဒကြီးထွားလာသည်ဟု ဖော်ပြထားပါသည်။ အဓိက ကြီးမားသောနိုင်ငံကြီးများဖြစ်သည့် တရုတ်မှသည် ဂျာမနီ၊ ထိုမှ ဘင်္ဂလားဒေ့ရှ်နှင့် နိုင်ဂျီးရီးယားတို့က နိုင်ငံများကြား ကုန်သွယ်ရေးတိုးမြှင့်ကြီးထွားလာခြင်းကို ကောင်းမွန်မှုတစ်ရပ်ဟု ပြောလာကြသည်။ နိုင်ငံပေါင်း (၄၇) နိုင်ငံ၏ သဘောထား ဖြစ်ပြီး အမေရိကန်ကမူ နောက်ဆုံးလိုက်လျောရသောနိုင်ငံ ဖြစ်လာပါသည်။ လွန်ခဲ့ သော ၅ နှစ် လေ့လာဆန်းစစ်မှုအရ အမေရိကန်မှလွဲ၍ မည်သည့်နိုင်ငံကမျှ ရုတ်တရက်ကျဆင်းခဲ့ခြင်းမရှိပါ။

နိုင်ငံခြားကုမ္ပဏီများ၏ သဘောထားကိုလည်းကြည့်ပါ။ သူတို့တွင် အပြု သဘောဆောင်သော ယက်ရောက်မှုများ ရှိ–မရှိဆိုသည်ကို လေ့လာလျှင် လူဦးရေ များပြားစွာရှိကြသော ဘရာဇီး၊ နိုင်ဂျီးရီးယား၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်လို နိုင်ငံ များက 'ဟုတ်ကဲ့' ဟု ပြောကြပါသည်။ ထိုနိုင်ငံများမှာ ပုံစံတကျပင် အနောက်နိုင်ငံ

mgyoe.com

mgyoe.com


များ၏ ကုမ္ပဏီကြီးများအပေါ် သံသယများရှိနေကြပါသည်။ တောင်အာရှနိုင်ငံ အချို့မှာ မသက်မသာ အခြေခံဖြင့် ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုနိုင်ငံများ သည် တစ်ချိန်တုန်းက ကိုလိုနီနယ်ချဲ့လက်အောက်ခံ နိုင်ငံတကာကုမ္ပဏီကြီးများ၏ ခြယ်လှယ်မှုကို ခံခဲ့ကြရသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် ဗြိတိသျှအရှေ့အိန္ဒိယ ကုမ္ပဏီလိုမျိုးဖြစ်သည်။ အိန္ဒိယတွင် (၇၃%)၊ ဘင်္ဂလားဒေ့ရှ်တွင် (၇၅%) ၊ ဘရာဇီး တွင် (၇၀%) ၊ နိုက်ဂျီးရီးယားတွင် (၈၂%) သောသူများက ယခုအခါ အပြုသဘော ဆောင်သောအမြင်များ ရှိလာကြပြီဖြစ်သည်။ ၎င်းတို့နှင့် ဆန့်ကျင်စွာ အမေရိကန် တွင် (၄၅%) ကသာ အပြုသဘောဆောင်မှုဖြင့် မြင်ကြပြီး အနိမ့်ဆုံး ငါးနိုင်ငံတွင် အမေရိကန် ပါဝင်ပါသည်။

အမေရိကန်ကုမ္ပဏီများ၏ လက်ကမ်းမှုကို ကမ္ဘာကြီးကကြိုဆိုရန် ကျွန် တော်တို့ လိုလားပါသည်။ သို့သော်လည်း အမေရိကန်တို့ ရောက်လာသောအခါတွင် မူ ဆန့်ကျင်ခြားနားကြပါသည်။ လူဝင်မှုကြီးကြပ်ရေးက အကြီးအကျယ်သဘော ထား ပြောင်းပြန်ဖြစ်သည်။ အမေရိကန်သည် ကမ္ဘာကြီး၏ စံပြဖြစ်သော်လည်း တစ်ခါတစ်ရံမှာ ထိုနိုင်ငံများသည် စိတ်ဆိုးစွာ ကာကွယ်ခုခံရေးအသွင် ဆောင်ကြပါ သည်။ တစ်ကြိမ်တုန်းက နည်းပညာအသစ်များနှင့်ပတ်သက်၍ ဦးဆောင်သူဖြစ် လိုသည့် ကျွန်တော်တို့မှာ ယခုအခါ တီထွင်ဆန်းသစ်မှုတို့ကို ထိတ်လန့်ကြောက်ရွံ့ စွာ ကြည့်နေရသည်။ ဤသို့ဆိုလျှင် မည်သို့ပြောင်းလဲလာမည်မှာ ထူးဆန်းလှစွာ သည်။

ထင်ရှားခြင်းတစ်ခုမှာ ကျန်သောနိုင်ငံများ၏ ထွန်းသစ်လာမှုမှာ အမေရိကန် တို့၏ အတွေးအခေါ်နှင့် ဆောင်ရွက်မှုတို့မှရရှိသော နောက်ဆက်တွဲရလဒ်များ ကြောင့်ဖြစ်သည်။ နှစ်ပေါင်း ၆၀ အတွက် အမေရိကန်နိုင်ငံရေးသမားများ၊ သံတမန် များ ကမ္ဘာတစ်ခွင်လှည့်လည်ပြီး သူတို့၏ဈေးကွက်ကို ဖွင့်ပေးခဲ့ကြသည်။ သူတို့၏ နိုင်ငံရေးကို မြင်သာစေသည်။ ကုန်သွယ်ရေးနှင့် နည်းပညာများကို ကျားကန်ပေးခဲ့ကြ ပါသည်။ ဝေးကွာသောနယ်မြေဒေသရှိလူများအား ကမ္ဘာ့စီးပွားရေးတွင် ဖြစ်ပေါ်နေ သော စိန်ခေါ်မှုများကို ယှဉ်ပြိုင်ရန်လက်ခံရန် မှာကြားလိုပါသည်။ သူတို့၏ငွေကြေး များကို လွတ်လပ်စွာ စီးဆင်းစေလိုသည်။ လုပ်ငန်းအသစ်များကို ဖွံ့ဖြိုးစေလိုပါသည်။ အပြောင်းအလဲများကို မကြောက်ရွံ့အောင် အားပေးလိုသည်။ ပြီးတော့ အောင်မြင် ခြင်း၏ လျှို့ဝှက်ချက်များကိုလည်း လေ့လာရရှိစေလိုပါသည်။ ပြီးလျှင် ဌာနေလူမျိုး များ အရင်းရှင်စနစ်ကို ကောင်းစွာခံစားတတ်စေလိုပါသည်။

ကျွန်တော်တို့ ရှည်ကြာစွာဆောင်ရွက်ခဲ့သောအကြောင်းအရာများစွာကို

mgyoe.com

mgyoe.com

သံသယဖြစ်လာခဲ့ပါသည်။ လွတ်လပ်သော ဈေးကွက်၊ လွတ်လပ်သော ကုန်သွယ်မှု၊ နိုင်ငံတစ်နိုင်ငံတွင် လာရောက်အခြေကျနေထိုင်မှုနှင့် နည်းပညာအပြောင်းအလဲများ အပေါ်ဖြစ်သည်။ ရေလှိုင်းတစ်ခုသည် ကျွန်တော်ကို့ပုံစံဖြင့် ဖြစ်တည်လာသောအခါ ဤအရာများဖြစ်လာခဲ့ပါသည်။ ကမ္ဘာကြီး ပို၍ပွင့်လင်းလာသည်နှင့်အမျှ အမေရိကန်တို့ပို၍ ဆုံးရှုံးလာရပါသည်။

ယခုမှစသော မျိုးဆက်သစ်များစွာတို့အကြောင်း သမိုင်းပညာရှင်များ ရေးသားကြရာတွင် ဤအချက်ကို သူတို့ မှတ်သားမိကြပါသည်။ နှစ်ဆယ်ရာစု၏ ဆယ်စုနှစ်အစောပိုင်းကာလများတွင် အမေရိကန်တို့သည် ကြီးမားသောဂုဏ်ဒြပ်နှင့် ရည်ရွယ်ချက်များကို အောင်မြင်ရရှိခဲ့ကြသည်။ ဤသည်က ကမ္ဘာဆန်မှုကို ဖြစ်ပေါ်စေသည်။ သို့သော်လည်း ခရီးတစ်လျှောက် ကမ္ဘာဆန်မှုကို သူ့သဘောသူဖြစ်ပေါ်သည်ဟု ရေးသားကြပြီး အမေရိကန်တို့၏ အခန်းကဏ္ဍကို မေ့ထားခဲ့ကြသည်။

■

mgyoe.com

mgyoe.com

# အခန်း (၃)
# အနောက်မဟုတ်သောကမ္ဘာ

လူတိုင်းသိကြသည့်အတိုင်း ၁၄၉၂ ခုတွင် ခရစ်တိုဖာကိုလံဘတ်(စ်) (Christopher Columbus) သည်လူသားသမိုင်းတွင် အလွန်အရေးပါပြီး ရည်ရွယ်ချက်ကြီးမားစွာ နယ်သစ်ရှာဖွေရေးအတွက် ရွက်လွှင့်ခဲ့သည်။ လူသိအလွန်နည်းသောအချက်မှာ တရုတ်ပြည်မှ Zhen He က ကိုလံဘတ်(စ်)ထက် (၈၇) နှစ်စောစွာ ရည်ရွယ်ချက်ကြီးကြီး စွန့်စားရှာဖွေခရီးထွက်ခဲ့ပါသည်။ 'ကျန်' ၏ သင်္ဘောများမှာ ကိုလံဘတ်စ်၏သင်္ဘောထက် များစွာကြီးမားပြီး ကောင်းစွာ ဆောက်လုပ်ထားပါသည်။ ၁၅ ရာစုနှင့် ၁၆ ရာစုအတွင်း ပင်လယ်ရေကြောင်းခရီးသွားလာသူ အားလုံး သို့မဟုတ် ဥရောပမှ စွန့်စားသူအားလုံး သို့မဟုတ် ဗက်စကိုးဒဂါးမား (Vasco da Gama) ထက် များစွာကောင်းမွန်သောသင်္ဘောများ ဖြစ်သည်။

၁၄၀၅ ခုနှစ် သူ၏ပထမခရီးတွင် 'ကျန်' သည် လူ ၂၈၀၀ နှင့် သင်္ဘော ၃၁၇ စီးဖြင့် ခရီးထွက်ခဲ့သည်။ ကိုလံလတ်စ်၏ သင်္ဘော (၄) စီး၊ သင်္ဘောသား (၁၅၀) တို့နှင့် နှိုင်းယှဉ်နိုင်သည်။ 'ရတနာသင်္ဘော' ဟု အမည်ရသော တရုတ်ပြည်၏ အကြီးဆုံးသင်္ဘောကြီး၏အရှည်မှာ ပေ ၄၀၀ ရှည်လျားပြီး ကိုလံဘတ်စ်၏ အကြီးဆုံးဖြစ်သော 'ဆန်တာမာရီယာ' (Santa Maria) ထက် လေးဆမျှ ရှည်လျားပါသည်။ ထိုသင်္ဘောများတည်ဆောက်ရန် သစ်များစွာလိုအပ်ပြီး သင်္ဘောတစ်စီးစီတည်ဆောက်ရန် သစ်တောဧက ၃၀၀ ကို အသုံးပြုခဲ့ကြပါသည်။ မြင်းများ၊ ရိက္ခာများ၊ အစားအစာ၊ ရေနှင့် စစ်သားများ သယ်ဆောင်နိုင်ရန် သင်္ဘောကို ပုံစံထုတ်ခဲ့ကြသည်။ 'ကျန်' ၏ အသေးဆုံးသင်္ဘောမှာ ရွက်တိုင် (၅) ခုပါသော စစ်သင်္ဘောဖြစ်ပြီး လှုပ်ရှားမှုအလွန်လျင်မြန်ကာ စပိန်သင်္ဘောများထက် နှစ်ဆကြီးပါသေးသည်။

mgyoe.com

mgyoe.com

တရုတ်သင်္ဘောများကို အထူးသစ်သားများဖြင့် တည်ဆောက်သည်။ ရှုပ်ထွေးသော အဆက်အစပ်များ၊ သစ်ဆန်းကောင်းမွန်သော ရေစိမ့်မှုကာကွယ်သည့် နည်းစနစ်များ၊ ထိန်းညှိနိုင်သော သင်္ဘောစရာများ တည်ဆောက်ထားခြင်း ဖြစ်သည်။ 'ရတနာသင်္ဘောကြီး' တွင် ကြီးမားသောအခန်းကြီးများ၊ ပိုးသားဖြင့် ပြုလုပ်ထားသော လှေရွက်များ၊ ခန်းမကြီးများပါဝင်သည်။ ကမ္ဘာ့အကြီးဆုံးနှင့် ခေတ်အမီဆုံး သင်္ဘောဆိပ်ကမ်းကြီးဖြစ်သည့် နန်ကျင်း (Nanjing) ဆိပ်ကမ်းကြီးတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၄၀၅ ခုမှ ၃ နှစ်ခန့်အကြာတွင် နန်ကျင်းတွင် သင်္ဘောပေါင်း (၁၆၈၁) စီး တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ဤမျှစွမ်းဆောင်မှုမျိုးကို ဝေးကွာလှသော ဥရောပရှိ မည်သည့်နိုင်ငံကမျှ မဆောင်ရွက်နိုင်သေးပါ။

အရွယ်အစားသည် အဓိကကျသောအချက်တစ်ခု ဖြစ်သည်။ ကြီးမားသော သင်္ဘောအုပ်စုကြီးသည် 'တုန်လှုပ်မှုနှင့် ထိတ်လန့်မှု' သဘောကိုဆောင်ပြီး အနားအနီးဒေသရှိ ဌာနေများကို ကြောက်လန့်စေပါသည်။ မင် (Ming) မင်းဆက်၏ တန်ခိုးအာဏာကို ထင်ရှားစွာပြသရာလည်း ရောက်သည်။ ၁၄၀၅ မှ ၁၄၃၃ နှစ်အတွင်း သူ၏ (၇) ခုသော ရေလမ်းခရီးမှာ အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဝန်းကျင်တစ်ဝိုက်တွင်ဖြစ်သည်။ 'ကျန်' က ဌာနေလူမျိုးများကို လက်ဆောင်ပေးအပ်ပြီး ရိုသေလေးစားမှုကို ရယူခဲ့သည်။ ဆန့်ကျင်သူများနှင့် ရင်ဆိုင်ရပါက သူ၏ စစ်အင်အားကိုသုံးရန် ဝန်မလေးခဲ့။

သူ၏ခရီးတစ်ခုတွင် ဆူမတ်တြားမှ ပင်လယ်ဓားပြတစ်ဦးကို ဖမ်းဆီးခဲ့သည်။ အခြားတစ်ဦးမှာ စီလုံကျွန်းမှ သူပုန်ကစ်ဦးဖြစ်သည်။ ထိုသူများကို ပြန်လွှတ်ပေးလိုက်ပြီး ပန်းများ၊ သစ်သီးများ၊ အဖိုးတန်ရတနာများ၊ မြင်းကျား၊ သစ်ကုလားအုတ်အပါအဝင် တိရစ္ဆာန်များကို ပေးလိုက်သေးသည်။ သို့သော်လည်း 'ကျန်' ၏ ဇာတ်လမ်းမှာ အဆုံးသတ်မကောင်းခဲ့ပါ။ ၁၄၃၀ နှစ်များတွင် မင်းဆက်အသစ်တက်လာခဲ့ပြီး သူ၏ရေကြောင်းခရီးကို လျင်မြန်စွာအဆုံးသတ်စေခဲ့သည်။ သူ၏ ကုန်သွယ်ရေးနှင့် လေ့လာရေးခရီးကို ရုပ်သိမ်းခဲ့သည်။ အရာရှိတချို့မှာ ထိုရေကြောင်းခရီးတွင် ဆက်လက်ဆောင်ရွက်ခွင့်ရသော်လည်း ဘုရင်ထံမှအကူအညီများ မရတော့ပါ။ ၁၅၀၀ ပြည့်နှစ်တွင် သင်္ဘောရွက်နှစ်ရွက်ထက်ပိုသော သင်္ဘောကို မည်သူမျှတည်ဆောက်ခွင့်မရှိ၊ တည်ဆောက်လျှင်လည်း သေဒဏ်အဖြစ် တရားရုံးမှ အမိန့်ထုတ်ပြန်လာပါသည်။ ၁၅၂၅ တွင် ကမ်းခြေစောင့် အာဏာပိုင်များကို ပင်လယ်ကူးသင်္ဘောများတွေ့လျှင် ဖျက်ဆီးပစ်ရန်နှင့် ပိုင်ရှင်ကို ထောင်သွင်းအကျဉ်းချရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ၁၅၅၁ တွင် ရွက်စုံရှိသင်္ဘောမှန်သမျှ ပင်လယ်ပြင်မှာတွေ့

mgyoe.com

mgyee.com

လျှင် ရာဇဝတ်မှုကျူးလွန်သည်ဟု သတ်မှတ်လိုက်ပြန်သည်။ ၁၆၄၄ ခုနှစ် 'ကင်' (Qing) မင်းဆက် အာဏာရလာသောအခါ ဤအခြေခံမူဝါဒကိုပင် ဆက်လက်ကျင့်သုံးပြန်သည်။

ဤအကြောင်းရင်းများသည် တရုတ်တို့၏ ကြီးကျယ်ခဲ့သော သင်္ဘောလုပ်ငန်းကြီးကို လုံးဝကျဆုံးသွားစေခဲ့သည်။ 'ကျန်'၏ နောက်ဆုံးပင်လယ်ခရီးဖြစ်သည့် ဆယ်စုနှစ်တွင် အနောက်နိုင်ငံများမှာ ဒါဇင်ပေါင်းများစွာသော နယ်မြေသစ်ရှာဖွေသူတို့က အိန္ဒိယ၊ တရုတ်ဆီသို့ အကြိမ်များစွာ ခရီးလှည့်လည်ခဲ့ကြပါသည်။ တရုတ်တို့၏ သင်္ဘောတည်ဆောက်မှုနည်းလမ်းကို ဥရောပမှရရှိစေရန် အချိန် နှစ် ၃၀၀ ကြာညောင်းခဲ့သည်။

ဤထင်ရှားသော အလှည့်အပြောင်းသည် ဘာကိုပြောပါသလဲ? တရုတ်ပြည်၏ အထက်တန်းလွှာတန်းစားများ ပြင်ပဆက်ဆံရေးကို ခွဲခြားလိုက်ခြင်း ဖြစ်သည်။ တရုတ်ပြည်ကို အုပ်စိုးသူအသစ်များအနေဖြင့် ရေကြောင်းသွားလာရေးတွင် ဆုံးရှုံးသည်ဟု စဉ်းစားဟန်ပုံပေါ်သည်။ ရေကြောင်းခရီးသည် လွန်စွာအကုန်အကျများသည်။ ဤအတွက် အခွန်အတုတ်များကို ပို၍ကောက်ခံကြရသည်။ ရေကြောင်းခရီးမှပြန်ရငွေက အနည်းငယ်မျှသာဖြစ်၍ မကာမိ၊ တန်ရာသည်ဟု အုပ်စိုးသူများက မသတ်မှတ်၊ ထို့ပြင် ၁၅ ရာစုအလယ်ခန့်တွင် မွန်ဂိုလူမျိုးများနှင့် အခြားသောကျူးကျော်သူများက တရုတ်အင်ပါယာ၏ ရှေ့တန်းစစ်မျက်နှာကို ခြိမ်းခြောက်လျက်ရှိကြသည်။ သူတို့ကို အလေးအနက်ထားရန်နှင့် အရင်းအမြစ်များကိုသုံးစွဲရန် ဖိအားပေးခံခဲ့ရသည်။ ပင်လယ်ပျော်များသည် အကုန်အကျများသောအလုပ်ကို လုပ်နေကြသူများဟု အမြင်ရှိခြင်းကလည်း တရုတ်တို့၏ သင်္ဘောလုပ်ငန်းကျဆုံးသွားရခြင်း၏ အကြောင်းတစ်ပါး ဖြစ်သည်။

အရေးပါသောဆုံးဖြတ်ချက် ဖြစ်သည်။ တရုတ်တို့သည် ပြင်ပကမ္ဘာမှ ပြန်လည်လှည့်ထွက်လာပြီး ဥရောပကမူ နိုင်ငံတကာသို့ စွန့်စားခရီးထွက်ခဲ့ကြသည်။ ဥရောပရေတပ်မတော်၏ ရေကြောင်းခရီးဆန့်မှုသည် သူတို့အတွက် ခွန်အားသစ်များကိုဖြစ်စေကာ ကမ္ဘာတစ်ဝန်း ဥရောပ၏ လွှမ်းမိုးမှုနှင့်အင်အားကို ဖြန့်ကျက်ချထားလိုက်သလိုလည်း ဖြစ်ခဲ့သည်။ အကယ်၍သာ တရုတ်တို့က သူတို့၏ ရေကြောင်းသွားလာရေးကို ဆက်လက်ဆောင်ရွက်ခဲ့မည်ဆိုလျှင် ယနေ့ခေတ်သစ်သမိုင်းသည် ယခုကဲ့သို့မဟုတ်ဘဲ အတော်ခြားနားသွားပါလိမ့်မည်။

မိမိတို့နိုင်ငံတွင်းဘက်သို့သာ ပြန်လည်ဦးတည်ခဲ့သော တရုတ်တို့၏ အဆုံးအဖြတ်သည် မဟာဗျူဟာအမှား၏ တစ်ခုတည်းသောရလဒ်မဟုတ်ပါ။ တရုတ်

mgyee.com

mgyoe.com

ယဉ်ကျေးမှုရပ်တံ့သွားခြင်းကို ဖော်ပြခြင်းတစ်မျိုးလည်း ဖြစ်သည်။ ရေကြောင်းသွားလာရေးကဏ္ဍ ရပ်ဆိုင်းသွားရန် အဆုံးအဖြတ်၏နောက် တရုတ်နှင့် အနောက်မဟုတ်သောနိုင်ငံများ၏တိုးတက်မှုသည် အနောက်နိုင်ငံများထက် များစွာနောက်ကျကျန်ရစ်ခဲ့ပါတော့သည်။ ၁၅ ရာစုနောက်ပိုင်း နှစ်ရာနှင့်ချီ၍ တစ်ဖက်မှာ ဥရောပနှင့် အမေရိကန်တို့က စက်မှုကဏ္ဍတိုးတက်ခြင်း၊ မြို့ပြကဏ္ဍတိုးတက်မှုများရရှိခြင်း၊ ခေတ်မီဖွံ့ဖြိုးမှုများရရှိခြင်းများဖြင့် အောင်ပွဲခံနေပြီး အခြားသော အနောက်မဟုတ်အုပ်စုဖြစ်သည့်နိုင်ငံများမှာ ဆက်လက်ဆင်းရဲနေရပြီး လယ်ယာစိုက်ပျိုးရေးမှာ သိသာစွာတိုးတက်လာမှုများ မရှိခဲ့တော့ပါ။

'ကျန်နိုင်ငံများ၏ ထွန်းသစ်မှု' ဘာကို ဆိုလိုသည်ကို နားလည်ရန်၊ ထိုနိုင်ငံများ ရှည်လျားစွာ ငြိမ်သက်နေသောကာလကို ကျွန်တော်တို့ နားလည်ရမည် ဖြစ်သည်။ အသိဆိုင်ရာများ၊ ကုန်ကြမ်းများ၏လွှမ်းမိုးမှုကို ဆောင်ရွက်နိုင်ခဲ့သော အနောက်နိုင်ငံများ၏ဆောင်ရွက်မှုသည် ခေတ္တခဏမျှသော မြင်ကွင်းသာ မဟုတ်ခဲ့ချေ။ ကျွန်တော်တို့ တိုးတက်မှုနှင့်အတူ အနောက်ကမ္ဘာတွင် နေထိုင်ခဲ့ကြသည်မှာ ထောင်စုနှစ်တစ်ဝက်မျှ ရှိခဲ့ပြီဖြစ်သည်။ အခြားသောနိုင်ငံများ၊ တိုက်ကြီးများ တိုးတက်ကြသည်ဆိုသော်လည်း အနောက်အုပ်စု၏အရိပ်က လွှမ်းမိုးဆဲ ဖြစ်ချေဦးမည်။ နှစ်လေးဆယ်နှင့်ချီ၍ ကြာညောင်းနိုင်သလို ထို့ထက်ပို၍လည်း ကြာညောင်းနိုင်ပါသည်။

အကယ်စင်စစ် တရုတ်နှင့်အိန္ဒိယတို့သည် အနောက်နိုင်ငံများကဲ့သို့ပင် ၁၈၀၀ ကာလများက တန်းတူးချမ်းသာကြသည်ဟု သာမန်မှတ်ချက်မျိုး ပေးနိုင်ပါသည်။ ခြုံငုံအမြင်ဖြင့်ပြောရလျှင် အနောက်အုပ်စု၏လွှမ်းမိုးမှုသည် နှစ်ပေါင်း ၂၀၀ ခန့်မျှ ကြာညောင်းခဲ့ပြီး ယခုအခါ ကျွန်တော်တို့သည် ပုံမှန်ဟန်ချက်ညီအဆင့်သို့ လှည့်ပြောင်းရောက်ရှိလာပြီဖြစ်သည်။ ဤဖော်ပြချက်၏ဆိုလိုရင်းမှာ အနောက်ကမ္ဘာ၏ အသာစီးရမှုသည် ကြီးစွာသောတိုက်ဆိုင်မှုကြီးတစ်ခုကြောင့်ဖြစ်ပြီး 'ကိုလိုနီနှင့် ကျောက်မီးသွေး' ၏ ရလဒ်ကြောင့်ဖြစ်သည်။ အလွန်စျေးနှုန်းသက်သာသော စွမ်းအင်အရင်းအမြစ်ကို တွေ့ရှိမှု၊ ချမ်းသာသော အာရှ၊ အာဖရိကနှင့် အမေရိကားတို့အပေါ် လွှမ်းမိုးထားနိုင်မှုကြောင့်ဟု ဆိုလိုသည်။ ဤရှုထောင့်မှကြည့်လျှင် ယဉ်ကျေးမှုအစုံကို လက်ခံနိုင်မှုအပေါ် ထိုအဖိနှိပ်ခံနိုင်ငံများမှ ငြင်းဆိုက အထောက်အပံ့ဖြစ်စေပြီး အနောက်နိုင်ငံများအတွက်မှု လက်ကမ်းနိုင်ခဲ့သည်။ ဤသည်မှာပင် နိုင်ငံရေးအသာစီးရမှုဖြစ်လာသည်။ သို့သော်လည်း ဤအခြင်းအရာသည် နိုင်ငံရေးအရ မှန်သည်ဆိုလျှင်ပင် သမိုင်းရှုထောင့်ကကြည့်လျှင် မှန်သည်ဟု ပြော၍မရပါ။

mgyoe.com

လေ့လာသူများက တရုတ်၊ အိန္ဒိယတို့၏ စီးပွားရေးအရွယ်အစားပေါ်တွင် အာရုံထားသဖြင့် ဤသို့မှားယွင်းစွာ ကောက်ချက်ချရခြင်း၏ အကြောင်းရင်း ဖြစ်လာသည်။ သမိုင်းအရ လွဲမှားစွာအချက်အလက်များဖြင့် ဦးဆောင်ခဲ့သည်။ ခေတ်သစ်အခါထိတိုင် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးသည် မရွေ့ပြောင်းနိုင်၊ ထုတ်ယူသုံးစွဲမရနိုင်စသော အဓိပ္ပာယ်ရှိမှုမျိုးများ မရခဲ့ချေ။ ဤအချက်ကပင် ၁၇ ရာစု၌ တရုတ်၏ သန်းပေါင်းများစွာသော လယ်သမားများ ဆင်းရဲပင်ပန်းစွာ အလုပ်လုပ်နေကြရပြီး နိုင်ငံ၏ကြွယ်ဝမှုနှင့်အင်အားကို မဖြစ်ပေါ်မစွမ်းဆောင်နိုင်ခဲ့ချေ။ သူတို့၏ ထုတ်လုပ်မှုပမာဏက ကြီးမားသောကိန်းဂဏန်းများကို ရရှိစေသည့်တိုင်အောင် ကောင်းစွာ အရာမထင်ခဲ့ပါ။

လူဦးရေသည် GDP ၏ အရေးပါသောအချက်တစ်ခု ဖြစ်သည်။ ထုတ်လုပ်မှုက လယ်ယာကဏ္ဍပေါ်ကြီးစွာ တရုတ်တို့မှီနေရသည်။ ၁၆၀၀ နှစ်တွင် တရုတ်နှင့် အိန္ဒိယ၏ လူဦးရေစုစုပေါင်းသည် အနောက်ဥရောပ လူဦးရေထက် (၄) ဆမျှရှိခဲ့သော်လည်း အနောက်ဥရောပ၏ GDP ကပို၍ ကြီးမားခဲ့သည်။ ၁၉၁၃ ထိပင် ဗြိတိန် သည် ကမ္ဘာ့ဦးဆောင်ပါဝါဖြစ်ခဲ့ပြီး နောက်ဆုံးပေါ်နည်းပညာများ ပိုင်ဆိုင်ထားကာ သူ၏စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးအစုအပေါင်းသည် အာရှနိုင်ငံများ အစုအပေါင်း ထက် များစွာကြီးမားလျက် ရှိခဲ့ပါသည်။

စက်မှုခေတ်မတိုင်ခင်ကာလ အင်အားကြီး အစိုးရများမတိုင်မီကို လေ့လာလျှင် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကျယ်ပြန့်သော အခွန်ကောက်မှုများက GDP ကို အစုအပေါင်းဖြစ်စေပြီး အမျိုးသားနိုင်ငံ၏ စွမ်းအားပါဝါကို ဖြစ်ပေါ်စေသည်။ နိုင်ငံတစ်ခု၏တိုးတက်ခြင်း၊ အသာရရှိခြင်းအခြေအနေကို ပြဆိုရာလည်းရောက်သည်။ သို့သော်လည်း ဤအချက်က နိုင်ငံ၏လှုပ်ရှားနိုင်သော စွမ်းရည်နှင့် လူမှုအဖွဲ့အစည်း၏စွမ်းအားကို ပြောခြင်းမဟုတ်၊ ထိုနိုင်ငံ၏တီထွင်နိုင်မှုများ၊ အသစ်တွေ့ရှိဖော်ထုတ်ချက်များကို ပြသခြင်းလည်း မဟုတ်ပါ။ သို့သော်လည်း ဤအချက်များက နိုင်ငံတစ်နိုင်ငံ၏ချမ်းသာမှုကို ဖန်တီးပေးသောအရာများဖြစ်ပြီး အစိုးရ၏အင်အားကိုလည်း ဖြစ်ပေါ်စေသောအရာများ ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ 'စီးပွားရေးဖွံ့ဖြိုးမှု' 'ဂျီဒီပီ–တစ်ဦးချင်းဝင်ငွေ' တို့ မည်သို့ ရပ်တည်ကြသလဲဟူသော ရုပ်ပုံလွှာကို ကျွန်တော်တို့ ကောင်းစွာကြည့်တတ်ရမည်ဖြစ်သည်။ အနောက်နိုင်ငံများ၏ 'ဂျီဒီပီ တစ်ဦးချင်းဝင်ငွေ' သည် ၁၅၀၀ ခုနှစ်များတွင် တရုတ်၊ အိန္ဒိယတို့ထက် များစွာသာလွန်သည်။ ၁၆၀၀ ကာလတွင် တရုတ်ထက် (၅၀ %) သာလွန်ပါသည်။ ထိုမှ 'အကွာအဟ' သည် ဆက်လက်ဖြစ်ပေါ်နေ

mgyee.com

mgyoe.com

သည်။ ၁၃၅၀–၁၉၅၀ ကာလ နှစ်ပေါင်း ၆၀၀ တွင် ဂျီဒီပီ တစ်ဦးချင်းဝင်ငွေသည် တရုတ်၊ အိန္ဒိယတို့နှင့် သိသာစွာ ကွာဟမှု ဆက်လက်ရှိနေပါသေးသည်။ (တရုတ် $ 600 ၊ အိန္ဒိယ $ 500) တစ်ချိန်တည်းမှာပင် အနောက်ဥရောပ၏ GDP per capita သည် ($ 662) မှ ($ 4,594) သို့ ရောက်ရှိသွားသည်။ (၅၄၉ %) တိုးတက်သွား ခြင်းဖြစ်သည်။

၁၇ ရာစုတွင် ဥရောပခရီးသွားများက တရုတ်နှင့် အိန္ဒိယတို့၏ နေထိုင်မှု အဆင့်အတန်းသည် အရှေ့မြောက် ဥရောပထက် များစွာနိမ့်ကျကြောင်း ထောက်ပြကြသည်။ ဘောဂဗေဒပညာရှင် Gregory Clark က တွက်ချက်ပြရာမှာ အမ်စတာဒမ်တွင်ရှိသော ပျမ်းမျှလုပ်သားတစ်ယောက်၏ နေ့စဉ်ဝင်ငွေဖြင့် ဂျုံ (၂၁) ပေါင်၊ လန်ဒန်က (၁၆) ပေါင်၊ ပြင်သစ် ပါရီက (၁၀) ပေါင် ဝယ်ယူနိုင်ကြောင်း ထုတ်ဖော်ခဲ့သည်။ တရုတ်ပြည်တွင်မူ လုပ်သားတစ်ဦးသည် ဂျုံ (၆.၆) ပေါင်ကိုသာ ဝယ်ယူနိုင်ကြောင်း သိရသည်။

ကလပ်က ငတ်မွတ်ခေါင်းပါးသော လူဦးရေပေါ်တွင်လည်း မူတည်ကြောင်း ပြောခဲ့သေးသည်။ အကျဉ်းချုပ်အားဖြင့် အနောက်နိုင်ငံများတွင် ပို၍သာယာဝပြောပြီး ၁၈ ရာစုမတိုင်မီအထိ အရှေ့ထက်သာလွန်ကြောင်း တင်ပြခဲ့သည်။

ဤအခြေအနေသည် အမြဲတမ်းဖြစ်ပျက်နေသည်တော့ မဟုတ်ပါ။ ထောင်စုနှစ်၏ ပထမရာစုနှစ်အတွက် အရှေ့ဘက်နိုင်ငံများက အနောက်ဘက်နိုင်ငံများ၏ ရှေ့ကို အခြေအနေများစွာအရ ရောက်ရှိခဲ့ဖူးသည်။ အလယ်ခေတ်တွင် ဥရောပသည် စုန်းစုန်းမြုပ်ခဲ့ဖူးသည်။ အရှေ့အလယ်ပိုင်းနှင့် အာရှက သာယာဝပြောခဲ့သည်။ ယဉ်ကျေးမှုအရသော်လည်းကောင်း၊ ပညာရှင်များအရသော်လည်းကောင်း၊ ကုန်သွယ်ရေးနှင့် တီထွင်ဆန်းသစ်မှုများအရသော်လည်းကောင်း အနောက်ထက် အရှေ့က သာလွန်ခဲ့ပါသည်။ အရှေ့အလယ်ပိုင်းသည် ယဉ်ကျေးမှုထွန်းကားရာ၏ ရှေ့ဆောင်ဖြစ်ခဲ့သည်။ ဂရိနှင့် ရောမတို့မှရရှိသော ပညာများဖြင့် သင်္ချာ၊ ရူပဗေဒ၊ မနုဿဗေဒ၊ စိတ်ပိုင်းဆိုင်ရာတို့တွင် တီထွင်ဖန်တီးနိုင်ခဲ့ကာ ရှေ့ဆောင်ဖြစ်ခဲ့သည်။ အာရေဗျဘာသာဖြင့် ကိန်းဂဏန်း၊ သင်္ကေတများကို တီထွင်နိုင်ခဲ့သည်။ 'သုည' ၏ အယူအဆကိုလည်း ကောင်းစွာ ရှေ့တန်းရောက်ထုတ်ဖော်ခဲ့သည်။

အယ်လ်ဂျီဘရာဟုခေါ်သော အက္ခရာသင်္ချာပညာရပ်၏ စကားလုံးသည် Al-Jabrwa-al-Muqabilab ဟူသော စာအုပ်တစ်အုပ်၏ ခေါင်းစီးမှဖြစ်ပေါ်လာခြင်းဖြစ်သည်။ ရေးခဲ့သူမှာ အာရပ်ပညာရှင်တစ်ဦး ဖြစ်သည်။ 'Algorithm' ဟူသော စကားလုံးမှာလည်း အာရပ်ပညာရှင်တစ်ဦး၏ နာမည်ဖြစ်သော 'al-Khwarizmi'

mgyoe.com

mgyoe.com


မှ ဆင်းသက်လာသည်ဟု သိရသည်။

စစ်ရေးအရကြည့်လျှင်လည်း တူရကီတို့၏ 'အော့တိုမန်' သည် အခြားပြိုင်ဘက်များ၏ အားကျဖွယ်ရာ၊ အတုယူဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ၁၇ ရာစုအထိ အော့တိုမန်တို့က အနောက်နိုင်ငံများ၊ အာရှအလယ်၊ ဥရောပတို့နှင့် စစ်ခင်းကာ အောင်ပွဲများရခဲ့ကြသူများ ဖြစ်သည်။ အိန္ဒိယသည် သူ၏ စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးသောကာလများတွင် သူတို့၏သိပ္ပံပညာကျွမ်းကျင်မှု၊ ရဲရင့်မှုတို့အတွက် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပါသည်။ အနုပညာမြောက်သော၊ ထူးချွန်သော၊ ပါရမီရှိသောသူများဖြစ်ကြပြီး ဗိသုကာနှင့်ပတ်သက်၍လည်း တောက်ပထူးချွန်ခဲ့ကြသူများ ဖြစ်သည်။ ၁၆ ရာစု အစောပိုင်းအထိပင် အိန္ဒိယ တောင်ဘက်မြို့တစ်မြို့ဖြစ်သော 'Vijayanagar' သည် နိုင်ငံခြားခရီးသွားများ၏ အံ့သြမှုကိုရရှိခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး၊ အကြီးအကျယ်ဆုံးမြို့တစ်မြို့ဖြစ်သည်ဟု မှတ်ချက်ပေးခံရသောမြို့တစ်မြို့ ဖြစ်သည်။ ရောမမြို့နှင့် နှိုင်းယှဉ်နိုင်သောမြို့ဟု သမိုင်းက ဆိုသည်။

ရာစုနှစ်အနည်းငယ်စော၍ တရုတ်တို့က အခြားနိုင်ငံများထက် ပို၍ချမ်းသာခဲ့သည်။ ပို၍လည်း နည်းပညာနှင့်ပတ်သက်၍ ရှေ့တန်းရောက်ခဲ့ဖူးသည်။ နည်းပညာစုံကို တရုတ်တို့က တီထွင်နိုင်ခဲ့သည်။ ယမ်းမှုန့်၊ ရွေ့ပြောင်းနိုင်သောပုံစံများ၊ မြင်းစီးခြေနင်းကွင်းများစသည်တို့အပြင် ဆောက်လုပ်ရေး၊ ဗိသုကာ၊ ပိုးထည်ရက်လုပ်မှုများတွင် ထိပ်တန်းရောက်နိုင်ငံဖြစ်ခဲ့၏။ အနောက်နိုင်ငံများက ရာစုနှစ်တစ်ခု ကျော်လွန်ပြီးမှ ခလုတ်တိုက်မိခဲ့ကြသူများဖြစ်သည်။ ဤကာလများအတွင်း အာဖရိကလိုနိုင်ငံများကပင် ဥရောပထက် ပျမ်းမျှဝင်ငွေပိုမိုစွာ ရရှိခဲ့ဖူးပါသည်။

၁၅ ရာစုသို့ရောက်သောအခါ အချိုးအကွေ့တစ်ခု ဖြစ်ခဲ့ပါသည်။ ၁၆ ရာစုတွင်လည်း အလားတူဖြစ်သည်။ ဥရောပက ဦးဆောင်မှုကဏ္ဍကို ရရှိသွားသည်။ အစစအရာရာ တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ပြီး ကျွန်တော်တို့ ရီနေးဆင့်ခေတ်ဟုခေါ်ခဲ့ကြသော ပြန်လည်ဆန်းသစ်သောခေတ်ကို ရောက်ခဲ့ကြသည်။ ကိုပါနီးကပ်စ် (Copernicus)၊ ဗက်ဆာလီးယာစ် (Vesalius) နှင့် ဂယ်လီလီယို (Galileo) တို့လို လူမျိုးများ ပေါ်ထွက်လာခဲ့ကြသည်။ ခေတ်သစ်၏တိုးတက်လာသော သိပ္ပံပညာများကို တီထွင်ခဲ့ကြသူများဖြစ်သည်။ ၁၄၅၀–၁၅၅၀ ကြား နှစ်ပေါင်း ၁၀၀ ခန့်သည် လူ့သမိုင်း၌ အလွန်ထင်ရှားသောတီထွင်မှုများကို ဆောင်ကြဉ်းနိုင်ခဲ့ကြသည်။ ကံကြမ္မာ၊ မလေ့ထုံးတမ်းစဉ်လာနှင့် ဘာသာရေး၊ နိုင်ငံရေးတို့၏ ပြင်းထန်သော ယုံကြည်မှုများကတစ်ဖက်၊ အခြားတစ်ဖက်တွင် လေ့လာမှုများ၊ စမ်းသပ်မှုများ၊ အတွေးအခေါ်သစ်များကတစ်ဖက်အား ပြိုင်ပွဲများ ကျယ်ပြန့်စွာ လွန်ဆွဲခဲ့ကြသည်။

mgyoe.com

mgyoe.com


ဥရောပတွင်ဖြစ်ပွားခဲ့ပြီး ဤဖြစ်ရပ်များက ယဉ်ကျေးမှု တိုးတက်ဖြစ်စဉ်အတွက် တွန်းအားတစ်ရပ် ဖြစ်ခဲ့သည်။

၁၅၉၃ ခုနှစ် အခြောက် ၈၇ လက် တင်ဆောင်ထားသော အင်္ဂလိပ်တို့၏ သင်္ဘောက မိုင်ပေါင်း ၃၇၀၀ အကွာအဝေးရှိ အစ္စတန်ဘူလ်မြို့ကို ရောက်ရှိလာသောအခါ အော်တိုမန်သမိုင်းပညာရှင်များက . . .

"သမိုင်းတွင် စံချိန်တင် အရင်တစ်ခါမျှ မမြင်ဖူးသေးတဲ့အရာပါပဲ" ဟု မှတ်တမ်းတင်ခဲ့တော့သည်။ ၁၇ ရာစု အနောက်နိုင်ငံများ၌ ထုတ်ကုန်ပစ္စည်းများ၊ နည်းပညာ၊ ရှုပ်ထွေးလှသောအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့ခြင်းသည် တစ်ကမ္ဘာလုံးပေါ်တွင် မည်သည့်နေရာတွင်မျှမရှိဖူးသေးသော ဥရောပ၏ ရှေ့ဆောင်မှု တစ်ခုဖြစ်တော့သည်။

အာရှလူ့အဖွဲ့အစည်းများမှာ ရပ်ဝန်းတွေ၊ ကုန်ကြမ်းပေါ်အခြေခံမှုမျှသာဖြစ်ပြီး အနောက်အုပ်စုမှ ၁၇၀၀-၁၈၀၀ ခုနှစ်ကာလများ၏ သိပ္ပံ၊ နည်းပညာအသာရမှုများက တော်လှန်ရေးတစ်ရပ်အသွင်ရောက်ရှိကာ နှစ်ပေါင်း ၃၀၀ အတွင်း ရပ်ဝန်းတွေများ၏ အာရှနိုင်ငံများအပေါ် အကျိုးကျေးဇူးထက် များစွာသာလွန်စေခဲ့သည်။ သိပ္ပံပညာ၏ တိုးတက်မှုသည် စက်ပစ္စည်းများ တီထွင်ထုတ်လုပ်မှုတစ်ခုတည်းအတွက်မကသော အကျိုးကျေးဇူးများကို ပေးပါသည်။ အနောက်နိုင်ငံ လူမှုအဖွဲ့အစည်းများ၏ စိတ်ပိုင်းဆိုင်ရာများကိုလည်း ပုံစံအသစ်အဖြစ် ဖော်ဆောင်ပေးပါသည်။ ၁၃ ရာစု ကာလ ဥရောပတွင် တီထွင်ဆောင်ရွက်သကဲ့သို့ဖြစ်သည်။ သမိုင်းပညာရှင် ဒယ်နီယဲလ်ဘိုးစတင်း (Daniel Boorstin) ဆိုသကဲ့ 'စက်ပစ္စည်းများ၏မိခင်' ပင်ဖြစ်သည်။

'နာရီ' ကို သူပြောခဲ့သကဲ့သို့' ပညာရပ်တစ်ခုအတွက်၊ တီထွင်ဖန်တီးမှုတစ်ခုအတွက်၊ ကျွမ်းကျင်မှုအတွက် ခြားနားထားသောနံရံကြီးတစ်ခုကို ဖြိုချလိုက်နိုင်ခြင်းမျိုး ဖြစ်သည်။ နာရီဆရာများသည် မက္ကင်းနစ်ပညာရပ်နှင့် ရူပဗေဒပညာရပ်များ၏သီအိုရီကို ပထမဦးဆုံး ကောင်းစွာအသုံးချနိုင်ခဲ့သူများ ဖြစ်သည်။ ဤသည်၏ ကျယ်ပြန့်သောသက်ရောက်မှုမှာ တော်လှန်ရေးတစ်ခုထက်ပင် သာလွန်ခဲ့ပါသည်။ လူသားတွေ၏ 'နေ' နှင့် 'လ' အပေါ် တစ်သက်လုံးအားထားနေရမှုကို နာရီက စွန့်ခွာစေသည်။ နေ့အချိန်၊ ညအချိန်များကို သတ်မှတ်ပေးသည်။ အလုပ်ကို စုစည်းပေးသည်၊ အထူးသဖြင့် လုပ်သားများ၏စရိတ်ကို ပြဋ္ဌာန်းပေးခြင်းမှာ အလွန်အရေးကြီးသောအချက်ဖြစ်ပြီး စီမံကိန်းများကို အချိန်နှင့်အမျှ လုပ်ကိုင်နိုင်စေခဲ့သည်။ နာရီများ မပေါ်ထွန်းမီ၊ အချိန်ဆိုသည်မှာ တန်ဖိုးအားဖြင့် တွက်ချက်၍မရခဲ့သေးသောအရာမျှသာ ဖြစ်သည်။

mgyoe.com

mgyoe.com


၁၆ ရာစုတွင် ပေါ်တူဂီများ နာရီကို တရုတ်သို့ ယူဆောင်ခဲ့သည်။ ဥရောပမှ ပြုလုပ်သော နာရီများက ဘေဂျင်းပြုလုပ်သော သုံးစွဲရန်ခက်ခဲသည့် 'ရေနာရီ' ထက် များစွာ တီထွင်ဆန်းသစ်မှုများနှင့် ကောင်းမွန်နေပါသည်။ သို့သော်လည်း တရုတ်တို့က ၎င်းနာရီများအပေါ် တန်ဖိုးထားတတ်မှု အနည်းငယ်မျှသာရှိကြောင်း တွေ့ရသည်။ ကလေးကစားစရာကဲ့သို့မျှသာ အမြင်ရှိကြသည်။ မည်ကဲ့သို့ နာရီတစ်လုံး ဖြစ်လာသည်ကို လေ့လာဆည်းပူးရန် မကြိုးစားခဲ့ကြချေ။ နာရီအနည်းငယ် ရရှိခဲ့ကြပြီးနောက် တရုတ်တို့သည် ဥရောပသားတို့နောက် များစွာရောက်ရှိနေဆဲ ဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော်ကြာပြီးနောက် ပေါ်တူဂီများကအမြောက်များကို တရုတ်သို့ ယူဆောင်လာရာတွင် ကျွမ်းကျင်သူများကို ဆက်လက်ပံ့ပိုးပေးနေရပြန်သည်။ တရုတ်တို့ ဆက်လက်မထုတ်လုပ်နိုင်ခဲ့။ ၁၈ ရာစုတွင် ဘေဂျင်းသည် နိုင်ငံခြားသားတို့ တီထွင်ထုတ်လုပ်သော ကိရိယာ၊ တန်ဆာပလာများကို မြင်တွေ့လိုခြင်း မရှိတော့ချေ။

တရုတ်တို့၏ Qienlong အင်ပါယာတွင် ၁၇၃၆–၁၇၉၅ အလွန် ကျော်ကြားခဲ့သော ဘုရင်ဂျော့ရှ်(၃) ကိုပေးရာ၌ အင်္ဂလန်၏အဆိုပြုချက်ဖြစ်သည့် ကုန်သွယ်ရေးအပေါ်၌ ငြင်းဆိုထားသည်။

"ကျွန်ုပ်တို့သည် တီထွင်ဆန်းသစ်မှုများ၊ အသစ်အဆန်းများကို များစွာ အလိုရှိကြသူများမဟုတ်ပါ၊ သင်တို့ တိုင်းပြည်မှ ထုန်ကုန်များကိုလည်း အလိုမရှိပါ" ဟု ဘေဂျင်းက အင်္ဂလန်ကို ရေးသားငြင်းဆိုခဲ့သည်။

တရုတ်တို့သည် ကမ္ဘာသို့ တံခါးပိတ်ထားခဲ့သည်။

နည်းပညာသစ်များ၊ နည်းစနစ်အသစ်များ မရရှိပါက အာရှသည် လူဦးရေကန့်သတ်ရဖွယ်ရာရှိပြီး အလွှမ်းမိုးခံရမည်ဖြစ်သည်။ ၁၇၉၈ သောမတ်စ်မေးလ်သပ်စ် (Thomas Malthus) ၏ ထင်ရှားသောကျမ်း "An Essay on the Principle of Population" အရ ယနေ့မမှန်ကန်တော့သည့် အဆိုးမြင်ဝါဒကို သတိရနိုင်ပါသည်။ သို့သော်လည်း တကယ်မှာမူ မေးလ်သပ်စ်၏အမြင်သည် အလွန်ပင် အမြော်အမြင်ရှိလှပါသည်။ အင်္ဂလန်၏ အစားအစာထုတ်လုပ်မှုအပေါ် မေးလ်သပ်စ်၏ ကိန်းဂဏန်းဖြင့် တွက်ချက်မှုအရ (၁,၂,၃,၄,...) ဖြင့် တိုးတက်နေကြောင်း ဖော်ထုတ်ခဲ့သည်။ သို့သော်လည်း လူဦးရေတိုးတက်မှုအရမူ (၁,၂,၄,၈,၁၆...) ပုံစံဖြင့် နှစ်ဆစီမြင့်တက်ကြောင်း တွေ့ရသည်။ ဤသို့သော အချိုးမညီမှုသည် မပြောင်းလဲပါက ထိုနိုင်ငံသည် တစ်နေ့တွင် အစာရေစာ ငတ်မွတ်ခေါင်းပါးပြီး ဆင်းရဲမွဲတေမှုနှင့် ကြုံရမည်ဖြစ်သည်။ အငတ်ဘေးကြောင့် ရောဂါဘယများ ထူပြောလာပြီး သေကြေပျက်စီးကာ လူနေမှု အဆင့်အတန်းကိုလည်း များစွာ ထိခိုက်နိမ့်ကျစေမည် ဖြစ်သည်။

mgyoe.com

mgyoe.com

မေးလ်သပ်စ်ဖော်ထုတ်ခဲ့သော 'အကျပ်အတည်း' က တကယ်ပင် အစစ်အမှန်ဖြစ်သည်။ သို့သော်လည်း သူ၏နည်းပညာအပေါ် တန်ဖိုးထားတတ်မှုမှာကား မမှန်ကန်ခဲ့၊ ဤနည်းပညာများ၏ဖိအားသည် လူ့လူသားတို့၏ ကုံ့ပြန်မှုကို မွေးထုတ်ခဲ့သည်ဟူသော အယူအဆကို မေးလ်သပ်စ်က အသိအမှတ်မပြုခဲ့၊ ဥရောပတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတော်လှန်ရေးက ကျယ်ပြန့်စွာရှိခဲ့ပြီး အစားအသောက်ထုတ်လုပ်မှုကို မြင့်တက်စေသည်။ (ဒေသကြီးသည် လူဦးရေများပြားမှု၏ ဖိအားကြောင့် သန်းပေါင်းများစွာသော လူအများအပြား အခြားကိုလိုနီနိုင်ငံများသို့ ထွက်ခွာခဲ့ကြရသည်။ အမေရိကားသို့ အများဆုံးဖြစ်သည်။) ထို့ကြောင့် မေးလ်သပ်စ်သည် ဥရောပနှင့် မှားယွင်းခဲ့ပါသည်။ သို့သော်လည်း သူ၏ ဆန်းစစ်မှုများမှာ အာရှနှင့် အာဖရိကတို့အတွက်မူ ကောင်းစွာမှန်ကန်ခဲ့သည်။

## သန့်စွမ်းမှုသည် ချည့်နဲ့မှုဖြစ်သည်

သာမန်ထက်လွန်ကဲသော တရုတ်တို့၏ ရေလမ်းခရီးများကို မည်သို့ အဓိပ္ပာယ်ကောက် ထင်မြင်ချက်ပေးပါမည်နည်း? 'ကျန်ဟေ' ၏ အံ့သြဖွယ်ရာ ရေယာဉ်အုပ်စုကြီးသည် တရုတ်နှင့် အိန္ဒိယတို့၏ မြင်ကွင်းကျယ်ကြီးထဲမှ တစ်ခုသော အသိအမှတ်ပြုဖွယ် ဆောင်ရွက်ချက်တစ်ခုဖြစ်သည်။ နောင်တွင် အနောက်အုပ်စုက တရုတ်၊ အိန္ဒိယတို့ထက် သာလွန်သွားခဲ့သည်။ နာမည်ကျော် တာချ်မဟာ (Taj Mahal)ကို ၁၆၃၁ တွင် တည်ဆောက်ခဲ့ပြီး မွန်ဂိုအင်ပါယာဘုရင် ရှားဂျဟန် (Shah Jahan)၏ ကြင်ယာတော် မွန်တပ်(ဇ်)မဟာ (Mumtaz Mahal)ကို ဂုဏ်ပြုသောအနေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှခရီးလှည့်လည်သူ ဝီလီယံဟို(ချ်) (William Hodges)က ချီးကျူးကြသူများထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ပြီး ထိုအဆောက်အဦမျိုး အလားတူမှာ ဥရောပတွင် မရှိဖူးသေးပါဟု ဆိုထားသည်။

"အရည်အသွေး အလွန်ကောင်းမွန်သော ဆောက်လုပ်ရေးပစ္စည်းများကို သုံးစွဲထားပြီး လုပသောပုံစံရှိကာ မှန်ကန်သော အချိုးအစားရှိ ဆွဲဆောင်မှုရှိသော အဆောက်အဦ ဖြစ်ပါတယ်"

ဆက်လက်ပြီး ...

"အလွန်ကောင်းမွန်တဲ့လက်ရာဖြစ်ပြီး ကျွန်တော့်တစ်သက် မတွေ့ဖူးပါဘူး"

တာ(ချ်)ကို တည်ဆောက်ရာမှာ အလွန်တော်ပြီး ကျွမ်းကျင်မှု လိုအပ်ပါသည်၊ အင်ဂျင်နီယာပညာရပ်ကလည်း အလွန်ထူးခြားအံ့သြဖွယ်ရာကောင်းသည်။

mgyoe.com

mgyoe.com


ဤသို့ ကမ္ဘာ့အံ့ဖွယ်ရာတစ်ပါးဖြစ်သော အရာတစ်မျိုးကို အိန္ဒိယ လူမှုအဖွဲ့အစည်းက မည်သို့ထုတ်လုပ်ဆောင်ရွက်ခဲ့ပါသနည်း၊ အကယ်၍သာ တရုတ်တို့ကလည်း အိန္ဒိယကဲ့သို့ ထူးခြားစွာ အလွန်ခေတ်မီသော ရေကြောင်းသွားလာရေးကို ဆောင်ရွက်ခဲ့လျှင် အဘယ့်ကြောင့် နာရီကို မတီထွင်နိုင်ခဲ့ပါသနည်း?

အဖြေ၏တစ်စိတ်တစ်ပိုင်းမှာ တာ(ဂျ်)မဟာ တည်ဆောက်မှုနှင့် သက်ဆိုင်နေပါသည်။ လူပေါင်း ၂၀၀၀၀ က နေ့၊ ညမပြတ် နှစ်ပေါင်း ၂၀ တည်ဆောက်ခဲ့ပါသည်။ ပင်မအဆောက်အဦကို ချဉ်းကပ်လမ်းပြုဖြစ်သည့် ၁၀ မိုင်ရှည်သော ဆင်ခြေလျှောလှေကားကို ၁၈၇ ပေမြင့်သော လိပ်ခုံးအမိုးနှင့် ဆက်စပ်ထားသည်။ သုံးစွဲငွေ မသတ်မှတ်ခဲ့၊ လူနှင့်အချိန် လုပ်အားခတန်ဖိုးကိုလည်း မသတ်မှတ်ခဲ့၊ အကယ်၍ အမေးစကားရှိလာပါက သင်သည် တာ(ဂျ်)မဟာ ဆောက်လုပ်ရန် အားထုတ်နိုင်မည်မဟုတ်ပါ။

'ကျွန်'၏ ရေကြောင်းသင်္ဘောအုပ်စုကို တည်ဆောက်ရာမှာလည်းကောင်း၊ ဘေဂျင်း၏ 'ကန့်သတ်မြို့' ကို တည်ဆောက်ရာမှာလည်းကောင်း၊ 'တူညီသော အမိန့်ပေးစနစ်' ကို အသုံးပြုခဲ့သည်။ ၁၄၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး လုပ်သားယောက်ျားပေါင်း တစ်သန်းနှင့် ၎င်းတို့ကိုကြီးကြပ်ရန် စစ်သည်တစ်သန်း အသုံးပြုခဲ့သည်။ အကယ်၍သာ ကြီးမားသောလူမှုရေးအဖွဲ့အစည်းများ၏ စွမ်းအားနှင့် အရင်းအမြစ်များကို စီမံကိန်းအနည်းငယ်မျှ ဆောင်ရွက်မှုအပေါ် ညွှန်ကြားခဲ့မည်ဆိုလျှင် ထိုသောစီမံကိန်းများ အောင်မြင်ကြပါလိမ့်မည်။ သို့သော်လည်း သီးခြားဆန်သော အောင်မြင်မှုများသာ ဖြစ်ပါသည်။

၁၉၇၀ ကာလများတွင် သာမန်ထက်သာလွန်သည့် အာကာသအစီအစဉ်ကို ဆိုဗီယက်တို့က ဂုဏ်ယူခဲ့ကြဖူးသည်။ အခြားသော စက်မှုနိုင်ငံများနှင့်ယှဉ်လျှင် အတော်နောက်ကျကျန်ရစ်သော နည်းပညာသာ ဖြစ်ပါသည်။ ပြဿနာတစ်ခုအပေါ် လူအင်အား အများအပြားသုံးစွဲလိုက်ခြင်းသည် တီထွင်ဆန်းသစ်မှု မဟုတ်ပါ။ သမိုင်းပညာရှင် ဖီးလစ်(ပ) (Philip Huang) က ယန်ဇီမြစ်ဝကျွန်းပေါ်ဒေသနှင့် အင်္ဂလန်မှ လယ်သမားများကို အလွန်သိမ်မွေ့စွာ နှိုင်းယှဉ်ပေးခဲ့သည်။ ၁၈၀၀ ကာလများတွင် တရုတ်၏ အချမ်းသာဆုံးဒေသနှင့် ဥရောပ၏ အချမ်းသာဆုံးနိုင်ငံတို့ကို နှိုင်းယှဉ်ခြင်းဖြစ်သည်။

တိုင်းတာချက်အချို့ကို သူဂျ ထောက်ပြသည်။ ဒေသနှစ်ခုလုံးသည် စီးပွားရေးအရ ညီမျှခြေရှိသည်ဟု ထင်ရသည်။ သို့သော်လည်း အကယ်စင်စစ် အင်္ဂလန်က တရုတ်ထက် များစွာရှေ့တန်းရောက်နေပြီး အဓိကကျသော တိုင်းတာမှုဖြစ်သည့်

mgyoe.com

mgwoe.com


'တိုးတက်မှု'ဖြစ်သော လုပ်သားများ၏ထုတ်လုပ်မှုစွမ်းရည်တွင် တရုတ်က အင်္ဂလန်ကို မနိုင်းယှဉ်နိုင်၊ တရုတ်က သူတို့၏မြေယာများကို ထုတ်လုပ်မှုကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ လူအများထပ်ထည့်ခြင်း၊ လူအများသုံးခြင်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဟူအင် (Huang) ၏အသုံးအနှုန်းအားဖြင့် 'တိုးတက်မှုမရှိသော ထုတ်လုပ်မှု'ဟုဆိုနိုင်သည်။ အင်္ဂလိပ်တို့ကား ထိုသို့မဟုတ်၊ လုပ်သားများ ထုတ်လုပ်မှုစွမ်းရည် တိုးတက်နိုင်မည့်နည်းလမ်းကို အစဉ်တစိုက် ရှာဖွေခြင်းဖြစ်သည်။ သို့ဖြင့် လယ်သမားတစ်ဦးချင်းက သီးနှံများကို ပို၍ထုတ်လုပ်လာနိုင်ကြသည်။ လုပ်သားခြိုးခြံခြင်းဖြင့် ဆောင်ရွက်နိုင်သော အစီအစဉ်၊ ကိရိယာများကို တွေ့ရှိဖော်ထုတ်နိုင်သည်။ ဥပမာအားဖြင့် လူတစ်ဦးတည်းဖြင့် မောင်းနှင်နိုင်သည့် ဝန်ရိုးတပ်ဘီးတို့ကို တီထွင်နိုင်သောအခါ အင်္ဂလန်တွင် ကျယ်ပြန့်စွာ အသုံးပြုလိုက်နိုင်ကြသည်။ တရုတ်တို့တွင်မူ ဈေးချိုသောတစ်ဘီးတပ်ကိရိယာကိုသာ ဆက်လက်သုံးစွဲခဲ့ကြသည်။ လေ့ကျင့်မှုမရှိသောသူများ မည်သူမဆို အသုံးပြုနိုင်သောကြောင့် ဖြစ်သည်။

နောက်ဆုံးတွင် ရလဒ်အားဖြင့် အင်္ဂလန်ပြည်သူများက လူအနည်းငယ်ဖြင့် လယ်မြေအများကြီးကို စိုက်ပျိုးနိုင်ခဲ့ပြီး တရုတ်တို့က လူအများသုံးပါမှ ဆောင်ရွက်နိုင်ပါတော့သည်။ ၁၈ ရာစုတွင် တောင်အင်္ဂလန်၏ ပျမ်းမျှလယ်မြေတစ်ကွက်သည် ဧက ၁၅၀ ရှိလာကြပြီး တရုတ်ယန်ဇီဒေသတွင် ပျမ်းမျှလယ်တစ်ကွက်သည် တစ်ဧကမျှသာ ဖြစ်တော့သည်။

တရုတ်တို့ ရေကြောင်းသွားလာမှုက အနောက်နှင့် အရှေ့နိုင်ငံသားများ၏ ခြားနားချက်ကို ဖော်ပြရာရောက်ပါသည်။ ဥရောပသားတို့၏ရည်မှန်းချက်မှာ ကြီးကျယ်မှုအားနည်းသော်လည်း ထုတ်လုပ်မှုစွမ်းရည်မြင့်မားသည်။ လုံး၀ ပုဂ္ဂလိကပိုင် သို့မဟုတ် 'အများ–ပုဂ္ဂလိက'အစုစပ်များဖြင့် ဆောင်ရွက်ကြပြီး နည်းလမ်းအသစ်များကို အသုံးပြုသည်။ ဘဏ္ဍာရေးနှင့် အခွန်အကောက်ဆိုင်ရာတွင် ဒတ်(ချ်)တို့က ဦးဆောင်ခဲ့သူများဖြစ်သည်။ သူတို့၏ ကုန်သွယ်ရေး လူကြီးလူကောင်းများမှာ ၁၅၈၀ ကာလထဲက 'တင်ကြိုပြင်ဆင်ညာဉ်'များကို ကျယ်ပြန့်စွာ ချုပ်ဆိုအသုံးပြုခဲ့ကြသည်။

ဤ ဘဏ္ဍာရေးဆိုင်ရာ ယန္တရားကြီးသည် အရေးပါသော သာလွန်မှုတစ်ရပ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် များပြားလှစွာသော စွန့်စားမှုအတွက် ငွေပင်ငွေရင်းဆိုင်ရာ စိတ်ချရမှုကို ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။ ခရီးတစ်ခုတိုင်းအတွက် ရည်ရွယ်ချက်မှာ အမြတ်ငွေရရန်၊ ရှာဖွေတွေ့ရှိချက်များ ဆောင်ရွက်ရန်၊

mgwoe.com

mgyoe.com


ထုတ်ကုန်အသစ်များ တွေ့ရှိရန်တို့ကို ရည်ရွယ်သည်။ စီမံကိန်းသည် စမ်းသပ်မှု၊ အမှားပြင်ဆင်မှုတို့ဖြင့် တိုးတက်မှုကို ကြံဆောင်နိုင်ခဲ့ကြသည်။ အချိန်တစ်ခုကို ကျော်လွန်လာသည့်အခါ စွန့်ဦးတီထွင်မှု၊ သိပ္ပံ၊ လေ့လာရှာဖွေမှုနှင့် သင်ခန်းစာရရှိမှု ဟူသော ကွင်းဆက်တုံ့ပြန်မှုတို့ကို ကောင်းစွာရရှိခဲ့ကြသည်။

တရုတ်ပြည်တွင်မူ ဆန့်ကျင်ဘက်ဖြင့် ပင်လယ်ရေကြောင်းခရီးသည် အာဏာပိုင်ဘုရင်တို့၏ စိတ်ဝင်စားမှုနှင့် ၎င်း တို့၏ အာဏာတို့အပေါ် တည်မှီခဲ့ရသည်။ တစ်ဦးကျဆုံးလျှင် စီမံကိန်းတို့ ရပ်ဆိုင်းကြရသည်။ အကြောင်းအရာတစ်ခုတွင် အင်ပါယာပြည့်ရှင်တစ်ဦးက သင်္ဘောများကိုဖျက်ဆီးပစ်ရန် သို့မဟုတ် စီမံကိန်းကိုရပ်ဆိုင်းရန် အမိန့်ပေးရာ နောက်လူများက သင်္ဘောတည်ဆောက်နိုင်မှု အတတ်ပညာတို့ကို ဆုံးရှုံးကြရတော့သည်။ ၁၃ ရာစုတွင် တရုတ်လူမျိုးများက အမြောက်များကို ထိရောက်စွာ အသုံးချနိုင်ခဲ့ပြီးဖြစ်သည်။ နှစ်ပေါင်း ၃၀၀ ကြာသောအခါ ဥရောပသားတို့က တရုတ်တို့ကို အမြောက်များပြသသောအခါ မည်သို့ ကိုင်တွယ်ပစ်ခတ်ရတော့မည်ကို မသိတော့ချေ။

ဟားဗတ်တက္ကသိုလ်မှ ဘောဂဗေဒနှင့် သမိုင်းပညာရှင် David Landes က

"တရုတ်တွေ စဉ်ဆက်မပြတ် ဆောင်ရွက်ဖို့၊ သိပ္ပံနဲ့နည်းပညာသာလွန်မှုတို့ကို ကိုယ်တိုင် အဆက်မပြတ်ထိန်းသိမ်းတိုးပွားဖို့ ပျက်ကွက်ခဲ့တယ်" ဟုမှတ်ချက်ပေးခဲ့သည်။ တရုတ်တို့၏ဆောင်ရွက်မှုများသည် တစ်ပိုင်းတစ်စဖြင့် ကာလ မရှည်ကြာခဲ့ပါ။ ဤသည်မှာ အာရှ၏ကြေကွဲစရာပင် ဖြစ်ပါသည်။ ပညာရှိခဲ့ဖူးသော်လည်း ဆက်လက်၍ မလေ့လာခဲ့ခြင်း၏ရလဒ်ပင်ဖြစ်သည်။

## ယဉ်ကျေးမှုသည်အနာဂတ်လား

အနောက်နိုင်ငံများက ရှေ့သို့ချီတက်နေလင့်ကစား အနောက်ဘက်မဟုတ်သောနိုင်ငံများက ဘာကြောင့်ရပ်တန့်နေကြရပါသနည်း? ဤမေးခွန်းကို အခြေအတင်ဖြစ်ခဲ့သည်မှာ ရာစုနှစ်ဖြင့် ကြာမြင့်ခဲ့သည်။ ကောင်းမွန်သောအဖြေတစ်ခုကို မထုတ်နိုင်ခဲ့ကြချေ။ ပုဂ္ဂလိက ပိုင်ဆိုင်မှု အခွင့်အရေး၊ အစိုးရ၏ ကောင်းမွန်သော စီမံခန့်ခွဲမှုနှင့် အဖွဲ့အစည်း၊ ဥပဒေများ၊ သန့်စွမ်းသော လူမှုအဖွဲ့အစည်းများ၊ ဤအချက်များသည် ဥရောပ၏ တိုးတက်ရာ တိုးတက်ကြောင်းတို့၏ အဓိက အချက်များ ဖြစ်သည်။ နောက်ပိုင်း အမေရိကန်တို့လည်း ရရှိသွားခဲ့ကြသည်။ ဆန့်ကျင်ဘက်အားဖြင့် ရုရှားမှ ဇာဘုရင်တို့၏ သိမ္မဆိုင်ရာတွင် တစ်နိုင်ငံလုံးကို

mgyoe.com

mgyoe.com

ပိုင်ဆိုင်အုပ်စိုးကြသည်။ တရုတ်ပြည်တွင် 'မင်' တရားရုံးများကို မင်ဒရင်းများက စီမံခန့်ခွဲကြပြီး အရောင်းအဝယ်၊ ကုန်သွယ်ရေးကိစ္စများကို ရွံရှာသူဖြစ်သည်။

နေရာတိုင်းနီးပါးမျှ အနောက်ကမ္ဘာမဟုတ်သော တိုင်းပြည်များတွင် လူမှုရေးအဖွဲ့အစည်းများ၏ အင်အားချည့်နဲ့မှုနှင့် အစိုးရအပေါ် အမှီပြုမှု လွန်မင်းခြင်းတို့ကို တွေ့ရသည်။ အိန္ဒိယတွင်လည်း စီးပွားရေးအင်အားသမားများမှာ တရားရုံးများ၏ အစီအမံ၊ စိတ်ကူးစိတ်သန်းများမှ မလွတ်မြောက်နိုင်ကြ။ တရုတ်ပြည်တွင် ချမ်းသာသော ကုန်သည်များသည် ကွန်ဖြူးရှပ်စ်ဆရာကြီးများထံ သူတို့၏လုပ်ငန်းကို အပ်နှံကြရသည်။ သို့မှသာ အခွင့်အလမ်းများကို ရရှိနိုင်သည်။ မွန်ဂိုနှင့် အော်တိုမန်များသည် စစ်သူရဲကောင်းများနှင့် မင်းဆွေမင်းမျိုးဖြစ်ကြပြီး ကုန်သွယ်ရေးကို ဆွဲဆောင်နိုင်မှု မရှိသောအရာ၊ အရေးမကြီးသောအရာမျှသာ တွေးဆကြသူများ ဖြစ်သည်။ (သို့သော်လည်း အရှေ့အလယ်ပိုင်း၌မူ ကုန်သည်ယဉ်ကျေးမှု အတော်ကြာကြာ ဖြစ်တည်ခဲ့ဖူးသည်။)

အိန္ဒိယတွင်လည်း ဟိန္ဒူဇာတ်နိမ့် စီးပွားရေးသမားများကို မျက်နှာသာ ကောင်းစွာမပေးခဲ့ကြ။ သမိုင်းပညာရှင်များက ဟိန္ဒူလူမျိုးများ၏ ယုံကြည်ချက် အလေ့အထများကိုလေ့လာပြီး တိုးတက်မှုအတွက် အတားအဆီးများဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြပါသည်။ ပေါလ်ကနေဒီ (Paul Kennedy) က သုံးသပ်ပြသည်မှာ –

"ဟိန္ဒူတို့၏ အယူအတင်းမာမှုသည် ခေတ်မီတိုးတက်ခြင်းနှင့် ဆန့်ကျင်နေသည်"

အင်းဆက်ပိုးမွှားများနှင့် တွင်းအောင်းသတ္တဝါတို့သည် အစာရေစာ ကြီးစွာ ပြတ်တောက်သော်လည်း ရုတ်တရက်မသေနိုင်ကြချေ။ လူမှုရေးသည် တစ်ခါတစ်ရံ ငြင်းဆိုမှုကို ပို၍ပြင်းထန်စေသည်။ ဇာတ်အနိမ့်အမြင့် ခွဲခြားသောစနစ်သည် စဦးလုပ်ဆောင်မှု၊ နားလည်နိုင်မှုတို့နှင့် တစ်ခါတစ်ရံ ကင်းလွတ်ကာ ဈေးကွက်ကိုလည်း ကန့်သတ်ပါသည်။ အိန္ဒိယအရပ်ဘက် အုပ်ချုပ်သူများသည် ဗြဟ္မဏဘုန်းတော်ကြီးများ၏ သြဇာလွှမ်းမိုးခံရပြီး သိရှိနားလည်မှုကို ဆန့်ကျင်သောဝါဒသဖွယ် ဖြစ်ရပေသည်။ ဤသက်ရောက်မှုသည် အမြင့်ပိုင်းလူများအထိသို့ပင် ရောက်ရှိခဲ့သည်။ ဟိန္ဒူများအပေါ် ကမ္ဘာ့အမြင်နှင့်သက်ဆိုင်သော မှတ်ချက်တစ်ခုကို J.M.Roberts က...

"အဆုံးမရှိသံသရာ၏ ဖန်တီးမှုများ၊ ဘုရားသခင်နှင့် ကောင်းကင်ကို အာရုံစူးစိုက်နက်ရှိုင်းမှုသည် လက်တွေ့လုပ်ဆောင်မှု၏တန်ဖိုးကို မတုန်မလှုပ် ဖြစ်ချေသည်"

mgyoe.com

mgyoe.com


ယဉ်ကျေးမှုသည်သာ အရာရာတိုင်းဖြစ်ပါမူ တရုတ်နှင့်အိန္ဒိယတို့ကို မည်သို့ သတ်မှတ်နားလည်ရပါမည်နည်း?

ယနေ့ သူတို့၏ ထင်ရှားသိသာလှစွာသော တိုးတက်မှုတို့သည် မကြာခဏ ထုတ်ဖော်ချီးကျူး ဂုဏ်ပြုခံခဲ့ကြရသည်။ ကွန်ဖြူးရှပ်(စ်)ဝါဒသည် တိုးတက်မှု အတွက် တစ်ချိန်ကမကောင်းခဲ့ပါ။ အခု အကောင်းဘက်ဖြစ်သွားပါသည်။ ဟိန္ဒူများ၏ ပုံစံကျတွေးခေါ်မှုအလေ့အထသည်လည်း တစ်ချိန်ကတိုးတက်မှုအတွက် ပိတ်ဆို့ ဟန့်တားခဲ့သည့်အရာသာဖြစ်သည်။ ယခုအခါ စိတ်ကူးတစ်ရပ်ကို အမှန်ဖြစ်စေခဲ့ ပြီး လောကရေးရာနှင့်ဆိုင်ရာတွင်လည်း လက်တွေ့ကျကျ ဖြစ်လာစေခဲ့သည်။ စွန့်ဦး တီထွင်၊ အရင်းရှင်စနစ်ကို လက်ခံနိုင်ခဲ့ပါသည်။ တရုတ်နှင့် ဟိန္ဒူတို့၏ အောင်မြင်မှု များသည် ဒေသအသီးသီးသို့ပျံ့နှံ့ရောက်ရှိနေပြီး သီအိုရီများမှန်ကန်ကြောင်း အတည် ပြုပေးရာ ရောက်နေပါသည်။

အမေရိကန်၏ အမတ်လည်းဖြစ်၊ ပညာရှင်လည်းဖြစ်သော Daniel Patrick Moyniham က ...

"အစဉ်အလာ၏ လွတ်လပ်မှန်ကန်မှုဗဟိုသည် ယဉ်ကျေးမှုသာ ဖြစ်သည်။ နိုင်ငံရေးမဟုတ်၊ လူမှုအဖွဲ့အစည်းတစ်ခု၏အောင်မြင်မှုကို ဤအချက်ဖြင့်သာ အဆုံး အဖြတ်ပေးသည်"

ဤမှတ်ချက် မှန်ကန်သလို ရှိပါသည်။ ယဉ်ကျေးမှုသည် အလွန်အရေးကြီး ပါသည်။ အလွန်တရာမှပင် အရေးကြီးသောအရာဖြစ်သည်။ ယဉ်ကျေးမှုက အရာ တော်တော်များများကို ပြောင်းလဲပစ်နိုင်သည်။ ယဉ်ကျေးမှုသည် ရှုပ်ထွေးသည် လည်းဖြစ်၏။ အချိန်တစ်ခုအတွင်း သက်ဆိုင်ရာတို့သည် ထင်ရှားကြပြီး မပြောင်းလဲ နိုင်ဟု ထင်ရလေ့ရှိသည်။ အချိန်တစ်ခုကြာလျှင် နိုင်ငံရေးနှင့် စီးပွားရေးတို့သည် 'အရွေ့'တစ်ခုကို ဖြစ်ပေါ်စေသည်။ ထိုသောအခါ သက်ဆိုင်ရာတို့၏ အရေးပါမှုများ မှာ အင်အားလျော့ပါးလာပြီး အခြားအရာတို့ကို နေရာပေးရတော့သည်။ တစ်ချိန်က အာရပ်ကမ္ဘာသည် ကုန်သွယ်ရေးနှင့် သိပ္ပံပညာတို့၏ ဗဟိုချက်မ ဖြစ်ခဲ့ဖူးသည်။ လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်က သူ၏အဓိကပို့ကုန်မှာ ရေနံမျှသာဖြစ်တော့ပြီး အစ္စလာမ်၏ အစွန်းရောက်ဝါဒလည်း ကြီးစိုးလာခဲ့သည်။ မည်သည့်ယဉ်ကျေးမှုက အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကို ရှင်းပြကြပါမည်နည်း။

ဘာကြောင့် အာရှသားများ၏ စီးပွားဝါဒ ယခုအခါ သိသာထင်ရှားလာရပါ သနည်း? ယခင်က အာရှတိုက်၏စီးပွားရေးသည် ရာစုနှစ်များစွာ မြေမြှုပ်ထားခြင်းခံ ခဲ့ရသလိုရှိသည်။ ရှင်းလင်းတင်ပြမှု၏ အစပိုင်းကြီးများတွင် နိုင်ငံများ၏ ဖွံ့စည်း

mgyoe.com

တည်ဆောက်မှုကို ညွှန်ပြကြသည်။ အာရှနိုင်ငံအများစုတွင် ဗဟိုမှချုပ်ကိုင်သော လမ်းစဉ်ရှိကြပြီး နိုင်ငံတော်မှ များများပြန်လည်မပေးဆပ်ရဘဲ အခွန်အကောက်များမှ ကြီးစွာရရှိခဲ့ကြသောကြောင့်ဟုဆိုသည်။ ၁၅ ရာစုမှ ၁၉ ရာစုတစ်လျှောက် အာရှမှ အုပ်စိုးသူအများစုမှာ ပုံစံတကျဖိနှိပ်အုပ်စိုးခဲ့ကြသည်။ ၁၅ ရာစုတွင် မွန်ဂိုအတော်များများ အိန္ဒိယသို့ တောင်ပိုင်းဒေသများမှ ရောက်ရှိလာကြသောအခါ ၎င်းတို့၏ အမိအရဆောင်ရွက်မှုတစ်ခုမှာ အခွန်အတုတ်များ ကြီးစွာကောက်ခံခြင်း၊ အရိုအသေခံခြင်း၊ နန်းတော်များနှင့် အဆောက်အဦများတည်ဆောက်ခြင်းနှင့် ခံတပ်များ တည်ဆောက်ခြင်းဖြစ်သည်။ အခြေခံအဆောက်အဦတည်ဆောက်မှု၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကုန်သွယ်ရေးများကိုမူ စိတ်မဝင်စားခဲ့ကြချေ။ (အက္ကဘာ၏ အုပ်စိုးချိန် ၁၅၅၆–၁၆၀၅ ကို ဥပမာ ကောင်းစွာပေးနိုင်သည်။)

အိန္ဒိယတောင်ဘက်တွင် အုပ်စိုးသော ဟိန္ဒူမင်းသားများမှာ ကောင်းလှသည် မဟုတ်၊ စီးပွားရေးသမားများက ငွေချေးငှားမှု အတိုးနှုန်းများပေါ်တွင် အလေးထားကြပြီး အာဏာရှင်ဆန်သော အုပ်စိုးသူများအောက်တွင် အခွန်အတုတ်ကြီးစွာတို့ကို ပေးခဲ့ကြရသည်။ မည်သူမျှကြွယ်ဝအောင် ဆောင်ရွက်နိုင်ရန် မက်လုံးများ မရှိခဲ့။

အရှေ့အလယ်ပိုင်းတွင်မူ ဗဟိုချုပ်ကိုင်မှုစနစ်သည် အတော်နောက်ကျမှ ရောက်လာခဲ့သည်။ မူလက တင်းကျပ်သော အုပ်စိုးမှုများ မရှိခဲ့သော်လည်း အော်တိုမန်အင်ပါယာ၏အောက်တွင် ကုန်သွယ်ရေး၊ စီးပွားရေး၊ တီထွင်မှုများ ပွင့်လင်းတိုးတက်ခဲ့သည်။ ကုန်ပစ္စည်းများ၊ အတွေးအခေါ်များနှင့် ပြည်သူများသည် နေရာအနှံ့ရောနှောလျက်ရှိနေကြသည်။ သို့သော်လည်း ၂၀ ရာစုတွင်မူ ခေတ်သစ်နိုင်ငံနှင့် အင်အားကြီးနိုင်ငံ တည်ဆောက်မှုတွင် ရလဒ်အနေဖြင့် အာဏာရှင်စနစ် အမြစ်တွယ်သွားပြီး စီးပွားရေး၊ နိုင်ငံရေးတွန့်ဆုတ်မှု ဖြစ်ခဲ့ရသည်။ နိုင်ငံသားများနှင့် ဆိုင်သော အဖွဲ့အစည်းများ အတော်ချည့်နဲ့သွားသည်။ သန်စွမ်းသောနိုင်ငံနှင့် ချည့်နဲ့သော လူမှုအဖွဲ့အစည်းများဖြင့် အာရပ်ကမ္ဘာသည် အခြားကမ္ဘာထက် များစွာ နောက်တန်းသို့ရောက်သွားပြီး အရာရာတိုင်းတွင် တိုးတက်မှုများနှင့် ကင်းကွာခဲ့ရပါသည်။

ဤသို့သော နိုင်ငံတော်၏ဗဟိုကြိုးကိုင်မှုစနစ်တစ်ရပ် ဥရောပတွင် ကောင်းစွာ မထွန်းကားပါသလဲ၊ အနောက်မဟုတ်သော နိုင်ငံတော်တော်များများတွင် ဤစနစ်က ကောင်းစွာကျယ်ပြန့်နေပါသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ခရစ်ယာန်ဘုရားကျောင်းများကြောင့်ဖြစ်သည်။ ဘုရားကျောင်းများသည် အဖွဲ့အစည်းတစ်ခုဖြစ်လာပြီး ဘုရင်များနှင့် အားပြိုင်မှုရှိခဲ့၏။ တစ်စိတ်တစ်ပိုင်းအနေဖြင့်မူ ဥရောပအထက်

mgyoe.com

mgyoe.com


သားများသည် လွှတ်လပ်မှုကို မြတ်နိုးကြပြီး မင်းဆွေမင်းမျိုးတို့၏ သက်ဦးဆံပိုင်ကို အလုံးစုံ ဦးမညွှတ်ကြချေ။ တချို့ကလည်း ပြောကြပါလိမ့်မည်၊ ပထဝီအနေအထား ကွာခြားသောကြောင့် ဖြစ်သည်ဟု။

ဥရောပသည် ကျယ်ပြန့်သော မြစ်ကြီးများ၊ မြင့်မားသော တောင်တန်းများ၊ ကြီးမားသောတောင်ကြားများနှင့် ခွဲခြားထားသည်။ မြေပုံသည် သဘာဝနယ်စည်းများကိုထုတ်လုပ်ပေးပြီး နိုင်ငံရေးအစုအဝေးများကို အရွယ်စုံ ဖြစ်ပေါ်စေသည်။ မြို့နိုင်ငံ၊ သမ္မတနိုင်ငံများ၊ အမျိုးသားနိုင်ငံများ၊ အင်ပါယာများအဖြစ် ကွဲပြားစေသည်။ ၁၅၀၀ ခုနှစ်၌ ဥရောပတွင် အရေအတွက် ၅၀၀ ကျော်သော နိုင်ငံများ၊ မြို့နိုင်ငံများ စသည်ဖြင့် ကွဲပြားများပြားစွာရှိခဲ့ဖူးသည်။ ဤသို့ ဖြန့်ကျက်မှုသည်ပင် လူ၊ အတွေးအခေါ်၊ အနုပညာ၊ ငွေ၊ လက်နက်စသည်တို့တွင် ယှဉ်ပြိုင်မှုများသည် မှန်မှန်ကြီးဖြစ်ပွားစေခဲ့၏။ လူတစ်ဦးသည် ညှဉ်းဖျင်းစွာအဆက်ဆံခံရမည်ဆိုပါက ထိုဒေသမှ ထွက်ခွာပြီး အခြားနေရာတစ်ခုတွင် အခြေချနေထိုင်နိုင်သည်။

အချိန်ကြာလာသည်နှင့်အမျှ ဤယှဉ်ပြိုင်မှုများက ဥရောပအား စစ်ပွဲများ ဖန်တီးရန်နှင့် ချမ်းသာအောင် ဆောင်ရွက်နိုင်သော ကျွမ်းကျင်မှုများ ပေးအပ်ခဲ့သည်။

အာရှမှာမူ ဆန့်ကျင်ဘက် ဖြစ်သည်။ အများစုမှာ မြေပြန့်ဖြစ်ပြီး ရုရှား၊ တရုတ်တို့၏ သဘာဝမြေအနေအထားမှာလည်း ဥရောပကဲ့သို့မဟုတ်ချေ။ စစ်တပ်များ အလွယ်တကူ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားနိုင်ကြပြီး ဆန့်ကျင်သူများကို ချေမှုန်းနိုင်သည်။ (တရုတ်ပြည်တွင် မဟာတံတိုင်းကို တည်ဆောက်ရခြင်းမှာ သဘာဝကပေးအပ်သော အတားအဆီးများကို အားမကိုးဘဲ တခြားသူများ ရုတ်တရက် ဝင်ရောက်ကျူးကျော်ခြင်းမပြုနိုင်ရန် ဖြစ်သည်။) ဤသို့သော သဘာဝမြေမျက်နှာပြင်က အုပ်စိုးသူများ အာဏာမြဲမြံစေရန်၊ ဗဟိုမှ ဦးစီးချုပ်ကိုင်မှု လွယ်ကူစေရန် အားပေးထားပြီး နှစ်ပေါင်း ရာနှင့်ချီ ကြာခဲ့ရပါသည်။

ဤအခန်း၏ရှေ့ပိုင်းတွင် ဖော်ပြထားသကဲ့သို့ ‘ကျန်’ ၏ ပင်လယ်ရေကြောင်းသွားလာမှုကို ‘မင်’ မင်းဆက်အရောက်တွင် ရပ်တံ့စေနိုင်ခဲ့ခြင်းကို စဉ်းစားနိုင်ပါသည်။ ရေကြောင်းခရီးဖြင့် စွန့်စားရှာဖွေခရီးကို ရပ်တန့်လိုက်ခြင်းသည် အတော်ပင် မှတ်သားစရာကောင်းသည့်အချက်ဖြစ်ပါသည်။ ဤသို့သော မူဝါဒများကို ဥရောပတွင် ကျင့်သုံးလေ့မရှိခဲ့၊ မည်သည့်ဘုရင်ကမျှ ဤသို့လုပ်ဆောင်နိုင်ရန် အင်အားစွမ်းရည် မရှိခဲ့ကြ။ တစ်ဦးတစ်လေရှိခဲ့သည်ဆိုလျှင်ပင် လူများနှင့် ကျွမ်းကျင်မှုများက အိမ်နီးနားချင်းသို့ အလွယ်တကူရောက်ရှိထွက်သွားကြမည်ဖြစ်သည်။ တရုတ်ပြည်တွင်မူ အင်ပါယာမင်းက ခေတ်ကို နောက်ပြန်လှည့်စေခဲ့သည်။

mgyoe.com

 mgyoe.com 

ဥရောပ၏ရေကြောင်းထိန်းသိမ်းရေးသည် အမြဲတစေကောင်းမွန်ခဲ့သည်။ မြစ်များက အနေအထားမှန်ဖြင့် စီးဆင်းကြပြီး ရေကြောင်းအချက်ပြ လွယ်ကူသော နေရာများမှ ဖြတ်စီးသည်။ 'ရိုင်း'မြစ်သည် ကျယ်ပြောပြီး ဖြည်းဖြည်းမှန်မှန် စီးဆင်းကာ စားသောက်ကုန်များထုတ်လုပ်ရန်နှင့် လူအများအတွက် အလွန်အသုံးဝင်သည်။ မြေထဲပင်လယ်ဒေသသည် တည်ငြိမ်၏။ ကြီးမားသောဆိပ်ကမ်းများရှိသည်။ အာဖရိကနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ ဒေသ၏ ဒုတိယအကြီးဆုံးတိုက်ကြီး ဖြစ်သော်လည်း အာဖရိကတွင် တိုတောင်းသော ကမ်းစပ်သာရှိသည်။ ရေတိမ်ပိုင်းဖြစ်၍ အဓိကကျသော သင်္ဘောဆိပ်ကြီးများ ဆောက်လုပ်ရန်မလွယ်ကူချေ။ အများစုသော မြစ်ကြီးများမှာမူ ရေစီးသန်ပြီး ရေကြောင်းအချက်ပြများ တည်ဆောက်ရန် မလွယ်ကူချေ။ အပူပိုင်းဒေသ၏ အပူချိန်၊ ရောဂါဖြစ်ပွားမှုနှုန်း၊ အစားအသောက်များ ပျက်စီးမှုများအရ အာဖရိကမှာ ပထဝီဒေသထဲမှ ဆွဲထုတ်ခံထားရသလို ဖြစ်သည်။ ဤအချက်သည် တစ်ခုတည်းသောအချက်မဟုတ်သော်လည်း အာဖရိကဒေသ ဆင်းရဲခြင်း၏ ထင်ရှားသော အချက်တစ်ချက်တော့ဖြစ်သည်။

ဤရှင်းလင်းချက်များသည် အကြောင်းတစ်စုံတစ်ရာကို ပြုပြင်ပြောင်းလဲမှု မပြုလုပ်နိုင်သော်လည်း တည်ဆောက်ပုံ၏အချက်အလက်များက လူမှုအဖွဲ့အစည်း တစ်ခု၏ ကောင်းခြင်း၊ ဆိုးခြင်းကို ဖြစ်ပေါ်စေနိုင်သော သက်ရောက်မှုရှိသည်ကို ပြဆိုပါသည်။ တစ်ခါတစ်ရံမှာတော့ အဆင်မပြေမှုများကို ကျော်လွှားနိုင်ခွင့် ရှိပါသည်။ ပထဝီအနေအထား၏ကွဲပြားချက်များရှိနေသော်လည်း ဥရောပသည် တစ်ချိန်တစ်ခါက နယ်မြေအင်ပါယာအကြီးဆုံးကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။ သမိုင်းတွင် အင်အားကြီးပြီး ကျော်ကြားခဲ့သော 'ရောမ'သည် တဖြည်းဖြည်း အောင်မြင်မှုများမှ မှေးမှိန်ကွယ်ပျောက်ခဲ့သည်။ တစ်ချိန်က နယ်မြေချဲ့ထွင်ပြီး အင်ပါယာကြီးကို ဗဟိုမှ ချုပ်ကိုင်ရန် ကြိုးစားခဲ့ဖူးသည်။ အရှေ့အလယ်ပိုင်းသည်လည်း ကြီးမားသော အင်ပါယာရှင်ကြီးဖြစ်ခဲ့ဖူးသည်။ မြေပြန့်ဖြစ်သော်လည်း တရုတ်တို့ ရာစုနှစ်များစွာ ကြီးကျယ်တိုးတက်ခဲ့ဖူးသည်။ အိန္ဒိယသည်လည်း ကြီးကျယ်မှုကို ခံစားခဲ့ရဖူးသည်။

အတိတ်ကို ပြန်ပြောင်းကြည့်လျှင် ဥရောပသည် မူလက သေးငယ်ပြီး စစ်ပွဲနှင့်ဆိုင်သော လက်နက်များ၊ နည်းပညာများနှင့် ပို၍ဆက်နွယ်မှုရှိနေသည်။ အချိန်တစ်ခုလွန်သည့်အခါ ဤအားသာချက်က သူတို့ကို 'ဆပွား' စေပြီး အင်အားများဖြစ်ပေါ်စေကာ အခြားနိုင်ငံများထက်ရှေ့ကို ပို၍ပို၍ ရောက်ရှိသွားစေသည်။

mgyoe.com

## အောင်နိုင်ခြင်းကိုဖျက်ဆီးရာ

ကျန်နိုင်ငံများနှင့် ဆက်သွယ်မှုသည် ဥရောပကို နှိုးဆွသည်။ ပင်လယ်ရေကြောင်းဒိုင်ရာ အသစ်တွေ့ရှိမှုများ၊ မြို့ပြယဉ်ကျေးမှုများ တိုးတက်လာခြင်း၊ တချို့သောသူများ၏ စွမ်းအင်လှုပ်ရှားလာမှု၊ အနောက်နိုင်ငံအပေါ် အစဉ်းအစားများ အပြောင်းအလဲဖြစ်လာသည်။ ဘယ်နေရာသွားသွား ဥရောပသားများသည် ဈေးကွက်၊ ပစ္စည်း၊ အခွင့်အလမ်းများကို တွေ့ရှိကြသည်။ ၁၇ ရာစုတွင် အနောက်နိုင်ငံများသည် အခြားသောဒေသများတွင် သူတို့၏ ဩဇာလွှမ်းမိုးမှု ပိုမိုလာခဲ့၏။ သူတို့ မထိတွေ့သေးသောနေရာဟူ၍ ကမ္ဘာပေါ်တွင် မရှိတော့၊ အတ္တလန္တိတ်မှသည် အလွန်ဝေးကွာသော အာဖရိက၊ အာရှဒေသများသို့အထိ သူတို့ တန်ခိုးဩဇာ ရောက်ရှိသည်။ ၁၈ ရာစုအကုန်တွင် ဩစတြေးလျနှင့် သေးငယ်သော တောင်ပစိဖိတ်ကျွန်းကလေးများသည်ပင် ဥရောပသားများ အသုံးချရာနေရာအဖြစ် မှတ်သားခြင်းခံခဲ့ရသည်။ ထိုမှ အလွန်ကွာဝေးသော အရှေ့ဘက်ရှိ တရုတ်နှင့်ဂျပန်တို့မှာ ထိုအချိန်ထိ ဥရောပသားများ၏ အရိပ်အာဝါသအောက်မှ ကင်းလွတ်ခဲ့သေးသော်လည်း ၁၉ ရာစုအလယ်တွင်မူကား အနောက်နိုင်ငံသားများ၏ သားကောင်အဖြစ် ကျရောက်ခဲ့ရပါသည်။ အနောက်ကမ္ဘာ၏ထွန်းသစ်မှုသည် ကမ္ဘာဆန်မှုဟူသော ဂလိုဘယ်လိုက်ဇေးရှင်း၏အစလည်း ဖြစ်လာသည်။ ဤသည်ကပင် ကမ္ဘာဆန်မှုကို အဓိပ္ပာယ်ဖြစ်စေသော၊ ပုံစံပြုသော၊ ကြီးစိုးခြင်းရှိသော အနောက်ကမ္ဘာ ဥရောပ၏ သွင်ပြင်လက္ခဏာလည်း ဖြစ်လာသည်။

အစဦးပိုင်း၌ ဥရောပသားတို့သည် ထုတ်ကုန်ပစ္စည်းများကို ရှာဖွေရန်သာဖြစ်ပြီး သူတို့ကမူ ဌာနေသို့ပြန်လာရန်ဖြစ်သည်။ ကုန်သွယ်မှုမှအပ ကျန်သောအချိန်များတွင် ထုတ်ကုန်များကို ရှာဖွေနိုင်ခဲ့ခြင်းက ဥရောပသားများကို လောဘတက်စေခဲ့သည်။ အာရှမှ ဟင်းခတ်အမွှေးအကြိုင်များ၊ အမေရိကားမှ သားမွေးများ၊ ဘရာဇီးမှ ရွှေနှင့်စိန်များကို သူတို့အိမ်အဖြစ် သယ်ဆောင်ကြသည်။ ထို့နောက်တွင်မူ သူတို့၏ ပါဝင်ပတ်သက်မှုများသည် ပို၍ အမြဲတစေပုံစံဖြစ်လာကြသည်။ သူတို့၏ စိတ်ဝင်စားမှုများက ကွဲပြားသည်။ ရာသီဥတုပေါ်တွင် မူတည်၍ ခြားနားသည်။

မျှတသော ရာသီဥတုရှိသည့်ဒေသများတွင် ဥရောပသားများ အခြေခံနေထိုင်တော့သည်။ အမေရိကားတောင်ပိုင်းနှင့် မြောက်ပိုင်းတို့မှာ ဖြစ်သည်။ ဥရောပပုံစံ လူမှုအဖွဲ့အစည်းပုံစံများအဖြစ် ဖန်တီးပစ်သည်။ သူတို့အဆိုအရ ဤသို့ ပြုပြင်ဖန်တီးခြင်းဖြင့် ဖြစ်ပေါ်လာသော ယဉ်ကျေးမှုအသစ်ကို 'ကမ္ဘာသစ်' ဟု ဆိုသည်။ အပူပိုင်းဒေသများဖြစ်သော အရှေ့တောင်အာရှနှင့် အာဖရိကများတွင် ကုန်းတွင်းပိုင်း၌

mgyee.com